# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး၊ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်ရေးကိုယ်တာ၊ ဦးထွန်းလွင်၊ကချင်(၉)၊ မိသားစုကျန်းမာရေး၊ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ မိသားစုလုပ်ငန်း၊ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး၊ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဖခင်ကွယ်လွန်၊ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေး၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်ဝင်း၊ မကွေး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးညိုထွန်း၊ရခိုင်(၁၁)၊ ကျန်းမာရေး၊ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကျန်းမာရေး၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး၊ ဦးညီညီထွန်း၊ မွန်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဆန်းရယ်၊ ကယား(၅)၊ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးတင်မြင့်၊ ပဲခူး(၃)၊ ဆေးရုံတက်၊ ဦးပေါလျှံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်း က ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဆည်ရေပေးဝေ သုံးစွဲမှု ထိရောက်အကျိုးရှိရှိ ကြီးကြပ်ဆောင်ရွက်ရေး ဆိုင်ရာနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဆည်ရေပေးဝေ သုံးစွဲမှု ထိရောက်အကျိုးရှိရှိ ကြီးကြပ်ဆောင်ရွက်ရေးဆိုင်ရာ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်မြေအတွင်း ထင်ရှားတဲ့ ရေလှောင်တမံကြီးအချို့မှ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဆက်စပ်ရေပေးဝေ သုံးစွဲမှုထိရောက် အကျိုးရှိရှိ ကြီးကြပ်ဆောင်ရွက်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မိုးကြို မိုးနှောင်းရာသီကာလများ အားလုံး ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးရွာသွန်းမှုမှာ နိုင်ငံနှင့်အဝန်း ပုံမှန်ထက် လွန်ကဲစွာ လျော့နည်းခဲ့ကြောင်း တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စိုက်ပျိုးသီးနှံများ လျော့နည်းစိုက်ပျိုးကြရခြင်း၊ အောင်မြင်ဖြစ်ထွန်းမှုများ သိသာစွာ ထိခိုက်ကျဆင်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိနေတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။ မိုးရွာသွန်းမှု လွန်စွာနည်းပါးမှုကြောင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ ရှိတဲ့ အသေးစား၊ အလတ်စား၊ အကြီးစား ရေလှောင်ကန် အားလုံးမှာ ရေဝင်ရောက်မှု နည်းပါးခြင်း တို့ကြောင့် သတ်မှတ်ရေပြည့် သို့မဟုတ် ကန်ရေပြည့်နီးပါး ရေမှတ်သို့ မရောက်ရှိကြသည်ကိုလည်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံ အပူပိုင်းဒေသကြီးများဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နယ်မြေအချို့တို့မှာ ရေလှောင်ကန်ကြီးများ ပုံမှန်ထက် လျော့နည်းဝင်ရောက်ခြင်း၊ လူထုသောက်သုံးရေကန်များ ခန်းခြောက်ခြင်း၊ စက်ရေတွင်းများ ထွက်ရှိမှုနှုန်း ဆုတ်ယုတ်လျော့ကျခြင်း၊ ယခင်နှစ်များက တစ်နှစ်ပတ်လုံး ရေစီးဆင်းနေတဲ့ ချောင်းများ၊ မြောင်းများ သိသိသာသာလျော့နည်းစီးဆင်းခြင်း၊ အတော်များများမှာ ခန်းခြောက်ခြင်း စသည်တို့ကို ကြုံတွေ့ကြရပါတယ်။ ကျွဲရေ၊ နွားရေများအတွက်ကိုပင် ဝေးလံခက်ခဲစွာ သယ်ယူအသုံးပြုနေရကြောင်း လေ့လာသိရှိရပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများ၊ ရေလွှဲ ဆည် များ၊ ဆည်ရေသောက်ဧရိယာအချို့တို့ကိုလည်း ရောက်ရှိလေ့လာတွေ့ရှိချက်များအရ ဆည်ရေ ပေးဝေသူ ဆည်မြောင်းဦးစီးဌာန ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းများနဲ့ ဆည်ရေသုံးစွဲသူ တောင်သူလယ်သမားများအပါအဝင် ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်တို့ရဲ့ ရေစီမံခန့်ခွဲသုံးစွဲမှုများကို စနစ်တကျ ရှိရန် အဓိကလိုအပ်တယ်လို့ ယူဆပါတယ်။ ကျွန်တော့်အနေနဲ့ နေထိုင်ရာဒေသနဲ့ ဆက်စပ်ထိတွေ့နေတဲ့ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းမြို့နယ် အတွင်းမှာရှိတဲ့ ဆည်ရေသောက်စနစ်များမှာ ကျင့်သုံး

လျက်ရှိနေတဲ့ ဆည်ရေရယူသုံးစွဲမှုများ၊ စိုက်ပျိုးလုပ်ကိုင်နေမှုများကို အခြေခံပြီး ဆွေးနွေးမေးမြန်း ရခြင်း ဖြစ်ပါတယ်။

လက်ရှိဖြစ်ပေါ်ကြုံတွေ့နေရသည်မှာလည်းပဲ သီးနှံများအတွက် အမှန်လိုအပ်ချက်ထက် များစွာ ဆည်ရေပေးဝေရခြင်းနှင့် ရေပေးဝေခြင်း၊ ရယူခြင်းဆိုင်ရာ ကြီးကြပ်မှု အားနည်းခြင်းကို လည်းပဲ တွေ့ရှိနေရခြင်း၊ ဆည်ရေပေးဝေရာသီကာလမှာ (၂၄)နာရီ ကာလပတ်လုံး ထုတ်လုပ်ပေးနေ သော်လည်း ပေးဝေသူနှင့် သုံးစွဲသူတို့အကြား အံဝင်ခွင်ကျမှုမရှိဘဲ လေလွင့်ဆုံးရှုံးမှုများ၊ ပေးဝေ ပမာဏနှင့် လေလွင့်ဆုံးရှုံးမှုပမာဏ ဆတူခန့်ရှိမယ်လို့ ခန့်မှန်းနိုင်ခြင်း စသည်တို့အပေါ်မှာ ယခုနှစ် ကဲ့သို့ ရေရှားပါးရာသီမှာ လွန်စွာတန်ဖိုးရှိလှတဲ့ ရေများကို ထိရောက်အကျိုးရှိရှိ သုံးစွဲစေလိုတဲ့ စိတ်ရင်းစေတနာအမှန်ဖြင့် သုံးသပ်တင်ပြခြင်းလည်း ဖြစ်ပါတယ်။ ယခုကဲ့သို့ မိုးရွာသွန်းမှု ပုံမှန် မဟုတ်တဲ့အချိန်မှာ ဒေသခံတောင်သူလယ်သမားများဟာ သဘာဝမိုးရေကို မျှော်ကိုးပြီး စိုက်ပျိုး လုပ်ကိုင်မှု၊ ဆည်မြောင်း၊ ကန်၊ ချောင်းရေများကို တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်မှုတို့အတွက် လက်တွေ့ဆောင်ရွက်ရာမှာ ရေကို လေလွင့် ဆုံးရှုံးမှုမရှိစေဘဲ သို့မဟုတ် အနည်းဆုံး ဆုံးရှုံးမှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချရန် လိုအပ်ကြောင်းလည်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နားလည်သိရှိသမျှ ဆွေးနွေးရပါလျှင် လယ်/ဆည်ဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန စသည်တို့တွင် ဆည်ရေ သောက်ဧရိယာများမှာ လျာထားစိုက်ပျိုးသီးနှံ အမျိုးအစားအလိုက်၊ စိုက်ပျိုးမြေအမျိုးအစားအလိုက် မိုးရေ ရရှိနိုင်စွမ်းတို့ကိုပါ စဉ်းစား၍ သီးနှံရေလိုအပ်ချက်ကို တွက်ချက်စီမံကိန်းချမှတ်ကြတယ်လို့ ယူဆပါတယ်။ ဥပမာ - မိုးစပါး၊ နွေစပါး တစ်ဧကစိုက်ပျိုးနိုင်မှုအတွက် ပျိုးထောင်သည်မှ သီးနှံ ရင့်မှည့် ဘောင်ခတ်ရေထုတ်ချိန် အဆင့်ဆင့်အထိ ရေလိုအပ်ချက်၊ ချည်မျှင်ရှည်ဝါ၊ ကြံသီးနှံ၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း တစ်ဧကစိုက်ပျိုးနိုင်မှုအတွက် အလားတူ ရေလိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားပြီး ဆည်ရေပေးဝေမှုကာလ သတ်မှတ်ချက်၊ ဆည်ရေများကို တူးမြောင်းများအလိုက် ရေထုထည် စီးဆင်းမှု သို့မဟုတ် ရေသယ်ဆောင်နိုင်စွမ်းအားအတွင်း ထုတ်လွှင့်ပေးဝေကြောင်း သိရှိရပါတယ်။ မြန်မာ နိုင်ငံရဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေး ရည်မှန်းချက်များမှာ နိုင်ငံလူဦးရေ အများစု ဖြစ်ကြတဲ့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ရေးဟာ အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ ဤသို့လုပ်ဆောင်ရာမှာ စိုက်ပျိုး သီးနှံအောင်မြင်ဖြစ်ထွန်းစေဖို့ ဆည်ကန်များ တည်ရှိပြီး ဒေသများအတွင်း ဆည်ရေသောက်စနစ်ကို ပီပီပြင်ပြင် ရေစီမံခန့်ခွဲမှု လုပ်ဆောင်သွားရန် အဓိက အရေးကြီးတယ်လို့ သုံးသပ်လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်ရေကို နှစ်ဆယ့်လေးနာရီပတ်လုံး သတ်မှတ် ရေပေးဝေမှုကာလအတွင်း ထုတ်လွှတ်ပေးရုံနှင့် လုပ်ငန်းမပြီးစီးသေးဘဲ မူလသီးနှံအလိုက် ရေလိုအပ် ချက်ကို လိုက်နာရေပေးဝေခြင်း၊ ရေလက်ခံရယူခြင်းတို့ကို လုပ်ဆောင်ကြရန် လိုအပ်မှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လက်ရှိ ဖြစ်ပေါ်လျက်ရှိနေတဲ့ မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေများကို လက်တွေ့သုံးစွဲရာမှာ ရေကိုသုံးစွဲသင့်တဲ့ ပမာဏကိုသာ သုံးစွဲကြရန်လိုအပ်ပါတယ်။ တောင်သူ လယ်သမားများအနေဖြင့်လည်း မိမိတို့ ခွင့်ပြုထားတဲ့ ရေပေးဝေရက်များအတိုင်း နေ့၊ ည စောင့်ဆိုင်း

ရခြင်းမပြုလို့ ရေလေလွင့်ဆုံးရှုံးမှုများ အလွန်များပြားနေကြောင်း၊ ဆည်ရေသွင်း စိုက်ဧကများ လျော့နည်းရခြင်း၊ မြောင်းအရင်းပိုင်း တောင်သူများသည်သာ ထပ်ကာ ထပ်ကာ ဆည်ရေ ရယူသုံးစွဲခြင်းကြောင့် ဆည်မြောင်းရေ ပေးဝေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရန် တာဝန်ကိုယ်စီ ရှိကြတယ်လို့ တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းမှာရှိတဲ့ ရေဆင်းရေလှောင်တမံ၊ ဥတ္တရသီရိမြို့နယ်အတွင်းမှာ ရှိတဲ့ ငလိုက်ရေလှောင်တမံနဲ့ တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဆင်သေရေလှောင်တမံမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ရေပေးဝေသုံးစွဲမှု ထိရောက်အကျိုးရှိရှိ ကြိုးကြပ်ဆောင်ရွက်ရေးဆိုင်ရာ အောက်ဖော်ပြပါ မေးခွန်းများကို မဲဆန္ဒရှင်များ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ (၁) ရေဆင်းဆည်၊ ငလိုက်ဆည်၊ ဆင်သေဆည်များအလိုက် ၂၀၀၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၀)နှစ်အတွင်း အောက်ပါ တစ်နှစ်ပျမ်းမျှ အချက်အလက်များကို သိရှိလိုပါတယ်။ (က) မိုးရေချိန်လက်မ၊ (ခ) ရေလှောင်ကန်အတွင်းစီးဝင်ရေဧကပေ၊ (ဂ) သီးနှံအတွက် သုံးစွဲရေဧကပေ၊ (ဃ) ကန်အတွင်း အငွေ့ပျံပမာဏ ဧကပေ၊ (င) အခြား လေလွင့်ဆုံးရှုံးမှုများ ဧကပေ၊ (စ) ဆည်ရေပေးနိုင်သည့် ဧရိယာဧကပေ၊ (ဆ) ရေပေးဝေခဲ့သည့် ဧရိယာဧက၊ (ဇ) သီးနှံစိုက်ဧရိယာ ဧက၊ (ဈ) ဆည်ရေဖြင့် မိုးစပါး၊ နွေစပါး၊ ကြံသီးနှံ၊ အခြားသီးနှံများ စိုက်ပျိုးဧရိယာဧက၊ (ည) သီးနှံအမျိုးအစားအလိုက် တစ်ဧကအတွက် ဆည်ရေပေးဝေသုံးစွဲမှုပေ။

ဆက်လက်ပြီး မေးမြန်းလိုတာကတော့ (၂) ဆည်ရေသောက် စနစ်အတွင်းမှာ ဆည်ရေထုတ်လွှတ်ပေးရာတွင် တူးမြောင်းများအလိုက်၊ ရေထုတ်ပြွန်များအလိုက် ရေပေးဝေ အချိန်ဇယားကြိုတင်ထုတ်ပြန်ပေးခြင်း ရှိ/မရှိနဲ့ နေ့၊ ည ပိုင်းများအတွင်း အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူအဆင့်ဆင့်က ရေလေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ရယူနိုင်ရန်ကြီးကြပ်ကွပ်ကဲမှု ရှိ/မရှိ သိရှိလိုပါတယ်။ (၃) ဆည်မြောင်းဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်စွာ အရေးယူခြင်း ရှိ/မရှိ သိရှိလိုပါတယ်။ (၄) သီးနှံအမျိုးအစားအလိုက် တစ်ဧကလိုအပ်ချက်ကို သတ်မှတ်ရာမှာ မူလစီမံကိန်းချမှတ်ခဲ့စဉ်က ပါရှိစံနှုန်းများနှင့် ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လယ်/ဆည် ဝန်ကြီးဌာနမှာ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းများအတွင်း ညှိနှိုင်းကျင့်သုံးစံနှုန်းများရှိပါက နှိုင်းယှဉ်ဖော်ပြချက်နှင့် ကွာခြားသတ်မှတ်ရခြင်းအကြောင်း ရှင်းလင်းချက်တို့ကို သိရှိလိုပါသဖြင့် မေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စိုက်ပျိုးစရိတ် ချေးငွေများ မြို့နယ်လုံးကျွတ်၊ ရွာလုံးကျွတ်ကျေမှ ထုတ်ချေးမည့်အစား စိုက်ပျိုးစရိတ် ထုတ်ချေးချိန် ရောက်ပါက ကျေပြီးသူများကို ဦးစားပေး ထုတ်ချေးပေးနိုင်ရန် နှင့် စိုက်ပျိုးစရိတ် ချေးငွေများကို သီးနှံများ မစိုက်ပျိုးမီ တောင်သူများ လက်ဝယ်သို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမှတ်ကြီး က စိုက်ပျိုးစရိတ် ချေးငွေများ မြို့နယ်လုံးကျွတ်၊ ရွာလုံးကျွတ်ကျေမှ ထုတ်ချေးမည့် အစား စိုက်ပျိုးစရိတ် ထုတ်ချေးချိန် ရောက်ပါက ကျေပြီးသူများကို ဦးစားပေး ထုတ်ချေးပေးနိုင်ရန် နှင့် စိုက်ပျိုးစရိတ်

ဈေးငွေများကို သီးနှံများ မစိုက်ပျိုးမီ တောင်သူများ လက်ဝယ်သို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ပြီးတော့ တောင်သူများကို နှစ်စဉ်သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးလျက်ရှိပါတယ်။ ကာလစေ့၍ ပြန်လည်ပေးဆပ်တဲ့အခါမှာ အကျေအလည်ပေးဆပ်နိုင်သူများ ရှိသကဲ့သို့ မပေးဆပ်နိုင်သူများလည်း ရှိတတ်ကြပါတယ်။ အားလုံးကျေမှ အသစ်ပြန်လည် ချေး ပေးခြင်း မဟုတ်ဘဲနဲ့ ကျေသူကို ကျေသလို အမြန်ဆုံး ထုတ်ချေးပေးသင့်ကြောင်းနှင့် မကျေသူများကိုလည်း ကျေအောင်ကြိုးစားကြရန် လိုအပ်မှာ ဖြစ်ပါတယ်။

ကျေပြီးသူများကလည်း ကျေရကျိုးနပ်မည် ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဒီမေးခွန်းကို ရမည်းသင်းမြို့နယ် ရပ်မိရပ်ဖတစ်ဦးရဲ့ကိုယ်စား၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ကိုယ်စား ကျွန်တော် ဦးမှတ်ကြီး ကနေပြီး အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။
(က) စိုက်ပျိုးစရိတ်ချေးငွေများ မြို့နယ်လုံးကျွတ်၊ ရွာလုံးကျွတ်ကျေမှ ထုတ်ချေးမယ့်အစား စိုက်ပျိုးစရိတ် ထုတ်ချေးချိန် ရောက်ပါက ကျေပြီးသူများကို ဦးစားပေး ထုတ်ချေးပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊
(ခ) စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံများ မစိုက်ပျိုးမီ တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးမှ မေးမြန်းတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် ပထမမေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ၏ မေးမြန်းတဲ့ ရေဆင်းရေလှောင်တမံ၊ ငလိုက်ရေလှောင်တမံနဲ့ ဆင်သေရေလှောင်တမံတို့မှ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဆည်ရေပေးဝေသုံးစွဲမှု ထိရောက်စွာ အကျိုးရှိရှိ ကြီးကြပ်ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီးတော့ မေးမြန်းထားတဲ့ မေးခွန်းအပေါ် ကျွန်တော်ပထမ ပြန်လည်ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ် ခင်ဗျ။

မြန်မာနိုင်ငံမှာ ဆောင်ရွက်လျက်ရှိသော ဆည်ရေပေးဝေမှုစနစ်မှာ မြေပေါ် ရေပေးမြောင်းစနစ် (Gravity Surface Irrigation System) ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၌ အကောင်အထည်ဖော် တည်ဆောက်ခဲ့သော မြေပေါ်ရေပေးမြောင်းစနစ်များ၏ ရေအသုံးချခြင်း ထိရောက်မှုကိန်း (Irrigation Efficiency)မှာ အအောင်မြင်ဆုံး စီမံကိန်းတွင်ပင် (၅၀)ရာခိုင်နှုန်း သာရှိကြောင်း သိရပါတယ်။ ဆိုလိုသည်မှာ ရေလှောင်တမံမှရေ (၁၀၀)ကုဗပေ လွှတ်ပေးပါက (၅၀)ကုဗပေသာ လယ်မြေများအတွင်းသို့ ရောက်ရှိပါတယ်။ မြေပေါ်ရေပေးမြောင်းစနစ်၏ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော ရေအသုံးချခြင်း ထိရောက်မှုကိန်းမှာ ပျမ်းမျှ(၄၀)ရာခိုင်နှုန်းသာ ရှိပါတယ်။ ရေပန်းစနစ်ဖြင့် ရေပေးဝေခြင်း (Sprinkler Irrigation System) ဖြင့် ရေပေးဝေပါက ရေအသုံးချခြင်း ထိရောက်မှုကိန်း (၇၀)ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ပါတယ်။ သို့သော် ကုန်ကျစရိတ် မြင့်မားလာမည် ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် တူးမြောင်းစနစ်ဖြင့် ရေပေးဝေလျက်ရှိရာတွင် (၂၄)နာရီ ရေပေးဝေခြင်းစနစ်ကို လက်ရှိကျင့်သုံးလျက်ရှိပါတယ်။ ညအချိန်၌ပါ ရေပေးဝေခြင်း ဖြစ်သဖြင့် ရေစီမံခန့်ခွဲမှု လျော့နည်းသည်နဲ့အမျှ ရေအသုံးချခြင်းထိရောက်မှုကိန်း လျော့နည်းမှုရှိပါတယ်။ ထိုသို့ ရေပေးဝေခြင်းအတွက် ရှည်လျားသော တူးမြောင်းများတွင် ကြားခံ ယာယီရေလှောင်ကန် (Temporary Storage Pond) များတည်ဆောက်နိုင်ပါက ထိရောက်အဆင်ပြေမှု ရှိနိုင်ပါတယ်။ စိုက်ပျိုးရေပေးဝေသော စနစ်များ၌ ရေအသုံးချသူများအသင်း(Water User Association) များကို စနစ်တကျ ဖွဲ့စည်းပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါတယ်။ ရေအသုံးချသူများ ကိုယ်တိုင်စိုက်ပျိုးရေပေးဝေခြင်း၊ တူးမြောင်းနှင့် ရေပေး အဆောက်အအုံများ ပြုပြင်ခြင်းနှင့် ရေလှည့်ဇယားရေးဆွဲခြင်း လုပ်ငန်းတို့၌ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်မှသာ စီမံကိန်း၏ ရေအသုံးချခြင်းထိရောက်မှုကိန်း တက်လာပြီး ရေအလေအလွင့် နည်းပါးလာမည်ဖြစ်ပါတယ်။

ရေပေးမြောင်းများမှာ များသောအားဖြင့် မြေသားမြောင်းများဖြစ်၍ ရေပေးမြောင်းများ၏ မြေအမျိုးအစား၊ ရေပေးမြောင်းအရှည်၊ သီးနှံစိုက်ပျိုးမြေများ၏ မြေအမျိုးအစားများနှင့် မြေယာပြုပြင်ထားရှိမှုတို့ အပေါ်မူတည်၍ ရေပေးဝေမှုနှုန်းတိုးခြင်း၊ လျော့ခြင်းနှင့် ရေလေလွင့်ဆုံးရှုံးမှု အနည်းအများ ဖြစ်လာနိုင်ပါတယ်။ ဆည်ရေသိုလှောင်မှုပမာဏကို အခြေခံ၍ စိုက်ပျိုးသီးနှံ လျာထားချက်ကို စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့မှ လျာထားသတ်မှတ်စိုက်ပျိုးလေ့ ရှိပါတယ်။ အမှန်တကယ် စိုက်ပျိုးရာတွင် သီးနှံအမျိုးအစားအလိုက် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်မှုနှင့် စိုက်ချိန်ညီညွတ်မှု ရှိသဖြင့် ရေပေးဝေရာတွင် အဆင်ပြေမှုရှိပြီး ရေသုံးစွဲရမှု သက်သာသကဲ့သို့ တစ်ကွင်းတစ်စပ်တည်းတွင်

သီးနှံစုံ စိုက်ပျိုးခြင်း၊ သီးနှံတူ ဖြစ်လင့်ကစား စိုက်ချိန်နှင့် စိုက်ပျိုးသည့်နေရာ ကွာခြားမှုများရှိခြင်း တို့ကြောင့် ရေပေးဝေရာတွင် အဆင်မပြေမှုနှင့် မလိုအပ်ဘဲ ရေပိုမိုသုံးစွဲရမှုများ ဖြစ်ပေါ်တတ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ရေဆင်းရေလှောင်တမံ၊ ငလိုက် ရေလှောင်တမံနှင့် ဆင်သေရေလှောင်တမံများမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဆည်ရေပေးဝေ သုံးစွဲမှု ထိရောက်အကျိုးရှိစေရန် ကြီးကြပ်ဆောင်ရွက်ရေးဆိုင်ရာ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး သိရှိလိုသော ရေဆင်းရေလှောင် တမံ၊ ငလိုက်ရေလှောင်တမံနှင့် ဆင်သေရေလှောင်တမံတို့၏ ၂၀၀၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ (၁၀)နှစ် အတွက် သိရှိလိုသည့် အချက်အလက်များ ဖြစ်တဲ့ မိုးရေချိန်လက်မ၊ ရေလှောင်တမံအတွင်း စီးဝင်ရေ၊ သီးနှံအတွက် သုံးစွဲရေ၊ ကန်အတွင်း အငွေ့ပျံပမာဏ၊ အခြားလေလွင့်ဆုံးရှုံးမှုပမာဏများ၊ ဆည်ရေ ပေးဝေနိုင်ခဲ့သည့်ဧရိယာ၊ ဆည်ရေပေးဝေခဲ့သည့် ဧရိယာ၊ သီးနှံစိုက်ဧရိယာ ဆည်ရေဖြင့် မိုးစပါး၊ နွေစပါး၊ ကြံသီးနှံ၊ အခြားသီးနှံများ စိုက်ပျိုးဧရိယာ၊ သီးနှံအမျိုးအစားအလိုက် တစ်ဧကအတွက် ဆည်ရေပေးဝေသုံးစွဲမှု စသော အချက်အလက်များကို လူကြီးမင်းထံသို့ လေ့လာနိုင်ရန် လက်ဝယ် အရောက် ပေးပို့ထားပြီး ဖြစ်ပါတယ်။ (၁၀) နှစ်ကာလအတွင်း စိစစ်ချက်အရ ရေဆင်းရေလှောင်တမံ ဆည်ရေအနေဖြင့် မိုးစပါး တစ်ဧကအတွက် ပျမ်းမျှ (၁.၃)ပေ၊ နွေစပါး တစ်ဧကအတွက် ပျမ်းမျှ (၄.၅)ပေကိုလည်းကောင်း၊ ငလိုက်ရေလှောင်တမံ ဆည်ရေဖြင့် မိုးစပါးတစ်ဧကအတွက် ပျမ်းမျှ (၁.၈၇)ပေနှင့် နွေစပါးတစ်ဧကအတွက် ပျမ်းမျှ(၄.၁၆)ပေကို လည်းကောင်း၊ ရေဆင်းရေလှောင်တမံ ဆည်ရေဖြင့် မိုးစပါးတစ်ဧကအတွက် ပျမ်းမျှ (၂)ပေနှင့် နွေစပါးတစ်ဧကအတွက် ပျမ်းမျှ (၄.၇)ပေကို လည်းကောင်း ပေးဝေခဲ့ပါတယ်။ မိုးစပါးအတွက် ပေးဝေရေများမှာ ပျိုးထောင်ရေအတွက်သာဖြစ်ပြီး ကြားဖြတ်ရေနှင့် အောင်ရေကို မိုးရေမှ ရယူစိုက်ပျိုးပါတယ်။ မိုးနှောင်းခေါင်သည့်နှစ်များတွင် မိုးစပါးအောင်ရေကို ပေးဝေ ရပါတယ်။ နွေစပါးသီးနှံအတွက် ပေးဝေရေကို နွေစပါးသီးနှံအတွက် သတ်မှတ်ထားသည့် လိုအပ်ချက်အတိုင်း ပြည့်မီစွာ ပေးဝေနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်ရေသောက်စနစ်အတွင်း ဆည်ရေထုတ်လွှတ်ပေးရာတွင် တူးမြောင်း အလိုက် ရေပေးဝေသည့် အချိန်ဇယား ကြိုတင်ထုတ်ပြန် အသိပေးဆောင်ရွက်လျက်ရှိပါတယ်။ ဆည်ရေသောက်ဧရိယာအတွင်း တူးမြောင်းများ၏ သင့်တော်သောနေရာများတွင် ရေစတင် ပေးဝေ မည့် နေ့ရက်များကို ကြော်ငြာဆိုင်းဘုတ်များကပ်၍ တောင်သူလယ်သမားများ သိရှိနိုင်ရန် ဆောင်ရွက် ထားရှိပါတယ်။ ဆည်ကန်အတွင်းရှိ လက်ကျန်ရေပမာဏပေါ်မူတည်၍ ရေပေးဝေနိုင်မည့် ပမာဏကို ဒေသအာဏာပိုင်များထံ ကြိုတင်အသိပေးခြင်းကိုလည်း အခါအားလျော်စွာ ဆောင်ရွက်လျက် ရှိပါတယ်။ တာဝန်ကျ ဆည်မြောင်းဝန်ထမ်းများအနေဖြင့် တူးမြောင်းများမှ ရေပေးဝေမည့် စိုက်ပျိုး ဧရိယာအပေါ်မူတည်၍ တူးမြောင်းအတွင်း ရေလွှတ်ပမာဏကို သတ်မှတ်ပြီး ရေပေးဝေမှုကို ဆောင်ရွက်ပါတယ်။ ရေယူမှု နည်းလမ်းမှန်ကန်စေရန်အတွက် တူးမြောင်းအလိုက် လိုအပ်လျှင် ရေလှည့်စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ရေဆင်း၊ ငလိုက်၊ ဆင်သေရေလှောင်တမံများ၏ ရေသောက်ဧရိယာများ၌ ရေပေးဝေရာတွင် ရေအလေအလွင့် နည်းပါးပြီး ရေ ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် တောင်သူမိတ်ဖက် (Farmer Friends) များကို ရေဆင်းရေလှောင်တမံတွင် (၆)ဦး၊ ငလိုက်ရေလှောင်တမံတွင်(၁၀)ဦးနှင့် ဆင်သေရေလှောင်တမံတွင် (၇)ဦးတို့ကို ခန့်အပ်တာဝန်

ပေးထားပြီး ဆည်မြောင်းဝန်ထမ်းများနှင့် ပူးပေါင်းကာ ရေစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆည်ရေပေးဝေရာတွင် ရေလေလွင့်မှု နည်းပါးပြီး ရေကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ဆည်မြောင်းဝန်ထမ်းများနှင့်တကွ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်မှာ အထူးလိုအပ်လျက်ရှိပါတယ်။ ဆည်မြောင်းဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများအား တည်ဆဲဥပဒေများအရ အရေးယူခြင်းများ ရှိပါတယ်။ တူးမြောင်းများ သို့မဟုတ် ရေနုတ်မြောင်းများကို ဖျက်ဆီးခြင်း၊ ပြောင်းလဲဖောက်လုပ်ခြင်း၊ ချဲ့ထွင်ခြင်း အပါအဝင် အခြားပြစ်မှုကျူးလွန်မှုများကို အရေးယူရန် ပုဒ်မ ၇၅ ဖြင့်လည်းကောင်း၊ တူးမြောင်းအတွင်း ငါးဖမ်းခြင်းနှင့် ပတ်သက်ပြီး ပုဒ်မ ၇၈ ဖြင့် လည်းကောင်း အရေးယူဆောင်ရွက်နိုင်ရန် ဥပဒေ ပြဋ္ဌာန်းချက်များ ထုတ်ပြန်ထားရှိပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း ရေဆင်းရေလှောင်တမံတွင် ဆည်မြောင်းဥပဒေအရ အရေးယူသည့် အမှု(၈)မှု၊ ငလိုက်ရေလှောင်တမံတွင် (၁၄)မှုနှင့် ဆင်သေရေလှောင်တမံတွင် (၄)မှု ရှိခဲ့ပါတယ်။ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းရေလှောင်တမံ၏ လက်ယာ(၂) ရေပေးမြောင်းနယ်နိမိတ် ဧရိယာအတွင်း လူနေအိမ်များ ဝင်ရောက်ဆောက်လုပ် နေထိုင်ခဲ့သဖြင့် ဦးမောင်မောင် အပါအဝင်(၈)ဦးကို ဆည်မြောင်းဥပဒေအရ အရေးယူပြီး ၂၅-၂-၂၀၁၁ ရက်နေ့တွင် မြို့နယ်တရားရုံး၌ တရားစွဲဆိုပြီး ဖျက်သိမ်းဖယ်ရှားခဲ့ပါတယ်။

ထို့နည်းတူ ငလိုက်ရေလှောင်တမံ၏ လက်တံ(၇)၊ ပေတိုင်(၇၁၇၀)ပေအတွင်း လူနေအိမ်များ ကျူးကျော်ဆောက်လုပ် နေထိုင်ခဲ့သဖြင့် ၁၈-၃-၂၀၁၁ ရက်နေ့တွင် မြို့နယ်တရားရုံး၌ တရားစွဲဆိုပြီး ဖျက်သိမ်းဖယ်ရှားခဲ့ပါတယ်။ ဆင်သေရေလှောင်တမံ လက်ဝဲမြောင်း DO.2 မြောင်းတွင် နွားစားကျက်ချခြင်းကြောင့် တပ်ကုန်းမြို့နယ်၊ မွေးနံကုန်းကျေးရွာမှ ဦးမြင့်အောင် ကိုလည်းကောင်း၊ ဆင်သေလက်ဝဲ မြောင်းပေါ်တွင် နွားလှည်းမောင်းခြင်း၊ နွားစားကျက်ချခြင်းတို့ကြောင့် တပ်ကုန်းမြို့နယ်၊ အုန်းသျှစ်ကုန်းကျေးရွာနေ ဦးဝင်းဘို၊ ကန်လှကျေးရွာနေ ဦးကျော်ဝင်းနှင့် ကရင်အောင်းကျေးရွာနေ ဦးကုလားတို့ကို ၂၀၁၂ ခုနှစ်အတွင်း အရေးယူမှုများ ရှိခဲ့ပါတယ်။ ရေဆင်း ရေလှောင်တမံ၊ ငလိုက်ရေလှောင်တမံနှင့် ဆင်သေရေလှောင်တမံတို့အနက် ရေဆင်းရေလှောင်တမံနှင့် ဆင်သေရေလှောင်တမံတို့ကို မူလစီမံကိန်းအကောင်အထည်ဖော်စဉ်ကပင် စပါးသီးနှံအတွက် ရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ မိုးစပါးစိုက်ပျိုးရေကို သတ်မှတ်လျာထားချက်အတိုင်း ရေပေးဝေနိုင်ခဲ့ပါတယ်။ အဆိုပါရေလှောင်တမံ(၂)ခုမှာ ယခုကာလအထိ စပါးသီးနှံအတွက်သာ မိုးစပါး၊ နွေစပါး စိုက်ပျိုးရေ ပေးဝေနေခဲ့ခြင်း ဖြစ်ပါတယ်။ သီးနှံအမျိုးအစား ပြောင်းလဲခြင်း မရှိသဖြင့် စပါးအတွက် သတ်မှတ်ထားသည့် စံနှုန်းအတိုင်း ပေးဝေနေဆဲ ဖြစ်ပါတယ်။ ငလိုက်ရေလှောင်တမံမှာ မူလစီမံကိန်း စတင်စဉ်က ပျဉ်းမနား၊ သကြားစက် ကုန်ကြမ်းအဖြစ် စိုက်ပျိုးသည့် ကြံသီးနှံအတွက် စိုက်ပျိုးရေ ပေးဝေရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သော်လည်း ယခု လက်ရှိအချိန်တွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု ရှိခြင်းကြောင့် စပါးသီးနှံအတွက် ရေပေးဝေသည့် စံနှုန်းအတိုင်း ပေးဝေလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံသိရှိလိုသော အချက်အလက်များ ရှိပါကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ

ဦးစီးဌာနအသီးသီးသို့ ကိုယ်တိုင်လာရောက် ထိတွေ့ဆွေးနွေးလေ့လာနိုင်ပါကြောင်းလည်း ထပ်လောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးမြန်းချက်ဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ၏ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက် ဖြေကြားပါ့မယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေ အခန်း (၆) ပုဒ်မ ၂၉ တွင် ဘဏ်က ထုတ်ပေးခဲ့သော မည်သည့်ချေးငွေမျိုးကို မဆို ချေးယူသူက အချိန်နှင့် မှန်မှန် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှင် ဘဏ်တွင် ယင်းပျက်ကွက်သူအား ချေးငွေသစ်များ ထုတ်ပေး ခြင်းကို ရပ်ဆိုင်းရမည် ဟု ဖော်ပြပါရှိပါတယ်။ ၂၀၁၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးလျက်ရှိရာ ရွာလုံးကျွတ်ပြေကျေသည့် ကျေးရွာအုပ်စုများကို ဦးစားပေးထုတ်ချေးပါတယ်။ ရွာလုံးကျွတ်မပြေကျေသေးသည့် ကျေးရွာအုပ်စုများတွင် ချေးငွေ အကျေပေးဆပ်ပြီးသည့် တောင်သူ လယ်သမားများကို အစုအဖွဲ့အလိုက် ဆက်လက်ထုတ်ချေးသွားမည် ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ မိုးချေးငွေကို ၅-၇-၂၀၁၃ ရက်နေ့အထိ မြို့နယ်ပေါင်း (၂၂၄)မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း (၃၀၈၀)၊ တောင်သူပေါင်း(၃၈၇၂၄၃)ဦးအား ချေးငွေ စုစုပေါင်း (၁၈၇.၉၃)ဘီလီယံ ထုတ်ချေးပေးပြီး ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးနိုင်ရေးအတွက် ထုတ်ချေးသည့် ကာလကို သတ်မှတ်ဆောင်ရွက်ပါတယ်။ မိုးချေးငွေကို ဧပြီလမှ ဩဂုတ်လအထိလည်းကောင်း၊ ဆောင်းချေးငွေကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လည်းကောင်း၊ မိုးကြိုချေးငွေကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီတွင် လည်းကောင်း ကာလသတ်မှတ် ထုတ်ချေးခြင်းကို လက်ရှိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**နတ်မောက် - ရွာတော် ရထားလမ်းဖောက်လုပ်ရာတွင် ဖြတ်သန်းသွားသော လယ်ယာမြေများအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နတ်မောက် - ရွာတော် ရထားလမ်းဖောက်လုပ်ရာတွင် ဖြတ်သန်းသွားသော လယ်ယာမြေများအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော် မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်း နတ်မောက်မြို့ နတ်မောက် - ရွာတော် ရထားလမ်း ဖောက်လုပ်ရာမှာ ဖြတ်သန်းသွားတဲ့ လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဆိုပြီးတော့ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ မေးခွန်းနဲ့အဆိုက ကျွန်တော်တို့ (၁၀)ခု ကန့်သတ်ထားတဲ့အခါကျတော့ ကျွန်တော် ကိုယ့်ဒေသအကြောင်းကို များများဦးစားပေး မေးချင်သော်လည်းပဲ ကိုယ့်ရဲ့ မဲဆန္ဒနယ်မြေ မဟုတ်ပေမယ်လို့ နိုင်ငံတော်အတွက်၊ ဒေသခံပြည်သူတွေအတွက် တကယ်အရေးကြီးတဲ့ ဟာတွေ ကျတော့ ကျွန်တော်တို့က ကိုယ့်ဟာကို ချန်ထားပြီးတော့ တခြားဒေသဟာတွေကို ကျွန်တော် မေးမြန်း ရခြင်း ဖြစ်ပါတယ်။ ကျွန်တော် အဲဒီနေရာကို ရောက်သွားတဲ့အချိန်မှာ ဒေသခံပြည်သူတွေက အမှန်တကယ် စိုက်ပျိုးရာသီမှာ ဒုက္ခရောက်နေတာ တွေ့ရတဲ့အတွက် ကျွန်တော် ၁၄-၁၂-၂၀၁၂ ရက်နေ့က ကျွန်တော် အဲဒီနေရာကို ရောက်သွားတဲ့အတွက်ကြောင့် သူတို့ရဲ့ တင်ပြချက်ကို မူတည် ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီ နတ်မောက် - ရွှာတော် ရထားလမ်းဟာ ၂၀၁၀ မှာ ဖောက်လုပ်ခဲ့ပြီးတော့ တောင်သူ(၄၁)ဦးပိုင်တဲ့ လယ်ယာမြေဧက (၅၀.၆၀)ဧကအတွင်းက ဖြတ်သန်း သွားတာ ဖြစ်ပါတယ်။ နကြားထူးကွင်း၊ မြို့မကွင်း၊ ထိန်ကန်ကွင်း၊ ကန်ကြီးမြောက်ကွင်း အဲဒီကွင်းတွေ ထဲကနေ ဖြတ်သွားတဲ့ ရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့ Contract ရတဲ့ ကုမ္ပဏီတွေကတော့ အောင်ထက်လွင် ကုမ္ပဏီတို့၊ မာန်ကောင်းကင်ကုမ္ပဏီတို့ ဖြစ်ပါတယ်။ လယ်ကွင်းထဲက ရထားလမ်းကို မြေဖို့ပြီး ဆောင်ရွက်ရာမှာ နီးစပ်ရာ မြေတွေကနေ သူတို့ ကုပ်ပြီးတော့ ဖို့သွားတာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာ မြေတွေဟာ ပျက်စီးပြီးတော့ ကျန်ခဲ့တာကို ကျွန်တော် လက်တွေ့ တွေ့ခဲ့ရပါတယ်။ အဲဒီလို လယ်ယာမြေတွေ အများအပြား ပျက်စီးပြီးတော့ ရထားလမ်းရဲ့ ဝဲယာမှာ အဓိက အရေးကြီးတာက သူက ဒီဘက်မှာ လယ်ရှိတယ်၊ ဒီဘက်မှာ လယ်ရှိတယ် အလယ်ကောင်က ရထားလမ်းက ဖြတ်သွားတယ်။ အဲဒီမှာ သူတို့ နဂိုတုန်းက ရေမြောင်းရှိတယ်။ ဒီမြောင်းကိုလည်း ရထားလမ်းက မြေဖို့သွားတဲ့ အခါမှာ အောက်ကနေ ပြွန်မခံဘဲ ဖို့သွားတဲ့အခါမှာ ခုချိန်မှာ မိုးရွာတဲ့ အခါမှာ ဒီဘက်ခြမ်းက လယ်တွေဟာ အကုန်လုံး ရေမြုပ်ကုန်ပြီးတော့ ဒီဘက်ခြမ်းက လယ်တွေက ရေမရတဲ့ အနေအထားတွေ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြွန်လေးခံပေးပါဆိုပြီးတော့ တောင်သူတွေက ပြောတဲ့အခါမှာ ဟာ ဒါ လုပ်သင့်တယ်၊ လုပ်ပေးမှာပေ့ါလို့ အဲဒီ မာန်ကောင်းကင်တို့၊ အောင်ထက်လွင်ကုမ္ပဏီ တို့က ပြောတယ်။ လုပ်ပေးမယ် ဒါ ဖြစ်သင့်တယ်၊ လုပ်ပေးမယ် ကျွန်တော်တို့လည်း လုပ်မယ်ဆိုပြီးတော့ ပြောတယ်။

ဒါပေမယ်လို့ တကယ်တမ်းပြီးသွားတဲ့အခါ ဖွင့်ပွဲနီးနေပြီ။ D.E က ပြောတယ် မင်းတို့ ဘတ်ဂျက်ထဲမပါတာ လုပ်မနေနဲ့ ဖွင့်ပွဲနီးနေပြီ ရထားလမ်းပဲ ဖောက်ရမယ် ပြွန်မပါဘူး။ ဒီလို ပြောတယ်လို့ ပြောတယ်ဆိုတော့ ဒါဟာ မျက်နှာလွှဲ ခဲပစ် လုပ်သွားတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ရ ပါတယ်။ ဒီအပြင်မှာလည်း ကုမ္ပဏီတွေ အခြေပြုရာ ဆိုဒ်တွေ လုပ်ထားတဲ့ နေရာမှာလည်း သံတိုသံစတွေ၊ ငုတ်တွေ၊ ဘိလပ်မြေ အတုံးအခဲတွေ စသည်ဖြင့် မြင်မကောင်းအောင် ချန်ရစ်ခဲ့ပြီးတော့ ကြံ့သလို မြေတူးသွားတဲ့ နေရာတွေမှာလည်း ပေ(၁၅)ပေ၊ ပေ(၂၀) ကျင်းကြီး ချိုင့်ကြီးတွေ ဖြစ်ပြီးတော့ အဲဒီ ရထားလမ်းတစ်လျှောက်လုံးမှာ ကျန်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ Projector နဲ့ တင်ဖို့ရာ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် မတင်တော့ပါဘူး။ အစအဆုံး ကျွန်တော့်အနေနဲ့ မှတ်တမ်းရိုက်ထားပါတယ်။ အဲဒီတော့ လက်ရှိမှာတော့ အရေးကြီးတာက ဒီဘက်မှာ ရထား လမ်းရဲ့ ဘယ်ဘက်ခြမ်းမှာ ရေတွေ မြုပ်နေပြီးတော့ ညာဘက်ခြမ်းမှာ ရေမရဘူး။ အောက်က ပြွန်က အရေးတကြီး လိုအပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရထားလမ်း ဖောက်လုပ်တဲ့ တာဝန်ခံနဲ့

စီမံကိန်းအင်ဂျင်နီယာ အနေနဲ့ တောင်သူများကို ကိုယ်ချင်းစာနာစိတ် ကင်းမဲ့စွာနဲ့ စီမံကိန်း ပြီးဆုံးရေးကိုသာ တစ်ဖက်သတ် ဦးစားပေးပြီးတော့ ဆောင်ရွက်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။

အဲဒီမှာ ကျွန်တော် တွေ့ခဲ့တဲ့ ရပ်မိရပ်ဖတွေကတော့ ဦးတင်မောင်ညွန့်၊ မြို့မရပ်၊ ဦးစန်းမြင့်၊ ဦးမောင်စု၊ ဦးအောင်ကျော်မြင့်၊ ဒေါ်လှမေ စတဲ့ သူတို့ရဲ့ တင်ပြချက်တွေအရ ကျွန်တော်တို့ဟာ သွားပြီးတော့ ကွင်းဆင်းပြီးတော့ ကြည့်တဲ့အခါမှာ အဲဒါတွေကို တွေ့ရှိခဲ့ရပါတယ်။ ဒေါ်စိုးစိုးမိုး ဆိုလို့ရှိရင် သူ့ရဲ့ မြေ ဧကဝက်ထဲမှာ ကုမ္ပဏီက ဆိုဒ်အဖြစ် အသုံးပြုခဲ့ပြီးတော့ လုပ်ငန်း ရုပ်သိမ်းသွားတဲ့အခါ ကုမ္ပဏီက သံတိုသံစတွေ ဘိလပ်မြေငုပ်တိုင်တွေ ကျင်းတွေ၊ ချိုင့်တွေ အဲဒါတွေကို ကျွန်တော်တို့က တောင်သူအနေနဲ့က သူတို့ဟာနဲ့သူတို့ ပေါက်ပြားလေးနဲ့ ပြန်ပြီးတော့၊ ပေါက်ပြီးတော့ ပြင်မယ်ဆင်မယ်ဆိုရင် အချိန်အကြာကြီး လုပ်ရမှာ ဖြစ်ပါတယ်။ ရထားကသာ Backhoe လေးနဲ့ ပြန်ပြီး လုပ်ပေးမယ်ဆိုရင် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် လုပ်ပေးနိုင်မယ်။ ပွဲ့ဂိတ်ပ်တယ်ဆိုတာကလည်း ဒီတာဘောင်ကြီးကို ပေါက်ပြားနဲ့ပေါက်ပြီးတော့ လုပ်ကြစတမ်းဆိုရင်တော့ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မိမိရဲ့ ပယောဂကြောင့် တောင်သူတွေ ဒီလို ဖြစ်နေတာကိုတော့ ရထားက တာဝန်ယူပြီးတော့ ပြုပြင်ပေးဖို့ သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် မို့လို့ ဒီမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၁။**

**သူရဦးသောင်းလွင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ မှ မေးမြန်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် သူရဦးသောင်းလွင် က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ အဓိကအားဖြင့် အကြောင်းအရာ (၃)ချက် ပါပါတယ်။ အဲဒါကို ကျွန်တော် တစ်ချက်ချင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

မေးခွန်းပါ ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ တိတိကျကျသိရှိဖို့ ဆိုပြီးတော့ ကျွန်တော်တို့ ၃-၇-၂၀၁၃ ရက်နေ့မှာ အဲဒီဖြစ်စဉ်နေရာကို ယခုလက်ရှိ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်ချို၊ နတ်မောက်မြို့နယ် အုပ်ချုပ်ရေးမှူးရဲ့ အစီအစဉ်နဲ့ မြို့မ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ခုနပြောသွားတဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအနက်က ဦးတင်မောင်ညွန့် နောက် ဦးအောင်သောင်း အဲဒီအဖွဲ့နဲ့ သွားပြီးတော့ စစ်ပါတယ်။ ဒီ့အပြင် အဲဒီမှာ မြေလုပ်ငန်းလုပ်တဲ့အဖွဲ့ မပါသေးလို့ ၅-၇-၂၀၁၃ မှာ ယခင်က စီမံကိန်းအင်ဂျင်နီယာ၊ ယခု စီမံကိန်းအင်ဂျင်နီယာ၊ နောက်

စက်ယန္တရား ပိုင်ရှင်တွေ၊ နောက်ပြီးတော့ မြို့မအုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ တောင်သူလယ်သမား ကိုယ်စားလှယ် ဦးတင်မောင်ညွန့်၊ ဦးအောင်သောင်း လည်း တစ်ခါထပ်ပြီးတော့ ၅ ရက်နေ့မှာ ထပ်ပြီးတော့ စစ်ပါတယ်။

အဲဒီတော့ အဲဒီ (၂)ရက်မှာ စစ်ဆေးတွေ့ရှိတဲ့အချက်အလက် အရဆိုရင်တော့ နတ်မောက်မြို့နားမှာရှိတဲ့ နကြားထူးကွင်း၊ မြို့မကွင်း၊ ထိန်ကန်တွင်း၊ ကန်ကြီးမြောက်ကွင်းတို့မှာ ရထားလမ်း ဖောက်လုပ်တဲ့အခါမှာ သာမန်အားဖြင့်ဆိုရင် ရထားလမ်းဘေးက မြေကိုပဲ ကျွန်တော်တို့ မြေဖို့ပါတယ်။ အဲဒီနေရာ ရောက်တဲ့အခါကျတော့ တောင်သူလယ်သမားတွေက လာပြီးတော့ အကြံပြုတယ်လို့ ပြောပါတယ်။ ဒီနေရာက မယူပါနဲ့ လယ်မြေ ညှံ့တဲ့ လယ်မြေဧက (၂.၆)ဧကနဲ့ ယာမြေ (၅.၃၂)ဧက စုစုပေါင်း (၇.၉၂) ဧကနေပြီးတော့ မြေယူပါဆိုပြီးတော့ တောင်သူလယ်သမားတွေက လာပြီးတော့ အကြံပြုတယ်လို့ ပြောပါတယ်။ အဲဒါနဲ့ သူတို့နဲ့ ညှိပြီးတော့ ပါးစပ်အားဖြင့် သဘောတူညီချက် ယူပြီးတော့ ကျွန်တော်တို့ ယူခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ငါးကန်တူးလိုတဲ့ ဗိုလ်ကြီး(အငြိမ်းစား) ဦးတင်မြင့်အောင် ရဲ့ လယ်မြေ(၀.၃၃)ဧကလည်း ပါပါတယ်။ အဲဒီကိစ္စကတော့ သူကိုယ်တိုင်လာပြီးတော့ ငါးကန်တူးပေးပါဆိုလို့ တူးပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီအကြောင်းကိုလည်း သူကိုယ်တိုင် ကျွန်တော်တို့ကို စာရွက်နဲ့ ထောက်ခံပေးထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မြေပြင်မှာတော့ သူက (၅)ပေလောက် တူးတယ်လို့ တွေ့ပါတယ်။ နောက် ယာမြေ တောင်ကုန်းတောင်စောင်းမှာကျတော့ တောင်စောင်းအတိုင်း တိုင်းမယ်ဆိုရင်တော့ (၁၅)ပေ၊ ပေ(၂၀) လောက် ရှိတယ်လို့ သိရပါတယ်။

ယခုအခါမှာတော့ သွားတွေ့တဲ့အခါမှာ တောင်သူတွေ အားလုံးနဲ့ တွေ့ပါတယ်။ တွေ့တဲ့အခါမှာ သူတို့က နစ်နာကြေးလိုချင်တယ်လို့ ပြောတဲ့အတွက်ကြောင့် နစ်နာကြေး ပေးပြီး ဖြစ်ပါတယ်။ နောက် ဒုတိယအချက်ဖြစ်တဲ့ ရေစီးရေလာ ပိတ်ဆို့သွားခြင်းနဲ့ ပတ်သက်ပြီးတော့ နဂိုကတော့ ရေစီးရေလာ သွားတဲ့ မြောင်းတစ်မြောင်းကို ကျွန်တော်တို့ ဖို့လိုက်တာ ဖြစ်ပါတယ်။ အခုတော့ လိုက်ပြီးတော့ ဒေသခံတွေနဲ့ လိုက်ပြီးတော့ ကြည့်တဲ့အခါကျတော့ တာဘောင်ဖို့ လိုက်တဲ့အတွက်ကြောင့် ရေစီးရေလာ (၃)နေရာမှာ ပိတ်နေတာ တွေ့ပါတယ်။ တွေ့တဲ့အတွက် အဲဒီမှာ ပွန်ပိုက် တည်ဆောက်ပေးဖို့ စီမံထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ကုမ္ပဏီတွေရဲ့ဆိုဒ်မှာ ကျွန်တော်တို့ ခုနက တုံးတွေ တွေ့တာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ယင်းချောင်းတံတား တည်ဆောက်တဲ့နေရာမှာ တံတား တည်ဆောက်စဉ်က ဖြတ်တောက်ခဲ့တဲ့ သံတိုသံစတွေ၊ ဘိလပ်မြေ အတုံးအခဲတွေ ဒါ အမှိုက်တွေ တွေ့ရှိကြောင်း တင်ပြပါတယ်။ အဲဒါကိုလည်း အဲဒီနေ့မှာပဲ လုပ်သားတွေငှားပြီးတော့ တစ်ခါတည်း ရှင်းလင်းပြီးဖြစ်ပါတယ်။

နောက် ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ဒီ မြေသားယူခဲ့တဲ့ ဖြစ်စဉ်က ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ လွန်ခဲ့တဲ့ (၂)နှစ်ကျော်က ဖြစ်ခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီနေရာကို ကျွန်တော် အမြဲတမ်း စီမံကိန်းအင်ဂျင်နီယာကြီးများ (၅)ရက်တစ်ကြိမ် သွားစစ်ပါတယ်။ နောက် အဲဒီလိုသွားစစ်တဲ့အခါမှာ စီမံကိန်းအင်ဂျင်နီယာဆီကိုလည်း သက်ဆိုင်ရာ တောင်သူတွေကလာပြီး တင်ပြအရေးဆိုတာ မရှိဘူးလို့ သိရပါတယ်။ အလားတူပဲ အဲဒီ ရပ်ရွာဒေသမှာရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နောက် ရပ်/ကျေးအုပ်ချုပ်ရေးမှူး သူတို့ဆီကိုလည်း တောင်သူလယ်သမားတွေရဲ့ အရေးဆိုခဲ့တာ မရှိဘူးလို့

သိရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ကနေပြီးတော့ စာနဲ့ရေးပြီးတော့ လက်မှတ်ရေးထိုးပေးပါ ဆိုတဲ့အခါကျတော့ ကျွန်တော့်ဆီမှာ စာနဲ့ရေးပြီးတော့ လက်မှတ်ထိုးထားတာ ရှိပါတယ်။ ဒီတောင်သူ လယ်သမားများအနေတော့ တစ်ခါမှ အရေးဆိုတာ မရှိဘူး ဆိုပြီးတော့။ သို့သော်လည်း ကျွန်တော် တို့က တကယ်စစ်ဆေးတဲ့အခါမှာ ဒါသူတို့ နစ်နာတယ်လို့ ထင်တဲ့အတွက် နစ်နာကြေး ဘယ်လောက် ပေးရမလဲ၊ သူတို့နဲ့ ညှိတဲ့အခါမှာ သူတို့တောင်းဆိုတဲ့အတိုင်း ပေးပြီးဖြစ်ပါတယ်။

နောက် ရေမြောင်းကိစ္စကလည်း (၃)နေရာကို ရေပိုက်၊ ကျွန်တော်တို့ မြေကိုတောင် မတူးတော့ပါဘူး။ ရေပိုက်ကို ထိုးသွင်းတဲ့နည်းနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောက် ခုနက တံတားနေရာမှာ ခုနက ကွန်ကရစ်တုံးတွေရှိနေတဲ့ ကိစ္စကလည်း အဲဒီမှာပဲ လူငှားပြီးတော့ ရှင်းလင်း ပေးပြီး ဖြစ်ပါတယ်။ (၃)ချက်စလုံးကိုတော့ ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ နောက် ဒီ ကုမ္ပဏီကိုလည်း ကျွန်တော်တို့ နောက်ထပ် ဒီလို မျက်နှာလွှဲခဲပစ် လုပ်ခဲ့တယ်လို့ ပေါ့ပေါ့တန်တန်လည်း အရင်နေ့က သွားပြီးတော့ တွေ့တဲ့အခါကျတော့ ကျွန်တော်တို့က နဂိုကတည်းကပြောတယ်၊ ဒေသခံတွေနဲ့ တွေ့တဲ့ အခါမှာ တစ်ခုကို ညှိနှိုင်းဆောင်ရွက်တယ်ဆိုရင် အမြဲတမ်း စာနဲ့ သူတို့ သဘောတူတဲ့စာ ယူထားပါလို့ ကျွန်တော်တို့ ပြောထားပြီး ဖြစ်ပါတယ်။ အဲဒါကို မလုပ်တဲ့အတွက် သူ့ကိုပဲ ပေးလျော်ခိုင်းမယ်။ နောင်ကိုလည်း ဒီ ကုမ္ပဏီကို ဆက်မသုံးတော့ပါဘူး။ မေးခွန်းပါ ကိစ္စများနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မြန်မာ့မီးရထားရဲ့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် အသံလွှင့်ဌာန/ရုံးများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် အသံလွှင့်ဌာန/ရုံးများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ အားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့ ရိုသေလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များမှာ ရေဒီယိုအသံလွှင့်ဌာနများ တိုးချဲ့ ဖွင့်လှစ်ပေးရန် Debate ဆွေးနွေးပြီးတော့ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။ ဒီ မေးခွန်း မေးရတာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိအောင် ဆိုပြီးတော့ ကျွန်တော် မေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာကြီးမှာ (၂၁)ရာစု Post Modern ခေတ် တစ်နည်းအားဖြင့် သတင်းမီဒီယာခေတ်ကြီးသို့ ရောက်ရှိနေပြီဖြစ်တော့ နေ့စဉ် ပြောင်းလဲနေသော ကမ္ဘာကြီးအကြောင်း

သတင်းအချက်အလက်များကို ဒေသအသီးသီးရှိ ပြည်သူများထံသို့ ချက်ချင်းပျံ့နှံ့ သိရှိနိုင်ကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တိုင်းရင်းသားပြည်သူများက ဖြစ်ပျက်နေသော ကမ္ဘာ့အကြောင်း၊ မိမိတို့ နိုင်ငံအကြောင်း၊ မိမိတို့ ဒေသအကြောင်း သတင်းများကို နောက်မကျစေဘဲ အချိန်မီ သိရှိနိုင်ကြမှသာ ပြည်သူများ၏ အတွေးအခေါ် အယူအဆနဲ့ ပညာဗဟုသုတ အသိဉာဏ် တိုးပွားပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မှာ ဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ရေဒီယိုအသံလွှင့်ဌာနများ ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားလူမျိုးများက မိမိတို့ ဘာသာစကားဖြင့် အသံလွှင့် သီချင်းဆို၊ တရားဟော ပြောဆို ကြတာတွေကို တွေ့ရပါတယ်။

ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ တရုတ်ပြည်၊ အိန္ဒိယပြည်များမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ အသံလွှင့်ရုံများ ဖွင့်လှစ်ခဲ့သည်ကို သိရှိပါတယ်။ ဥပမာ အိန္ဒိယပြည်၊ မီဇိုရမ်ပြည်နယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်နဲ့ နယ်နိမိတ်ချင်းဆက်စပ်ပြီး အဲဒီပြည်နယ်မှာ ချင်းလူမျိုး (၁)သိန်းခန့်ရှိပါတယ်။ မီဇိုရမ်ပြည်နယ်အသံလွှင့်ရုံမှ မီဇိုတိုင်းရင်းသား များအပြင် ချင်းတိုင်းရင်းသားများကလည်း ချင်းဘာသာစကားဖြင့် အသံလွှင့် ပြောကြားချက်တွေကို တွေ့ရပါတယ်။

ထို့နည်းတူ တရုတ်ပြည်၊ ယူနန်ပြည်နယ်အသံလွှင့်ရုံမှာလည်း ယူနန်နယ် တရုတ် တိုင်းရင်းသားများအပြင် ရှမ်း၊ ကချင် တိုင်းရင်းသားဘာသာနဲ့ နေ့စဉ် အသံလွှင့်နေတာကိုလည်း ကြားသိရပါတယ်။ ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များမှာ အသံလွှင့်ဌာနများ၊ အသံလွှင့်ရုံများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါက တိုင်းရင်းသား ဘာသာစကားပေါင်းစုံဖြင့် နေ့စဉ် အရေးကြီးသော သတင်းများကို ပြည်သူများက အချိန်မီ သိရှိနိုင်တော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဗမာစကား၊ မသိနားမလည်သော ပြည်နယ်များမှာ ပြည်သူများ သိသင့်သိထိုက်သော နိုင်ငံတော် အကြီးအကဲများ၏ မိန့်ခွန်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များကို မိမိတို့ တိုင်းရင်းသားဘာသာ စကားဖြင့် အချိန်မီ အသံလွှင့် ကြေညာနိုင်မည် ဖြစ်ပါတယ်။

ထို့နည်းတူ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဝန်ကြီးများကလည်း မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ပြည်သူများ သိသင့်သိထိုက်သော ညွှန်ကြားချက်များ၊ သြဝါဒစကားများ ပြောကြားနိုင်တော့မှာ ဖြစ်ပါတယ်။ ဘာသာစကား အမျိုးမျိုးကွဲပြားနေသော ပြည်နယ်များမှာလည်း မိမိတို့ ဘာသာစကားများဖြင့် အသံလွှင့် ပြောကြားခွင့် ရရှိတော့မှာ ဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုရင် ဘာသာစကား(၅)မျိုးဖြင့် ပြောလာကြတော့မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ဆိုလို့ရှိရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပါ ဘာသာစကား(၁၀)မျိုးဖြင့် အသံလွှင့်ပြောကြားလို့ ရပါတယ်။ တိုင်းရင်းသားလူမျိုးများသော တိုင်းဒေသကြီးများမှာလည်းပဲ ဘာသာစကား (၄)၊ (၅)မျိုး ဖြင့် အသံလွှင့် ပြောကြားသွားမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ တိုင်းရင်းသားဘာသာစကားမျိုးစုံဖြင့် နေ့စဉ် တိုင်းနှင့် ပြည်နယ်အသီးသီးမှ အသံလွှင့် ပြောကြားခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူများ ချစ်ကြည်ရေးနဲ့ စည်းလုံးညီညွတ်ရေး တို့ကို ပိုမိုခိုင်မာစေမှာဖြစ်ပြီး ပြည်ထောင်စု စိတ်ဓာတ် ပိုမိုရှင်သန် တည်မြဲတော့မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အောက်ပါမေးခွန်းများကို မေးချင်ပါတယ်။ မေးခွန်း(၁) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာနအောက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် ရေဒီယို အသံလွှင့်ဌာနရုံးများ တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ။ (၂) အစီအစဉ်ရှိပါက မည်သည့်ပုံစံဖြင့် မည်သည့်ခုနှစ်မှစတင် အကောင်အထည်ဖော်ရန် ဖြစ်သည်ကို သိရှိလိုပါတယ်။ (၃) အစိုးရအနေဖြင့် အစီအစဉ် မရှိပါက ကုမ္ပဏီများ၊ NGO, INGO များ လူမှုရေးအသင်းအဖွဲ့များက ယင်းကိစ္စရပ်များကို လုပ်ကိုင်လိုပါက အစိုးရက ခွင့်ပြုနိုင်မလား။ (၄) အစိုးရထံခွင့်ပြုချက် ရယူရန် မည်ကဲ့သို့ ဆောင်ရွက်ရန် ဖြစ်သည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၁။**

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများအားလုံး ကာယစိတ္တ နှစ်ဖြာသော သုခနဲ့ ပြည့်ဝကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ တိုင်းရင်းသား ဘာသာ အစီအစဉ်များကို တစ်နေ့လျှင် နံနက်(၆း၀၀)နာရီမှ နေ့လယ်(၁၂း၀၀) နာရီထိ တစ်ကြိမ်၊ နေ့လယ်(၂း၀၀)နာရီမှ ည(၉း၀၀) ထိတစ်ကြိမ်၊ တစ်ရက်လျှင်(၁၃)နာရီ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများအတွက် စကော ကရင်၊ အနောက်ပိုး ကရင်၊ အရှေ့ပိုးကရင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ မွန် ဟူသော ဘာသာ(၈)မျိုးကို ရေကူး အသံလွှင့်စက်ရုံမှ 100KW လှိုင်းလတ်လွှင့်စက်ဖြင့် ဘာသာတစ်ခုချင်းအလိုက် အလှည့်ကျ ထုတ်လွှင့် ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအထက်ပိုင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများအတွက် ကချင်၊ မင်းတပ် (ချင်း)၊ ဖလမ်း(ချင်း)၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကိုးကန့်ဟူသော ဘာသာ(၇)မျိုးကို နေပြည်တော် အသံလွှင့်ရုံမှ 50KW လှိုင်းတိုလွှင့်စက်ဖြင့် ဘာသာတစ်ခုချင်းအလိုက် အလှည့်ကျ ထုတ်လွှင့်ပေးလျက် ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာလည်းပဲ တိုင်းရင်းသားလူမျိုးစု Channel ကို Digital စနစ်ဖြင့် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက တိုးချဲ့ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဒေသဆိုင်ရာ FM များအဖြစ် ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအတွက် ပတ္တမြား FM၊ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်အတွက် ချယ်ရီ FM၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့အတွက် ရွှေ FM၊ ချင်းပြည်နယ်နဲ့ မကွေးတိုင်း

အတွက် ပုဂံ FM၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းတို့အတွက် ပဥ္စဝတီ FM၊ ရန်ကုန် - မန္တလေးလမ်း တစ်လျှောက်အတွက် မန္တလေး FM တို့မှ FM စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

ယခုအခါ တစ်နိုင်ငံလုံးမှာ အဆိုပါ FM Station ပေါင်း(၆၃) ခုရှိပြီး ပြည်နယ်များမှာ ရှိတဲ့ FM စက်ရုံများမှ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားနဲ့ တစ်ပတ်လျှင် (၁၀)နာရီမှ (၁၄)နာရီကြား ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားအနေနဲ့ ဒေသဆိုင်ရာ သတင်းများ အချိန်မီ ထုတ်လွှင့်နိုင်ရန်အတွက် ယခုအခါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ သတင်းဗျူရိုများ ဖွဲ့ပြီး သတင်းများရယူလျက်ရှိပါတယ်။ ဆက်လက်၍လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့တော်များမှာ သတင်းဗျူရိုများ ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ် ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လကစပြီး တိုင်းရင်းသားဘာသာ(၁၁)မျိုး ကချင်၊ ကယား၊ ကရင်၊ စကော ကရင်၊ အနောက်ပိုး ကရင်၊ အရှေ့ပိုး ကရင်၊ ဖလမ်း(ချင်း)၊ မင်းတပ်(ချင်း)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ' စသည်တို့အတွက် သတင်းဗျူရိုများ ဖွဲ့စည်းပြီး သက်ဆိုင်ရာ ဒေသများကို စေလွှတ်ပြီး သတင်းရယူ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး လက်ရှိအခြေအနေမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ အသံလွှင့်ဌာန တိုးချဲ့ဖွင့်လှစ်ရန်မလိုဘဲ လက်ရှိ လွှင့်နေတဲ့ အစီအစဉ်အားလုံးကို နေပြည်တော်နဲ့ ရန်ကုန် အသံလွှင့်ဌာနတို့က ထုတ်လွှတ်ရုံမျှနဲ့ လုံလောက်မှု ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေနဲ့ Broadcasting Law ရေးဆွဲလျက်ရှိပြီး အဆိုပါ Law ထွက်ပေါ်လာတဲ့ အချိန်မှာ ရုပ်သံလွှင့် မီဒီယာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုတဲ့ ကုမ္ပဏီများ၊ တိုင်းရင်းသားအစုအဖွဲ့များ NGO နဲ့ INGO များအနေဖြင့် အဆိုပါ Broadcasting Law ပါ စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များနဲ့အညီ ပြည်နယ်တိုင်းအလိုက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို စာရွက် စာတမ်းကို ကြည့်ပြီးတော့ ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးမယ့် အကြောင်းအရာကတော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၃၀(က)နဲ့ ပုဒ်မ ၄၀(က)တို့မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနဲ့ ပတ်သက်လို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၀(က)မှာ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အသက်နဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားပါတယ်။ ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုလို့ရှိရင် အသက်(၅၀)နှစ်ထက်မငယ်၊ အသက်(၇၀)နှစ်ထက်မကြီးသူလို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၄၈(က)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရဲ့ အသက်နဲ့ ပတ်သက်လို့ ပြဋ္ဌာန်းထားပါတယ်။ ဘယ်လို ပြဋ္ဌာန်းထားသလဲ ဆိုလို့ ရှိရင် အသက်(၄၅)နှစ်ထက်မငယ်၊ အသက်(၆၅)နှစ်ထက်မကြီးသူလို့ ပြဋ္ဌာန်းထားပါတယ်။

ဒါပေမဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယ ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ စသည်တို့နဲ့ ပတ်သက်လို့ သက်ဆိုင်ရာ ဥပဒေမှာ အနိမ့်ဆုံး အသက်ကိုသာ ကန့်သတ်ထားပြီးတော့ အမြင့်ဆုံးအသက်ကို ကန့်သတ်ထားတာ မရှိပါဘူး။ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများဟာ နေ့စဉ် နေ့တိုင်းလိုလို အမှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်နေရတဲ့အတွက် အလုပ်များပြီး ပင်ပန်းလို့ အမြင့်ဆုံးအသက်ကို ကန့်သတ်ထားတယ်လို့ ပြောချင်ရင်လည်း ပြောကြ ပါလိမ့်မယ်။ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ အစရှိတဲ့ ပုဂ္ဂိုလ်ကြီးများဟာလည်း နေ့စဉ် နေ့တိုင်းလို မနားမနေ အလုပ်လုပ်နေကြပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ဖူးတဲ့ ကျွန်တော်တို့ရဲ့ ဆရာကြီး ဦးအောင်တိုး ဟာ ၁၉၈၆ ခုနှစ်မှာ အသက်(၆၀)နှစ်ပြည့်လို့ တရားရုံးချုပ်၊ ညွှန်ကြားရေးမှူးချုပ် အဖြစ်မှ ပင်စင် ယူသွားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ န.ဝ.တ အစိုးရက ဦးအောင်တိုး ကို တရားရုံးချုပ် တရားသူကြီးချုပ် အဖြစ် ခန့်အပ်ခဲ့ပါတယ်။ ဦးအောင်တိုး ဟာ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အသက်(၈၀)ကျော် သည်အထိ ကျန်းကျန်းမာမာနဲ့ တရားသူကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ဦးအောင်တိုး ဟာ တရားရုံးချုပ် တရားသူကြီးချုပ်တာဝန်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲသည့် ကော်မတီဒုတိယဥက္ကဋ္ဌ၊ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း အတည်ပြု ရေးအတွက် ဖွဲ့စည်းတဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ကျန်းကျန်းမာမာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဦးအောင်တိုး ဟာ ၂၀၁၁ ခုနှစ်ထိ တရားရုံးချုပ် တရားသူကြီးချုပ် တာဝန်ကို ကျန်းကျန်းမာမာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့တိုင် ကျန်းကျန်းမာမာ အသက်ရှင်နေဆဲ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နဲ့ အဆိုပါ တရားလွှတ်တော် တရားသူကြီးများရဲ့ အမြင့်ဆုံးအသက် ကန့်သတ်ထားခြင်းကို ပယ်ဖျက်ပြင်ဆင်သင့် ပါကြောင်း ဤအကြောင်းကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင်လည်း ထည့်သွင်းပြင်ဆင် သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန် ပေးအပ်ချက်အရ ကျွန်တော် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၃- ၇၉

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၀-၃-၂၀၁၃ နေ့တွင် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာ ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀-၆-၂၀၁၃ ရက်နေ့တွင် အစည်း အဝေးပြုလုပ်ခဲ့ပါသည်။ ယင်းဥပဒေကြမ်းတွင် အပိုဒ်(၇)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရ ပါသည် -

(က) ဤပြင်ဆင်သည့်ဥပဒေကြမ်း၏ အပိုဒ် (၂)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ) အဖြစ် ဖြည့်စွက် ထားသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည် ဟူသည့် ဖော်ပြချက်အစား အသုံးအနှုန်း မှန်ကန်စေရန် ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်သင့်ပါသည်။

(ခ) ဤပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ်(၄)တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက် များသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ အခန်း(၈) ဘဏ္ဍာရေး အခန်း တွင် ဖြည့်စွက်ရမည့်အချက်များ ဖြစ်ပါသည်။ သို့ပါ၍ ပိုမိုရှင်းလင်းစေရန် ပုဒ်မ ၁၆ ၏နောက်၌ ပုဒ်မ၁၆-ကအဖြစ်ဖော်ပြမည့်အစား ပုဒ်မ ၁၈ အဖြစ် အမှတ်စဉ် ပြောင်းလဲဖော်ပြသင့်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေတွင် ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မ၁၈၊ ပုဒ်မ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ တို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်ဖြစ်ပါတယ်။

(ဂ) ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ်(၇)တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ကို ပုဒ်မ ၂၃ အဖြစ် အောက်ပါ အတိုင်း အစားထိုးရမည် -

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်ပါက အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟူသည့် ဖော်ပြချက်အစား ရေးထုံးမှန်ကန်စေရန် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေတွင် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်သင့်ပြီး အပိုဒ်(၈)အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို

ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၇၅ ခုနှစ်၊    လ    ရက်

(၂၀၁၃ ခုနှစ်၊    လ    ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၂(ဃ)

ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၄

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေ အခန်း(၈)၊ ဘဏ္ဍာရေးအခန်းတွင် ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၈။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည် -

(၁) မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ် ခံစားရရှိသည့် ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ထည့်ဝင်သည့်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့် ငွေများ။

(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စများအတွက် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူ ဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၄ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၅

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေတွင် ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ တို့ကို ပုဒ်မ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၅

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၀။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေ ပြဋ္ဌာန်းခြင်း မပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း ပုဒ်မ ၄ အရ တည်ဆောက်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၆

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ၏နောက်၌ ပုဒ်မ၂၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၂၃။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့် စပ်လျဉ်း၍ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော အဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၇

၈။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစား ထိုးရမည် -

၂၄ ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော် များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သရင်း

ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟံစိန် က ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ထားသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲထားသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဝင်းတင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းသွားတဲ့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင့် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ချစ်ခင်လေးစားရပါသော ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် အဆိုနှင့် စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် တင်သွင်းတဲ့အဆိုကို လေ့လာကြည့်မယ် ဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ လက်တွေ့အားဖြင့် ဘယ်လို ခိုင်မာတဲ့နည်းဗျူဟာ ချမှတ်သင့် သလဲ ဆိုတာကို ဆွေးနွေးသွားတာ တွေ့ရပါတယ်။ ဒါကလည်း နောက်ပိုင်းဆွေးနွေးမယ့် ကိုယ်စားလှယ် တွေထဲမှာ လက်ရှိစီးပွားရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်နေတဲ့သူတွေ၊ ဆောင်ရွက်ခဲ့တဲ့ သူတွေ ပါနေတာဖြစ်တဲ့အတွက်ကြောင့် လက်တွေ့လုပ်ဆောင်သင့်တဲ့ နည်းဗျူဟာတွေကို ဆွေးနွေး သွားကြ မယ်လို့ ယူဆရတဲ့အတွက် ကျွန်မကတော့ မူဝါဒပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး လေ့လာရသမျှ အနည်းငယ် ဆွေးနွေးအကြံပြု တင်ပြသွားမှာ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ အဆိုရှင်ဆွေးနွေးတဲ့ အချက်တွေကိုလည်း စဉ်းစားရမှာဖြစ်သလို ခေတ်စနစ် ပြောင်းလဲလာတာနဲ့အညီ ဈေးကွက် စီးပွားရေးစနစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ လှမ်းဝင်နိုင်ဖို့ ကြိုးပမ်းနေကြတဲ့ ကာလကြီးမှာ အိပ်မက်မက်တတ်ဖို့ လိုပါတယ်။ ဒီအိပ်မက်ကို အကောင်အထည်ဖော်ဖို့ အရည်အချင်းနဲ့ ပိုင်းဖြတ်ချက်သာရှိမယ်ဆိုရင် ကျွန်မတို့ ရည်မှန်းတဲ့အနာဂတ်ကို ပိုင်ဆိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က တည်ငြိမ်မှုနဲ့ လုံခြုံမှုပါ။ တရားဥပဒေ စိုးမိုးပြီး တည်ငြိမ်အေးချမ်းစွာနဲ့ လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်မျိုး၊ တိုင်းပြည်အတွင်း လူထုတွေအတွက် ဖန်တီးပေးနိုင်ရပါမယ်။ လူတွေအားလုံးအတွက် အလုပ်တွေ၊ အခွင့်အလမ်းတွေ အားလုံးဟာ ပျံ့ပျံ့နှံ့နှံ့နဲ့ တန်းတူညီမျှစွာ ဟန်ချက်ညီတဲ့ မြို့ပြ၊ ကျေးလက် ကွာဟမှုမရှိတဲ့ ဖွံ့ဖြိုးရေးပေါ်လစီမျိုး ဖြစ်ဖို့လည်း လိုအပ်ပါ လိမ့်မယ်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကဏ္ဍကို မဏ္ဍိုင်ပြုတဲ့ လူမှုစီးပွားရေး စနစ်မျိုးကိုလည်း ရေးဆွဲချမှတ် ပုံဖော်ရမှာ ဖြစ်ပါတယ်။ အလုပ်ချိန်ကိုလည်း လျှော့ချနိုင်ဖို့ အလိုအလျောက်လည်ပတ်တဲ့ (Auto Mobile) နည်းပညာပူးတွဲထားတဲ့ အစီအစဥ်မျိုး ဖြစ်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒါမှ လူတွေဟာ စိတ်လက်ပေါ့ပါးစွာနဲ့ အလုပ်လုပ်နိုင်မယ်။ မလိုအပ်တဲ့ ခွန်အား အသုံးပြုမှုတွေ လျော့ပါးမယ်။ အနာဂတ်အတွက်လည်း စဉ်းစားတွေးခေါ်ဖို့ အချိန်ပိုရမယ်။ ကိုယ့်ရဲ့ ပညာရေးနဲ့ ယဉ်ကျေးမှု ရေချိန်မြင့်နိုင်ဖို့ အချိန်ရမှာဖြစ်ပါတယ်။ ဒါဟာ Quality of Life အတွေးအခေါ် ဖြစ်ပါတယ်။ နောက်တစ်ချက်က တစ်နိုင်ငံလုံးရဲ့ ထက်ဝက်ကျော်ကျော် လူဦးရေရှိတဲ့ ကျွန်မတို့ အမျိုးသမီးတွေအတွက်လည်း မဏ္ဍိုင်(၃)ရပ် အပါအဝင် လုပ်ငန်းနယ်ပယ် အသီးသီးမှာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိတဲ့ လူမှုဘဝပုံစံသဏ္ဌာန်မျိုး တည်ဆောက်ပေးရပါမယ်။ ခေတ်စနစ်နဲ့ မဆီလျော်တော့တဲ့ ဥပဒေတွေ၊ အချုပ်အချယ် အတားအဆီးတွေကိုလည်း ဖျက်သိမ်းဖယ်ရှားပေးဖို့ လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်ဖို့ အပြိုင်လိုက်နေတဲ့ အချိန် Dynamic ခေတ်ကြီးမှာ အသားကျပြီးသား လက်ရှိပုံစံဟောင်းစနစ်မျိုးနဲ့ ရှေ့ဆက်ဖို့လွယ်မှာ မဟုတ်ပါဘူး။ စုနေတဲ့ လုပ်ပိုင်ခွင့်တွေကို ခွဲဖြန့်ပစ်ဖို့လိုပါမယ်။ လူတွေအတွက် အဆင်သင့် ဖော်စပ် ပြီးသား အကောင်းဆုံးဘဝပုံသဏ္ဌာန်တွေ ချပေးတာမျိုးထက် ကိုယ့်ဘဝကိုယ် လွတ်လွတ်လပ်လပ် ရွေးချယ် တည်ဆောက်နိုင်မယ့် ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ ရေခံမြေခံမျိုး ဖန်တီးပေးတာက ပိုလျော်ကန်သင့်မြတ်မယ်လို့ ထင်ပါတယ်။ ဒီအချက်တွေဟာ ရေရှည်တည်တံ့ ခိုင်မြဲတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲဖို့ နည်းဗျူဟာရေးဆွဲရာမှာ ထည့်သွင်းစဉ်းစားဖို့လိုတဲ့ အရေးကြီးတဲ့ အခြေခံအချက်တွေ ဖြစ်တယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေး အလျင်အမြန် တိုးတက်စေဖို့ဆိုရင် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားတဲ့ စက်မှုဆက်ဆံရေးရယ်၊ ရေရှည်နည်းပညာ လေ့ကျင့်ပျိုးထောင်မှုရယ်၊ တည်ငြိမ်တဲ့ အလုပ်အကိုင် အခြေအနေရယ်၊ ဒီအခြေခံ(၃)ချက်ပေါ်မှာ တည်ဆောက်ထားတဲ့စနစ်ကြောင့် အမြန်ဆုံး စီးပွားရေး တိုးတက်မှုနှုန်းကို ကျွန်တော်တို့ဂျပန်နိုင်ငံ ရခဲ့တာပါလို့ ဂျပန်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင် အီဂျီယိုအိုဇာဝါ က ရေးသားခဲ့တာကို ဖတ်ရှုခဲ့ရပါတယ်။ ဒါကို ကျွန်မတို့ နိုင်ငံရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲရာမှာ အတုယူလိုက်နာသင့်တဲ့ အချက်ဖြစ်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်နေ ပြည်သူများ ဖြစ်ကြပါတယ်။ ခေတ်စနစ် ပြောင်းလဲလာတာနဲ့အညီ ပြည်ထောင်စုအစိုးရက ကျေးလက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အားလုံးက တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ချင်ကြပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့ဆိုရင် စီးပွားရေးတောင့်တင်းဖို့လိုပါတယ်။ စီးပွားရေး တောင့်တင်းအောင် ဆောင်ရွက်ရာမှာ ကျေးလက်နေ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးအောင် အရင်ဆုံး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလို မဆောင်ရွက်ပေးနိုင်ရင် ကျေးလက်စီးပွားရေး အခြေယိုင်လာတာနဲ့အမျှ ကျေးလက် လူ့အဖွဲ့အစည်းရဲ့ လူမှုစီးပွားရေးဘဝလည်း အကျဘက်ကို ရောက်လာမှာ ဖြစ်ပါတယ်။ ဒါဆိုရင် မြို့ပြစီးပွားရေးဟာလည်း ကျေးလက်ကို တည်မှီတာဖြစ်လို့ Domino Effect ဆက်တိုက် ဖြစ်ပေါ်ခြင်း အရ ယိုင်သွားမှာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းပြည်ရဲ့ အစဉ်အလာအရဆိုရင် နယ်မြေဒေသ အသီးသီးမှာ သူ့အဆင်း၊ သူ့အလင်း၊ သူ့ယဉ်ကျေးမှုနဲ့ အလှကိုယ်စီရှိပြီး ချစ်စရာ ကောင်းတဲ့ အမွေအနှစ်တွေ ပိုင်ဆိုင်ထားပြီးသား ဖြစ်ပါတယ်။

ဒါကြောင့် ကျေးလက်ဒေသစီးပွားရေး ပြန်လည်တည်ဆောက်မှုကို အရင်ဆုံး ခြေကုပ် ရယူပြီး ဆောင်ရွက်နိုင်မှသာ တိုင်းပြည်ကြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ စီးပွားရေး အခွင့်အလမ်း အားလုံး မြို့ပြဒေသမှာချည်းဆိုရင် ရေများရာ မိုးရွာ၊ ငါးပွက်ရာ ငါးစာချ ဆိုသလို ဖြစ်နေပြီး မြို့မှာစုပြုံတိုးနေတဲ့ အလုပ်အင်အားစုတွေ၊ စီးပွားရေးအင်အားစုတွေကို တစ်ပြည်လုံး ပျံ့သွားနိုင်အောင် အခြေခံကျပြီး အနုစိတ်လည်းကျတဲ့ စီးပွားရေးနည်းဗျူဟာ အပြောင်းအလဲ တစ်ခု မလွဲမသွေ လုပ်ရမှာ ဖြစ်ပါတယ် လို့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ အထက်က ချမှတ်ပေးလိုက်တဲ့ အသေးစိတ်စံချိန်စံညွှန်းတွေနဲ့ သတ်မှတ်ထားတဲ့ Top-Down ပုံစံအတိုင်း အကောင်အထည်ဖော်တဲ့နေရာမှာ ဒေသတစ်ခုနှင့် တစ်ခု တူကြတာ မဟုတ်တဲ့အတွက် မတူတာကို အသိအမှတ် မပြုဘဲ တသွေမတိမ်း လိုက်လုပ် ခိုင်းတော့ အကုန်ကိုးရို့ကားရား ဖြစ်ကုန်ပါတယ်။ ဒေသတစ်ခုချင်းစီရဲ့ ထူးခြားတဲ့ လိုအပ်ချက်တွေကိုလည်း ဘာမှဖြည့်ဆည်းမပေး နိုင်တော့ပါဘူး။ ဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးဖို့ မလွယ်ကူပေမယ့် ဒေသထူးခြားချက်အလိုက် အကောင်အထည် ဖော်ရတာမျိုးတွေ ရှိပါတယ်။ ဒီတော့ လက်ရှိစနစ်အောက်မှာ အချို့ဒေသတွေမှာ အောင်မြင်တာ မှန်ပေမယ့် အချို့ဒေသတွေ မှာတော့ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ စီးပွားရေးသာမက နယ်ပယ်ကဏ္ဍအားလုံးလိုလိုမှာ မဟာဗျူဟာ၊ နည်းဗျူဟာ ရေးဆွဲချမှတ်တော့မယ်ဆိုရင် ရှေ့ဘာဖြစ်မလဲဆိုတာကို ကြိုတင်ခန့်မှန်းနိုင်ဖို့ လိုပါတယ်။ တကယ်လို့ ကြိုမခန့်မှန်းနိုင်ရင်တော့ ချမှတ်ထားတဲ့ ပေါ်လစီကို မြန်မြန် ဆန်ဆန် လွယ်လွယ်ကူကူ ပြင်ဆင်နိုင်ဖို့ အားထုတ်သင့်ပြီး အခါအားလျော်စွာ Policy Review တွေ လုပ်နိုင်ဖို့ အလွန်အရေးကြီးတယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ ရှိနေတဲ့ ဥပဒေ၊ စည်းကမ်းတွေကလည်း လက်တွေ့လိုအပ်ချက်နဲ့ အံဝင်ခွင်ကျ ရှိပါမှ အဓိပ္ပာယ်ရှိရှိ ရေရှည် တည်တံ့နိုင်တာမျိုး ဖြစ်ပါတယ်။ ဥပဒေဆိုတာကလည်း ဘဝကို မွန်းကြပ်စေဖို့ထက် ဘဝကို လုံခြုံစေဖို့ အရေးကြီးကြောင်း တင်ပြလိုပါတယ်။ ဥပဒေ ဆိုသည်မှာ ချုပ်နှောင်ရန်မဟုတ် အလုပ်အောင်ရန် ဖြစ်သည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဖြစ်သင့်ပါတယ်။

နောက်ဆုံးအနေနဲ့ အရေးကြီးဆုံး အချက်တစ်ချက်ကတော့ ပွင့်လင်းမြင်သာမှု (Transparency) ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု ရှိမှသာ အခြေအနေမှန်အားလုံးကို အညီအမျှ သိခွင့်ရမယ်။ သတင်းအချက်အလက် ရရှိနိုင်စွမ်းမှာ တရားမျှတမှုရှိမယ်။ ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ် စီမံကွပ်ကဲနိုင်မယ်။ ဒါမှလည်း တိုင်းပြည်စီးပွား တိုးတက်အောင် နည်းဗျူဟာများ ရေးဆွဲရင်လည်း ဒီလို တန်ဖိုးတွေကို ကိုယ်စားပြုနိုင်ပြီး စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံကျတဲ့ ပေါ်လစီမျိုးတွေ ချမှတ်နိုင်မှာဖြစ်ကြောင်း အကြံပြုထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်က နိုင်ငံတစ်နိုင်ငံမှာ အရေးအကြီးဆုံးအချက်ဟာ စီးပွားရေးတိုးတက်ဖို့ အလွန် အရေးကြီးပါတယ်။ နိုင်ငံတိုင်းမှာ သူတို့ရဲ့ စီးပွားရေးတိုးတက်မှုအတွက် ဦးစားပေး ဆောင်ရွက်ကြပါတယ်။ ပညာရေး၊ ကျန်းမာရေးများလည်း ပါပါတယ်။ စီးပွားရေး မတောင့်တင်းဘဲ၊ ငွေကြေး မပြည့်စုံဘဲ ဘယ်အရာမှ ဆောင်ရွက်၍မရပါကြောင်း၊ စီးပွားရေး တောင့်တင်းမှ၊ ငွေကြေးပြည့်စုံမှ ပညာရေး၊ ကျန်းမာရေး စတဲ့ လုပ်ငန်းများ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲချိန်မှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခိုင်မာသည့် မူဝါဒများ ချမှတ်ဖို့ လိုအပ်ကြောင်း တင်ပြသွားပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကဆောင်ရွက်ရမယ့် စွမ်းအားကြီး(၃)ရပ် လိုကြောင်း တင်ပြလိုပါတယ်။ နံပါတ်(၁) စွမ်းအားကတော့ Political Might ခေါ်တဲ့ နိုင်ငံရေး စွမ်းအားပါ။ နိုင်ငံတော် တည်ငြိမ်ဖို့၊ နိုင်ငံတော် အေးချမ်းသာယာဖို့၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ဒါ လိုအပ်မှာဖြစ်ပါတယ်။ နောက်တစ်ခုက Economic Might ခေါ်တဲ့ စီးပွားရေးစွမ်းအားနဲ့ Military Might ခေါ်တဲ့ ကာကွယ်ရေးစွမ်းအား ဒီစွမ်းအား (၃)ရပ်ပေါ်မှာ မူတည်ပြီးတော့မှ ဒီစွမ်းအား(၃)ရပ် မြင့်မားတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လိုမှာဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ဒါကြောင့် အဆိုရှင် တင်ပြသွားတဲ့လုပ်ငန်း လုပ်ဆောင်ရာမှာ စီမံချက်၊ စီမံကိန်းများ ချမှတ်၍ နည်းဗျူဟာ၊ မဟာဗျူဟာများဖြင့် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

စီမံချက်ဆိုတာမှာ ဒါ ကျွန်တော်တို့ ငယ်ငယ်တုန်းက လေ့လာခဲ့ရသလောက် အတိုကောက် အားဖြင့် တင်း၊ ရည်၊ လုပ်၊ အုပ်၊ ဆက် ခေါ်တဲ့ သတင်း၊ ရည်ရွယ်ချက်၊ လုပ်နည်းစနစ်၊ နောက်တစ်ခုက အုပ်ချုပ်ထောက်ပံ့မှု၊ ဆက်သွယ်ဆောင်ရွက်မှု စတဲ့ အခြေခံအချက်အလက်များ ပြည့်စုံမှ ပီပြင်စွာ ဒါ စီမံချက်တစ်ရပ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အလားတူလုပ်ငန်းစနစ်အရ မဟာဗျူဟာများ ရေးဆွဲ ရာမှာလည်း အရေးကြီးသည့် အဓိက လိုအပ်ချက်များကို ဦးစားပေး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဆိုပါ အထက်ဖော်ပြခဲ့တဲ့ စွမ်းအားကြီး(၃)ရပ်အနက် Economic Might ခေါ်တဲ့ စီးပွားရေး စွမ်းအားမြှင့်ဖို့အတွက် အခြေခံပေါ်လစီများ ချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် အနေနဲ့ အဓိကအရေးကြီးတဲ့ စီးပွားရေးပေါ်လစီ(၄)ချက် ချမှတ်ထားတဲ့ နောက် ကိုယ်စားလှယ်ကြီး များ ပြန်လည်သတိရစေဖို့ ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ (၁)အချက်ကတော့ စိုက်ပျိုးရေးကို အခြေခံပြီးတော့ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (၂)ကတော့ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ (၃)ကတော့ ပြည်တွင်းပြည်ပမှာ အတတ်ပညာနဲ့ အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေးနှင့် နောက်ဆုံး(၄)အချက်ကတော့ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေးဆိုတဲ့ အချက်(၄)ချက်ကို ချမှတ်ထားပြီးဖြစ်ပါ ကြောင်း တင်ပြလိုပါတယ်။

အဆိုရှင်က စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံ ထူထောင်သွားမှာဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နဲ့ ဂျပန်နိုင်ငံတို့ကလည်း စိုက်ပျိုးရေးကို အခြေခံပြီး ဆောင်ရွက် သွားတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဆိုရှင်က Plan ခေါ်တဲ့ စီမံချက်များ ချမှတ်ဆောင်ရွက်ရာမှာ ဒါ ဥပမာတစ်ခုမှာ သူက လူတစ်ဦးဟာ တစ်နှစ်မှာ ဆန်(၁၅)တင်းနှုန်းနှင့် နှစ်(၁၀၀)ဆိုရင် ဆန်တင်း(၁၅၀၀)နှုန်း စားတဲ့ ကုန်ကျမည့် ကြိုတင် ခန့်မှန်းတွက်ချက်ရမည့် Targets များ ချမှတ်ဆောင်ရွက်သွားဖို့လိုကြောင်း တင်ပြသွားပါတယ်။ သာဓကအားဖြင့် ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးကို အခြေခံတဲ့ မူဝါဒများပြောင်းလဲချမှတ် ဆောင်ရွက်သွားကြောင်းကို သာဓကအားဖြင့် အတုယူဖွယ်ရာ ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။

တစ်ချိန်က ကိုရီးယားသမ္မတနိုင်ငံဟာ စားနပ်ရိက္ခာ မဖူလုံမှုနဲ့ ဖွံ့ဖြိုးမှုနိမ့်ကျခဲ့တဲ့နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါ ဒီနေ့ဆိုရင် ကိုရီးယားဟာ စားနပ်ရိက္ခာ ဖူလုံပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ တစ်နိုင်ငံ ဖြစ်နေပါပြီ။ ကိုရီးယားတို့ရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ပေါ်လစီများ ချမှတ် လုပ်ဆောင်မှုတွေဟာ စံနမူနာ အတုယူစရာတွေပဲ ဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်များ၊ ၁၉၇၀ ပြည့်နှစ် တုန်းက ကိုရီးယားစိုက်ပျိုးရေး ပေါ်လစီ ရဲ့ အဓိက ဦးစားပေးတစ်ခုဟာ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ ဖြစ်ပါတယ်။ ထိုအချိန်တုန်းက စားနပ်ရိက္ခာ လိုအပ်ချက် ဆက်လက်ရှိနေသေးတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍဟာ ပေါ်လစီ ချမှတ်ချက်ကို အောင်မြင်အောင် အကောင်အထည် မဖော်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ကိုရီးယား စိုက်ပျိုးရေးပေါ်လစီ ဟာ ပြည်ပမှ ရိက္ခာတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းတိုးချဲ့ ထုတ်လုပ်မှုကို အာရုံစိုက် ဆောင်ရွက်ခဲ့ ပါတယ်။ ဒါ့အပြင် မြို့ပြနှင့် ကျေးလက်ဒေသအကြားဝင်ငွေ ကွာဟချက်ကြီးမားလာမှုကို လျှော့ချရန် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ စားနပ်ရိက္ခာ ထုတ်လုပ်မှု တိုးမြှင့်ရေးပေါ်လစီတွေထဲမှာ ခေတ်မီ ဈေးကွက်ပေါ်လစီ (Marketing Modernization Policy) ကိုလည်း တစ်ပြိုင်တည်း အကောင်အထည် ဖော်ခဲ့ပါတယ်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာ စိုက်ပျိုးရေးကုန်စည်များကို လွတ်လပ်စွာ ကုန်သွယ်ခွင့် ပြုခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်များမှ ၁၉၈၀ ပြည့်နှစ်အထိ ချမှတ်ဆောင်ရွက်ခဲ့တဲ့ ပေါ်လစီများဟာ စိုက်ပျိုးရေး ကဏ္ဍနဲ့ စီးပွားရေးအဆင့်သို့ ပြောင်းလဲမှုအခြေအနေများကို ဖော်ပြခဲ့ပါတယ်။ ယင်းကာလများမှာ မှတ်ကျောက်တင်ရမယ့် ဦးစားပေး ပေါ်လစီတစ်ခုကတော့ ဆည်ရေပေးရေး Projects အမြောက်အမြားကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ် အစောပိုင်း ကာလ များမှာ စီးပွားရေး ကျဆင်းမှုကို တုံ့ပြန်သောအားဖြင့် ပေါ်လစီ၏ ရည်ရွယ်ချက်များ (Policy Objectives) များသည် တည်ငြိမ်မှုဘက်ကို ဦးတည်ခဲ့ပါတယ်။ ထုတ်လုပ်မှုတိုးတက်မှုကို အခြေခံပြီး စီးပွားဖြစ်သီးနှံထုတ်လုပ်မှုကို တိုးမြှင့်ခြင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး ဈေးကွက်နဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုအပေါ် ပေါ်လစီများချမှတ်ပြီးတော့ အဲဒီကာလများမှာ အကောင်အထည်ဖော်ပြီး အကောင်အထည် ဖော်ရမယ့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် စီးပွားဖြစ်သီးနှံများ (Cap Crops) နှင့် စိုက်ပျိုးရေး မဟုတ်သည့် ဝင်ငွေများ (Non-Agriculture Income)တိုးမြှင့်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ လယ်သမားများ ဝင်ငွေအဆင့် တိုးမြင့်အောင် လယ်ယာကျေးရွာမှ လူမှုရေးပြဿနာများ လျှော့ချရေးအတွက် ကျေးရွာများလျှော့ပစ်တဲ့ ပေါ်လစီ (Double Review Policy) ကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၉၀ ပြည့်နှစ်များမှာ ကမ္ဘာ့စီးပွားရေးစနစ်ဟာ ကမ္ဘာ့ Globalization ဖြစ်လို့ တိုးတက်လာ သောကြောင့် ကိုရီးယား၏ စိုက်ပျိုးရေးပေါ်လစီဟာလည်း လွတ်လပ်မှုနှင့် ပြိုင်ဆိုင်မှုကို အားပေးသည့် ပေါ်လစီကို အဓိကထားချမှတ်ထားခဲ့ပါတယ်။ အဲဒီကာလများမှာ စိုက်ပျိုးရေးကို ပြုပြင် ပြောင်းလဲခြင်း (Agricultural Researching) သွင်းကုန်များကို လွတ်လပ်စွာ တင်သွင်းခွင့် ပြုခြင်း၊ လူ့အရင်းအမြစ်များ၏ လုပ်နိုင်စွမ်းအားကို အားပေးခြင်း ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ခေတ်မီအောင် ပြုလုပ်ခြင်း၊ တန်ဖိုးမြင့်ထုတ်လုပ်မှု ဖွံ့ဖြိုးရေး စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင် ပိုမိုရင်းနှီးမှုကို

မြှင့်တင်ခြင်းတို့သည် Policy ၏ ရည်ရွယ်ချက်အချို့ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှ စ၍ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် Free Trade Agreement (FTA)များအတွက် ညှိနှိုင်းမှုများသည် Policy ဧရိယာတွင် စတင်လွှမ်းမိုးခဲ့ပါတယ်။ FTA အတွက် ဆွေးနွေးညှိနှိုင်းမှုများ ကြိုးပမ်းအားထုတ်မှုများနှင့် ကျေးလက်ဒေသ လူ့အဖွဲ့အစည်း လူနေမှု မြှင့်တင်ရေးအတွက် ကိုးရီးယားအစိုးရက ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၈-၁၉၈၅ ခုနှစ်အထိ ကိုးရီးယား၏ စိုက်ပျိုးရေး Policy တွေဟာ ဝိရောဓိ ဖြစ်နေတဲ့ကာလ ဖြစ်ပါတယ်။ စိုက်ပျိုးရေး Policy ရဲ့ ဦးတည်ရာ လမ်းကြောင်းနဲ့ ထုတ်လုပ်မှုတိုးမြှင့်ရေးမှ တည်ငြိမ်သည့် တိုးတက်မှုသို့ ပြောင်းလဲခဲ့ပါတယ်။ အစိုးရ ဦးဆောင်တဲ့ ကိုယ်ကျိုးစီးပွားကာကွယ်သည့် Policy မှ ပုဂ္ဂလိက ဦးဆောင်တဲ့ တံခါးဖွင့် ဈေးကွက်စီးပွားရေး ပေါ်လစီသို့ ပြောင်းလဲခဲ့ပါတယ်။

ထို့အပြင် လယ်ယာကုန်ထုတ်တိုးမြှင့်ခြင်းမှ စိုက်ပျိုးရေးဝင်ငွေ တိုးမြှင့်အောင် ဈေးနှုန်းထောက်ပံ့ခြင်း Price Full မှသည် လယ်ယာမဟုတ်သည့် အခြားလုပ်ငန်းမှရသည့်ငွေ Non-Farm Earning များဖြင့် လယ်သမားများ ဝင်ငွေတိုးမြှင့်အောင် ပြုလုပ်ခြင်း၊ သီးနှံအမျိုး ပြောင်းလဲစိုက်ပျိုးစေခြင်း၊ ဥပမာ - စီးပွားဖြစ် Cap-crop အသားထုတ်လုပ်ခြင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များဖြင့် လယ်သမားတို့၏ဝင်ငွေ တိုးတက်စေရန် ပေါ်လစီများ ပြောင်းလဲချမှတ်ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်တွင် ပြည်တွင်းဈေးကွက်မှာ သွင်းကုန် တင်သွင်းခြင်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ပေးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှစပြီး ကိုးရီးယား၏ စိုက်ပျိုးရေးကဏ္ဍဟာ ပြည်တွင်း ပြည်ပ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည့်အတွက် ပေါ်လစီပြုပြင်ပြောင်းလဲခြင်းများ Policy Reform ပြုလုပ်ရန် လိုအပ်ခဲ့ပါတယ်။ လယ်ယာအိမ်ထောင်စုများ၏ စီးပွားရေး တည်ငြိမ်ရေး နှင့် ကျေးလက်ဒေသ စီးပွားရေး ပြန်လည်နလန်ထူရေးကို အမြင့်ဆုံးဦးစားပေး ပေါ်လစီ ချမှတ်ခဲ့ပါတယ်။ စိုက်ပျိုးရေး ပေါ်လစီ၏ အခြေခံလားရာကတော့ လယ်ယာလုပ်ကွက် တိုးချဲ့ခြင်းမှသည် ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်မယ့် အသေးစားနှင့် အလတ်စား လယ်ယာစိုက်ပျိုးရေး၏ အခြေခံ အရည်အသွေးကို တိုးပွားစေတဲ့ဘက်သို့ ပြောင်းလဲခဲ့ပါတယ်။ လယ်ယာထုတ်ကုန်များ၏ ဖြန့်ဖြူးရေးသည် ဈေးကွက်ပေါ်တွင် အခြေခံသောကြောင့် ပြဿနာတစ်ရပ်အဖြစ် ရပ်တည်နေဆဲ ဖြစ်ပါတယ်။ ကိုရီးယားအစိုးရ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲတဲ့ အချိန်ကာလအလိုက် ပြောင်းလဲမှုဖြစ်စဉ်များ အပေါ်မူတည်၍ အချိန်မီ စိုက်ပျိုးရေး ပေါ်လစီများကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း သုံးသပ်မိပါတယ်။ အစိုးရ၏ စိုက်ပျိုးရေးပေါ်လစီများ ပြုပြင်ပြောင်းလဲမှုကြောင့် လယ် Hectare အထွက်နှုန်းများ တိုးတက်ခဲ့ပါတယ်။ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှု လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် ပြည်တွင်းဝမ်းစာ ဖူလုံခဲ့ပါတယ်။ စပါးထွက်နှုန်း ကမ္ဘာ့အဆင့်အမြင့်ဆုံးသို့ အထွက်နှုန်းရောက်ရှိခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုသည် ပြည်တွင်းဖူလုံမှုသည်သာမက ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ဒါကြောင့် စိုက်ပျိုးရေးပေါ်လစီများ ချမှတ်ရာမှာ ဈေးကွက်၏ လှုပ်ရှားပြောင်းလဲမှုများကို မျက်ခြေမပြတ် စောင့်ကြည့်သင့်ပါတယ်။ အချိန်မီပြောင်းလဲရေးအတွက် သာမက ပြည်ပသို့ တင်ပို့နိုင်သောကြောင့် ပို့ကုန်ငွေတိုးတက်ရေးကို အထောက်အကူဖြစ်စေကြောင်း ပမာပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆင်းသွယ်လတ် စပါး၊ မှော်ဘီနှင့် အင်းမရဲဘော် ဆန်များကို ဂျပန်နိုင်ငံမှ ဝယ်ယူမည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံ တန်းမြင့်ဆန်ဖြစ်တဲ့ ဆင်းသွယ်လတ်ကို နှစ်ပေါင်း(၄၅)နှစ် ကာလအတွင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် ဂျပန်ကို တန်ချိန်(၅၀၀၀)တင်ပို့ခဲ့ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ မြေသယံဇာတ၊ ရေသယံဇာတ၊ အလုပ်လုပ်သော လူသားအရင်းအမြစ်၊ အလွန်နိုးကြားကြိုးစားသော တောင်သူလယ်သမားများ၏ စွမ်းအားဖြင့် ပေါင်းစပ်ပြီး နိုင်ငံ၏ စီးပွားရေးအား စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ မြှင့်တင်ပေးရန် အကောင်းဆုံး အနေအထားဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးပညာရှင်များနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် အဓိကမောင်းနှင်အား (Driving Engine)မှာ လယ်ယာကဏ္ဍဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်ရန် အာရှထိပ်သီးနိုင်ငံအဖြစ် အလျင်အမြန်ရောက်ရှိရန် အခြေခံကောင်းများ ပြည့်စုံနေကြောင်း သုံးသပ်ပြောကြားရင်း ကမ္ဘာ့နိုင်ငံအသီးသီးကလည်း Virgin Land အဖြစ် တင်စားလျက် စိတ်ဝင်စားလျက် ရှိကြပါတယ်။ လယ်ယာကဏ္ဍဟာ အလုပ်အကိုင်အခွင့်အလမ်း (Job Opportunity)နှင့် လူတိုင်းအတွက် အခြေခံဖြစ်သည့် စားရေးနှင့် နေ့စဉ်ဝင်ငွေရရှိရေးအတွက် လိုအပ်ချက်ကို ချက်ချင်းလျင်မြန်စွာအောင်မြင်မှု (Quick Queen) ခေါ်ဆောင်နိုင်မည့် အဓိကနယ်မြေလည်း ဖြစ်ပါတယ်။ နိုင်ငံတော်၏ အစိုးရသစ် တာဝန်ယူသည့် ကာလအတွင်းမှာပဲ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်အား အမျိုးသားရေး အဓိကရည်မှန်းချက်အဖြစ် (National Ambition) ခိုင်မာစွာ ကြော်ငြာပြီး၊ ပြည်သူလူထု ဗဟိုပြု လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အတိအလင်း သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်းနှင့် နိဂုံးချုပ်အားဖြင့် ပြောရလျှင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က ဒေါက်တာမြင့်ကြည် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအတွင်း စီးပွားရေးတိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာဖြင့် ဆောင်ရွက်ရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် စီးပွားရေး အခြေအနေဟာ အရှိန်ဖြင့် ပြောင်းလဲစပြုလာသည်ကို တွေ့ရှိရပါတယ်။ အဓိက ပြောင်းလဲသည့် အချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အလုံးအရင်းဖြင့် တဖြည်းဖြည်း စတင်ပြီးတော့ ထိုးဖောက်ဝင်ရောက်လာပြီဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်း အနေနဲ့လည်း ပေါ်ထွန်းလာမှာဖြစ်ပြီးတော့ အဲဒီ အဓိကအချက် (၂)ချက်က နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စရပ်(၂)ရပ်မှာ မဟာဗျူဟာပိုင်းနဲ့ နည်းဗျူဟာပိုင်း ချမှတ်တဲ့နေရာမှာ အရေးတကြီးလိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ နေပြည်တော်မှာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြန်မာပြည်ဝင်လာလို့ရှိရင် အကျိုးအမြတ်လည်းရှိသလို အန္တရာယ်များလည်းရှိကြောင်း ဆွေးနွေးသွားတာကို မှတ်သားမိပါတယ်။ ၎င်းအန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် မူဝါဒ(၄)ရပ်ချမှတ်ပြီး ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ပြောသွားသည့်အတွက် ပီတိဝမ်းသာ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကိုလိုနီခေတ် ဗြိတိသျှများက မြန်မာနိုင်ငံရဲ့ သယံဇာတများကို ကုန်ကြမ်းအဖြစ်ထုတ်ယူပြီး၊ ၎င်းတို့ နိုင်ငံမှာ ကုန်ချောအဖြစ် ပြန်ထုတ်ကာ မြန်မာနိုင်ငံကို ပြန်သွင်းလာခဲ့တယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပထမနစ်နာချက်ဖြစ်ပါတယ်။

ဒုတိယနစ်နာချက်က မြန်မာနိုင်ငံမှာ လယ်ယာမြေပေါပါတယ်။ လုပ်မယ့် သူနည်းပါးတယ်။ အဲဒါကို အိမ်နီးနားခြင်း ပြည်ပမှလူတွေခေါ်ပြီး အလုပ်ခိုင်းတယ်။ ခေါ်ထားတဲ့ အလုပ်သမားတွေကို ဗြိတိသျှတွေပြန်သွားတဲ့အခါကျတော့ ခေါ်မသွားဘူး ချန်ထားခဲ့တယ်။ အဲဒါလည်း ဒုတိယအမှား ဖြစ်ပါတယ်။ နစ်နာမှုရှိပါတယ်။ အဲဒီဆိုးကျိုးဟာ ယခုထက်တိုင်ကျွန်တော်တို့ ရှင်းလို့မရတဲ့ ကိစ္စကြီးတစ်ခုအနေနဲ့ သောင်တင်နေခဲ့ပါတယ်။ ဒါကြောင့် စီးပွားရေး မဟာဗျူဟာချမှတ်ရာမှာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို လက်ခံသလို ရင်းနှီးမြှုပ်နှံမယ့် စက်ကိရိယာတွေ၊ နည်းပညာတွေဟာ မြန်မာပြည်မှာ ကျန်ထားဖို့ရှိသလို လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေမှာ ပါဝင်တဲ့ အလုပ်သမားများကလည်း မြန်မာနိုင်ငံရဲ့ နိုင်ငံသားပဲဖြစ်ဖို့ အရေးကြီးပါတယ်။ မလွှဲသာမှသာ ခုနပြောသလို လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များကို ထည့်သွင်းပေးဖို့ အကြံပြုလိုပါတယ်။ အဲဒါကို နည်းပညာ ပိုင်း၊ နည်းဗျူဟာရေးဆွဲတဲ့အပိုင်းမှာ ထည့်ပေးဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက် တင်ပြလိုတာကတော့ ၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးနဲ့ ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံခဲ့တဲ့နေရာမှာ မြန်မာနိုင်ငံကို ကူညီဖို့အတွက် အောက်ပါ အချက်တွေကို သဘောတူထားတာ တွေ့ရှိရပါတယ်။ အဓိကအချက်ကတော့ ပညာရေး၊ ကျန်းမာရေး၊ သုတေသနလုပ်ငန်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း၊ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး စသည့်အချက်တွေကို ကူညီပံ့ပိုးရန် လက်မှတ်ရေးထိုးတဲ့အတွက် ကျွန်တော် ကြိုလည်း ကြိုဆိုပါတယ်။ ဝမ်းလည်း ဝမ်းမြောက်တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားဟာ စစ်ကြိုခေတ်ကာလအတွင်းမှာ ကျွန်တော် ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့ဖူးတယ်။ ရှင်ငယ်ဝမ်းထဲလည်း ဝင်ခဲ့ဖူးတယ်။ အဲဒီတော့ စစ်ကြိုခေတ်ကာလမှာ အင်္ဂလိပ်ကို တော်လှန်ဖို့အတွက် မြန်မာလူငယ်တွေက နိုင်ငံခြားကို မျှော်တယ်။ မျှော်တဲ့အခါမှာ

ဂျပန်ကလိုအပ်တာ အကူအညီပေးမယ်လို့ ပြောတော့ ကျွန်တော်တို့က အများကြီးဝမ်းသာခဲ့တယ်။ ရေဒီယိုထဲမှာလည်း ခုနလိုပေါ့၊ ကြေညာတဲ့ အသံတွေဟာ ဒီနေ့ပဲ အင်္ဂလိပ်ကို ထပြီးချတော့ မလောက်အောင် လူငယ်တွေစိတ်ထဲမှာ ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမဲ့ ဂျပန်က မြန်မာပြည်ကို ဝင်လာတဲ့အခါမှာတော့ အပြောတခြား အလုပ်တခြားနဲ့ ဖြစ်တာကို မြန်မာနိုင်ငံသူ/နိုင်ငံသားများ တွေ့ကြုံရတဲ့အရာကို ယခုထက်တိုင်ပြောမဆုံးအောင် ကျန်ရစ်ခဲ့တာကို ဒါကတွေ့ရှိရမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အန္တရာယ်ရှိကြောင်းကိုလည်း သမ္မတကြီးက မှတ်ချက်ပြု ထားတာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် AFTA ကုန်သွယ်ရေးစနစ်ဟာ မြန်မာပြည်မှာ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ အဲဒီအချိန်အခါမှာ ကုန်သွယ်ရေးလုပ်ငန်းဟာ ဒလဟော စီးဆင်းလာမှာဖြစ်တယ်။ အဲဒီတော့ ဒလဟောစီးဆင်းလာတဲ့ အခါကျတော့ အဲဒီအပိုင်းမှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော်တို့ထုတ်လုပ်တဲ့ နေရာမှာ နိုင်ငံခြားကို မီဖို့အတွက် ကျွန်တော်တို့ ဒါက ခုနလိုပေါ့၊ ပြန်လည်မွမ်းမံပြီး ဒီထက်မက စည်းကမ်းစနစ်နဲ့ ကောင်းမွန်တဲ့ဟာကို ကျွန်တော်တို့ ကြိုတင်စီစဉ်ထားဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတဲ့ အချက်က စီးပွားရေး ဗျူဟာချမှတ်တဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးက တကယ်လို့သာ AFTA ကာလ ရောက်လာလို့ရှိရင် ကျွန်တော်တို့ စီးပွားရေးအနေနဲ့က ခံစစ်အနေနဲ့ ခြံစည်းရိုး မကျိုးပေါက်အောင် ပြင်ဆင်သင့်တဲ့ နည်းဗျူဟာကို ကျွန်တော်တို့ ကိုင်တွယ်ရမယ်လို့ ဒါ ဆိုလိုပါတယ်။ အဲဒီတော့ နိုင်ငံခြားက ဒလဟောဝင်လာမယ့် အသေးစားလုပ်ငန်းတွေ၊ စက်မှုပစ္စည်းတွေ၊ လူသုံးကုန်တွေဟာ ကျွန်တော်တို့ဆီ မကျိုးမပေါက်အောင် ဒါက ပြင်ဆင်ထားဖို့ပါတယ်။

ထို့အတူပဲ ကျွန်တော်အနေနဲ့တင်ပြလို့တဲ့အခါကျတော့ မဟာဗျူဟာပိုင်းမှာ ကျွန်တော်တို့ ခံစစ်ကို မယိမ်းယိုင်အောင် လုပ်ထားသလို၊ နည်းဗျူဟာပိုင်းမှာ ခံစစ်ကို အသွင်ဆောင်တဲ့ ထိုးစစ်ကို ကျွန်တော်တို့ ပြင်ဆင်ထားဖို့တော့ လိုပါတယ်။ ဒါဟာ ဘာဖြစ်သလဲဆိုတော့ အဓိကအချက်က ကျွန်တော်တို့ နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံမှာ လက်ရှိ နိုင်ငံတော်သမ္မတကြီးက နေပြည်တော်မှာ ဧက(၁၀၀၀)၊ ဧက(၅၀၀)စီမံကိန်း၊ Collected Farming ဒါလုပ်တာ၊ ဒါအလွန်ကောင်းပါတယ်။ ဒါဟာ နိုင်ငံတော်အစိုးရနဲ့ ပြင်ပလယ်သမားတွေနဲ့ ပေါင်းစပ်ပြီး လုပ်တဲ့စနစ်က ဒါ အလွန်ကောင်းပါတယ်။ အခုမှလုပ်တာမဟုတ်ပါဘူး။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး အစိုးရ လက်ထက်ကတည်းက ဒါစပြီးတော့လုပ်ခဲ့တဲ့လုပ်ငန်းပါ။ ထို့အတူ တော်လှန်ရေးအစိုးရ ပြီးတဲ့ အခါကျတော့လည်း ကျွန်တော်တို့ Collected Farming စနစ်ကို ကျွန်တော်တို့ န.ယ.က ခေတ် မှာလည်း လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက ရင်းနှီးမြှုပ်နှံမှုက၊ ငွေရေးကြေးရေးက များတဲ့အတွက် ကြောင့် ဒါ မလုပ်နိုင်ကြတာလည်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တင်ပြလိုတဲ့အချက်ကတော့ ခုနက ဒေါ်နန်းနီနီအေး ပြောသလို လသာတာ နေပြည်တော်မှာချည်း မသာနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာလည်း ဒီ Collected Farming ကို ဒါက စနစ်တကျ အကောင်အထည်ဖော်ပေးပါလို့ ကျွန်တော်အကြံပြုလိုပါတယ်။ ဒါဟာ Collected Farming အောင်မြင်သွားပြီးလို့ရှိရင် နိုင်ငံမှာ အဓိကစီးပွားရေး ဈေးကွက်တွေ၊ အရင်းအနှီးတွေ၊ ခုနလိုပေါ့ ဖောက်သည်တွေ၊ နောက်တစ်ခါ ဖောက်သည်တွေ လာနိုင်အောင်၊

ကိုယ့်ပစ္စည်းတွေ ဝယ်နိုင်အောင်လာဖို့တွေ အများကြီး ဒါပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဘာဖြစ်လို့လဲဆိုတော့ ရေအရင်းအမြစ်၊ မြေအရင်းအမြစ်က ကျွန်တော်တို့ ခုနလိုပေါ့၊ နေပြည်တော်မှာ လုပ်နိုင်တယ်ဆိုတာ ဒါပေါင်းလောင်းချောင်းကြီးရှိတယ်။ ပေါင်းလောင်းချောင်းကြီး ပေါ်မူတည် ပြီးတော့ ဒါက ခုနလိုပေါ့ လယ်ယာစနစ် ဖော်ထုတ်နိုင်မယ်။ ထို့အတူ ပေါင်းလောင်း ချောင်းက ဆက်သွားလို့ရှိရင် စစ်တောင်းမြစ် ဘယ်/ညာ လုပ်နိုင်တယ်။ ထို့အတူ ဧရာဝတီမြစ် ဘယ်/ညာ လုပ်နိုင်တယ်။ ထို့အတူ ချင်းတွင်းမြစ် ဘယ်/ညာ၊ ဒါတွေကို ခုနလိုပေါ့၊ Collected Farming စနစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာမယ့်သူကိုလည်း အဓိကအချက်က လယ်ယာကဏ္ဍမှာ မြှုပ်နှံကြပါ။ ပြီးလို့ရှိရင် မင်းတို့ တို့ဆီက ထွက်တဲ့ လယ်စပါးတွေကို ဝယ်ပါ။ ဒါတွေကို ခုနလို ပေါ့၊ နိုင်ငံခြား ဖိတ်ခေါ်ဈေးကွက်ရှာရပါတယ်။ ဒါတွေကို အဓိကထိုးစစ်အနေနဲ့ ဒါ ထားပြီးတော့ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

နောက်ဆုံးအချက်တင်ပြချင်တာက လက်ရှိကျွန်တော်တို့ စီးပွားရေးလုပ်ငန်းမှာ ဒါကို တချို့က ပေါ်ပင်လုပ်ငန်းလည်း ပါသလို၊ ကျွန်တော်တို့ နယ်စပ်ဒေသမှာ စနစ်တကျ ပြန်ထိန်းဖို့လည်း လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နေတဲ့ နေရာမှာ ကရင်ပြည်နယ်မှာဆို ခုန မြဝတီ ဂိတ်၊ မြဝတီ ဂိတ်က ဒါကတော့ တရားဝင်သွားတဲ့ သူရှိသလို၊ တရားမဝင်သွားတဲ့သူ ရှိတယ်။ တရားဝင် ဝင်သလို၊ တရားမဝင် ဝင်လာတာလည်း ရှိတယ်။ အဲဒါကိုတော့ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံတော် အနေနဲ့၊ ကုန်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဒါဘာပဲ ပြောပြော ဘတ်ဂျက် အနေနဲ့ရော၊ အခွန် အနေနဲ့ ရောတအားနစ်နာပါတယ်။ ထို့အတူ မသိမသာဆုံးရှုံးတဲ့ နေရာက ဘုရားသုံးဆူနေရာ၊ ဒါ နိုင်ငံတော် အစိုးရက၊ ကုန်သွယ်ရေးက တရားဝင်ဂိတ် ဖွင့်လား၊ မဖွင့်လားတော့ မပြောလိုဘူး။ သွားလိုက်တဲ့ ပစ္စည်းတွေ၊ ဝင်လိုက်တဲ့ ပစ္စည်းတွေဟာ လူမသိ၊ သူမသိနဲ့ အဲဒီ ဒေသမှာနေတဲ့ အုပ်ချုပ်ရေးအပိုင်း တွေက ဘယ်လိုစီမံခန့်ခွဲလည်းတော့ ကျွန်တော်မပြောတတ်ဘူး။ ဒါကိုကုန်သွယ်ရေးဌာနက ပိုသိမယ်။ ထို့အတူပဲ ကျွန်တော်တို့နေရတဲ့ ရှမ်းပြည်နယ်ဒေသမှာဆိုရင် နံပတ်(၁) တရားဝင်သွားတဲ့ လုပ်ငန်း ရှိသလို၊ တရားမဝင်သွားတဲ့ လုပ်ငန်းလည်း ရှိနေတာကို ကြားသိနေရပါတယ်။ ဒါတွေကလည်း မကောင်းဘူး။ နိုင်ငံတော်အနေနဲ့ သိပ်ပြီးတော့ အခွန်တွေ၊ အတုပ်တွေ၊ ဆုံးရှုံးတယ်။ တကယ်လို့သာ ဒီအခွန်အတုပ်တွေကို တရားဝင် ဝင်လာလို့ရှိရင် GDP ဟာ ဒီထက်မက တက်လာမယ်ဆိုတာ ကျွန်တော်ပြောရဲပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တဲ့အချက်က ဒီလိုစီးပွားရေး စီမံကိန်းရေးဆွဲတဲ့ အခါမှာ နည်းဗျူဟာပိုင်းမှာ နယ်စပ်ဂိတ်ကုန်သွယ်ရေး စီးဆင်းတဲ့အခါမှာ နိုင်ငံတော်အတွက် အရေးကြီးတဲ့ ကုန်ပစ္စည်းတွေ ပို့တယ်၊ သွင်းတယ်ဆိုလို့ရှိရင်လာခဲ့ သက်ဆိုင်ရာဌာနအကြီးအကဲ က နေပြီးတော့ တာဝန်ခံတဲ့ ကိုယ်စားလှယ်တစ်ယောက်လာထိုင်၊ ထိုင်ပြီးတော့ ဒါဟုတ်လား။ ဒါစစ်လား စစ်၊ ပြီးရင်သက်ဆိုင်ရာနယ်ခြားဂိတ်ကလည်း ဒါကုန်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ အရေးကြီး တဲ့ဌာန၊ ဒါသတင်းပေး၊ ဒီလိုလုပ်မှသာ ကျွန်တော်တို့ ထင်သာမြင်သာတဲ့ ကုန်သွယ်မှု ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ နို့မို့ဆိုရင် ဘာဖြစ်လို့ ဒါပြောရသလဲဆိုတော့ အခုကျွန်တော်တို့ ဖြေလျှော့မှုတွေနဲ့ နိုင်ငံတော်အကြီးအကဲတွေက ကဲ မင်းတို့ကုန်သွယ်ရေးလုပ်ငန်းတွေကို ပြည်နယ်က တစ်ဆင့် မင်းတို့ ကွပ်ကဲကြ၊ လုပ်ကြ ဆိုပြီးတော့ ဖြေလျှော့မှု ပြည်နယ်ကို တာဝန်လွှဲပေးလိုက်တယ်။ အဲဒီတော့ ဘာဖြစ်

သလဲ ဆိုတော့ ပြည်နယ်နဲ့တိုင်းတွေမှာ Mobile Teams တွေဟာ ဆိုင်ကယ်နဲ့ ကယ်ရီသမားလေး တွေကို အသာလေး သူတို့ စိတ်ညစ်အောင် လုပ်ပြီးတော့၊ တကယ့်ကြီးကြီးမားမားတွေကျတော့ အကုန်လုံး မသိချင်ယောင်ဆောင်ပြီးတော့ လုပ်ပေးတာတွေ ကြားသိနေရတယ်။ ဒါတွေဟာ ဟုတ်/ မဟုတ်တော့ မပြောတတ်ဘူး။ ကျွန်တော်ကြားတာပြောတာပါ။ ထို့အတူပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ မူဆယ်ဒေသမှာလည်း ခုနလိုပေါ့ ဘာလဲ စိမ်းကားကားကြီးတွေ၊ ရမ်းကားကားကြီးတွေ၊ ဆိုးသွမ်း ကားကြီးတွေ၊ တံခါးမရှိ၊ ဓားမရှိသွားတယ်ဆိုတာ ခုနလိုပေါ့၊ ပြည်နယ်အစိုးရများ သိလား၊ မသိလား တော့ မပြောတတ်ဘူး။ ပြောသံဆိုသံတော့ ကြားနေရတယ်။ ဒါတွေကိုလည်း နိုင်ငံတော် အစိုးရက အနေနဲ့ အခွန် နစ်နာမှု စနစ်တွေဟာ ဒါတွေ အများကြီးရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် နောက်ဆုံးတင်ပြချင်တဲ့အချက်ကတော့ သက်ဆိုင်ရာ ဒါတွေကို စီးပွားရေးရဲ့ နည်းပညာ၊ မဟာဗျူဟာရေးဆွဲတဲ့အခါမှာ ဒါတွေဟာ ခုနလိုပေါ့၊ နိုင်ငံရေး၊ စီးပွားရေး ဘောဂဗေဒပညာရှင်၊ နိုင်ငံရေးဘောဂဗေဒပညာရှင်၊ ဘဏ္ဍာရေးဆိုင်ရာ ဘောဂဗေဒပညာရှင်တွေ စုပေါင်းပြီးတော့၊ ရေးဆွဲပြီးတော့ ရေပက်မဝင်အောင် နည်းဗျူဟာများရေးဆွဲသလို၊ ကျွန်တော်တို့ နည်း ဗျူဟာပိုင်းမှာ အရေးပေါ်ဖြစ်လာလို့ရှိရင် ပြောင်းလွယ်၊ ပြင်လွယ်တဲ့ စနစ်လည်း ထည့်သွင်းရေးဆွဲဖို့ အကြံပြုရင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော ခိုင်မာသော စီးပွားရေး မဟာဗျူဟာချထားရေး အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) ဒေါက်တာမြင့်ကြည် ရဲ့ မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ် ဦးညွန့်တင် မှ ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်ပါရှိသည်ကို ခွင့်ပြုပေး ပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုများကြောင့် အခုအခါမြန်မာနိုင်ငံဟာ စီးပွားရေးတိုးတက်ရန် အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ နိုင်ငံ တစ်နိုင်ငံ တိုးတက်တယ်ဆိုတာ အဲဒီနိုင်ငံရဲ့ ဝင်ငွေတိုးတက်လာခြင်းပဲ ဖြစ်ပါတယ်။ သာမန်စကားနဲ့ ပြောရရင် နိုင်ငံချမ်းသာလာဖို့ပေါ့၊ နိုင်ငံချမ်းသာလာဖို့ ကျွန်တော်တို့ လုပ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံချမ်းသာလာချင်တဲ့ စိတ်ကတော့ ကျွန်တော့်မှာ ဒီ နိုင်ငံတကာကို ရောက်တဲ့ အချိန် ကစပြီးတော့ ပိုပြီးတော့ ကျွန်တော်စိတ်ထဲမှာ ပြင်းပြင်းထန်ထန် ဖြစ်လာခဲ့ပါတယ်။ တို့နိုင်ငံ ချမ်းသာ ဖို့လိုတယ်။

ကျွန်တော် ပထမဦးဆုံး Posting ရောက်တာ ဟောင်ကောင်ပေါ့။ ဟောင်ကောင် ရောက်တဲ့အခါမှာ ဟောင်ကောင်ကြည့်လိုက်ပြီးတော့ ဘန်ကောက်လေဆိပ် ရောက်ကတည်းကပါ။ ဘန်ကောက်လေဆိပ် ရောက်ကတည်းက ဟာ ငါတို့နိုင်ငံတော့ ဒီထက်ချမ်းသာအောင်လုပ်ဖို့ လိုတယ်ဆိုတာ ကျွန်တော်တို့ စိတ်ထဲမှာ ဖြစ်နေပါတယ်။ အဲဒီတော့ ဟောင်ကောင်ရောက်တဲ့ အခါကျတော့ အဲဒီမှာ ဟောင်ကောင် တိုးတက်တာကြည့်ပြီးတော့ အော် တို့နိုင်ငံလည်း ဒီလို တိုးတက်စေချင်တယ်။ အဲဒီလိုဖြစ်လာတယ်။

အဲဒီမှာ ကျွန်တော် မှတ်မှတ်ရရ ပညာရှင်တစ်ယောက် ပြောတာလေး ကျွန်တော်မှတ်မိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အဲဒီလိုပဲ သောင်းကျန်းသူတွေ၊ ဟုတ်လား သူပုန်တွေ အဲဒီအချိန်မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုလောက်တောင် မငြိမ်းချမ်းသေးပါဘူး။ အဲဒီတော့ သူပြောတဲ့ စကားလေးတစ်ခွန်း ကျွန်တော်မှတ်မိနေတယ်။ မင်းတို့ နယ်စပ်တွေ၊ အဲဒီဖြစ်နေတဲ့ နေရာတွေမှာ လမ်းတွေသာ ဖောက်ပေးလိုက်တဲ့၊ လမ်းတွေများများရှိရင် လူတွေ သွားလာမယ်။ Tourists တွေ သွားမယ်။ ကုန်စည် စီးဆင်းမှုတွေဖြစ်မယ်။ အဲဒါကြောင့်မို့လို့ ခုန သူပုန်ထတယ်၊ သောင်းကျန်းသူတွေဟာ အများကြီး လျော့သွားနိုင်တယ်လို့ အဲဒီကတည်းက သူပြောဖူးတယ်ခင်ဗျား။ ၁၉၉၀ ကတည်းက ပြောတာ၊ အဲဒီတော့ ဒီအချက်ဟာလည်း မှန်သင့် သလောက်မှန်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တိုင်းပြည်ချမ်းသာဖို့ဆိုရင် ကျွန်တော်တို့ ဒေါက်တာမြင့်ကြည် ဆွေးနွေးသွားတဲ့ အဆိုထဲမှာ ဆိုသလိုပေါ့၊ ပြည်တွင်းနဲ့ ပြည်ပ နည်းဗျူဟာ ကျွန်တော်တို့ (၂)ပိုင်းနဲ့ ဆောင်ရွက်ဖို့ လိုပါတယ်။ ပြည်ပနဲ့ ဆက်ဆံတဲ့ နည်းဗျူဟာ တွေကတော့ ဘာတွေလည်းဆိုတော့ (က)ကျွန်တော်တို့ ခုအချိန်အခါမှာ နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပြီးဖြစ်ပါ၍ ဈေးကွက်များကို အမိအရ ရယူဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီမှာ စီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးလည်း ရှိပါတယ်။ အဲဒီဝန်ကြီးဌာနကလည်း အဓိက လုပ်ဆောင်နေတာ ကျွန်တော်တို့ သိပါတယ်။

သို့သော်လည်း ကျွန်တော်အတွေ့အကြုံနဲ့ ကျွန်တော် ဖတ်ခဲ့မှတ်ခဲ့ လေ့လာဖူးတဲ့ အချက်ကလေးတွေ ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ စီးပွားရေးအရ ပိတ်ဆို့မှုတွေ ကျွန်တော်တို့ ဖယ်ရှားလိုက်ပြီ။ အဲဒီတော့ အဲဒါတွေကို ကျွန်တော်တို့ Market တွေ ဖွင့်ပေးတယ် ခေါ်တာပေါ့ ဥက္ကဋ္ဌကြီးခင်ဗျား။ Market ဖွင့်ပေးတဲ့အချိန်မှာ ကျွန်တော်တို့က အမိအရ ရယူဖို့ လိုပါတယ်။ အထူးသဖြင့် ကျွန်တော် တစ်ချိန်က တင်ပြခဲ့ဖူးသလို EU နဲ့ US Market က ကျွန်တော်တို့ သိပ်အရေးကြီးပါတယ်။ ကမ္ဘာ့နိုင်ငံတွေ တိုးတက်တာကြည့်ရင် ပထမဦးဆုံး ဂျပန်နိုင်ငံ၊ ဂျပန်နိုင်ငံဟာ သူတို့ စီးပွားရေး ပြန်လည်ပြီးတော့ ထူထောင်တဲ့အချိန်မှာ US Market ကို ရလိုက်တယ်။ US Market ဖွင့်ပေး လိုက်တော့ ဂျပန်က အဲဒီကိုလည်း ကုန်တွေပို့တယ်။ အဲဒီကလည်း နည်းပညာတွေ သူတို့ ယူတယ်။ အဲဒီတော့ ဂျပန်ဟာ အခုဆိုရင် ကမ္ဘာမှာ တတိယအကြီးဆုံး စီးပွားရေးဖြစ်နေပါတယ်။ ဂျပန်ပြီးတော့ ကျွန်တော်တို့ တောင်ကိုရီးယားပေါ့၊ တောင်ကိုရီးယားမှာလည်း US Market နဲ့ EU Market ကို ရလိုက်တယ်။ ရလိုက်တဲ့အခါ တောင်ကိုရီးယား တိုးတက်လာတယ်။ နောက် ထိုင်းလည်း EU တို့ US Market တွေ ရလိုက်တဲ့အခါမှာ ကျွန်တော်တို့ အများကြီးတိုးတက်လာတယ်။ အဲဒါကို အသုံးချတယ်။ နောက်ဆုံး ကျွန်တော်တို့ တရုတ်၊ တရုတ်နိုင်ငံကတော့ အဓိက သူကတော့ အဲဒီ US နဲ့ EU နဲ့ ဒီ Market နှစ်ခုပဲ။ အဲဒါကြောင့်မို့လို့ အဲဒါတွေကို သင်ခန်းစာယူပြီးတော့ ကျွန်တော်တို့က ဒီ US

Market, EU Market နဲ့ အဲဒါတွေကို ကျွန်တော်တို့ ဘယ်လိုထိုးဖောက်မှာလဲ၊ ကျွန်တော်တို့ ဘယ်လိုပစ္စည်းတွေ ပို့မလဲ။ ဆန်ပို့မလား။ ဟုတ်လား၊ ပဲပို့မလား။ သစ်ပို့မလား။ ကျွန်တော်တို့ ငါးတွေ ပို့မလား သို့မဟုတ် ချုပ်ပြီးသားအထည်တွေ ပို့မလား။ အဖြစ်နိုင်ဆုံးကတော့ ချုပ်ပြီးသားအထည်တွေကို ထိုးဖောက်ပြီးတော့ ပို့နိုင်ရင် ကျွန်တော်တို့ အများကြီး အကျိုးရှိနိုင်ပါတယ်။

ကျွန်တော်တို့ ဆီမှာ CMP တွေ အခုဆို တစ်ပတ်ကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို CMP က ရင်းနှီးမြှုပ်နှံမှုအသစ် CMP ဆိုတာက Cot Manufacture and Pacaging ပေါ့။ ကျွန်တော်တို့ အဲဒါလုပ်တဲ့ စက်ရုံတွေ၊ ကျွန်တော်တို့ နိုင်ငံခြားက နေပြီးတော့ အဝတ်စတွေ ပို့လိုက်တယ် အဲဒါကို ဖြတ်တယ်၊ ဒီမှာ ချုပ်တယ်။ ပြီးတော့ နိုင်ငံခြားကို ပြန်ပို့ တယ်။ အဲဒီဟာတွေ တစ်ပတ် တစ်ပတ်ကို ကျွန်တော်တို့ (၄)ခုကနေပြီးတော့ (၅)ခု(၆)ခုအထိ ဝင်နေပါတယ်။ ဝင်နေတဲ့ အတွက် ကြောင့် CMP စက်ရုံတစ်ခု ထူထောင်လိုက်တယ်ဆိုရင် ဗမာပြည်မှာ ကျွန်တော်တို့ မြန်မာ မိန်းကလေးတွေ အလုပ်(၅၀၀)နဲ့(၁၀၀၀)ကြားမှာ အလုပ်ရပါတယ်။ အဲဒီတော့ အခုဆိုရင် တစ်ပတ် တစ်ပတ်မှာ(၄)ခု၊ (၅)ခု၊ (၆)ခု အဲဒီလို ဝင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ တိုင်းသူပြည်သားတွေ အထူးသဖြင့် မိန်းကလေးအငယ်တွေဟာ အလုပ်တွေအများကြီး ရနေကြတယ်။ ဒါ တစ်ပတ် တစ်ပတ်ကို ဝင်တာ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ EU တို့၊ အမေရိကန်တို့ Market တွေ ဟုတ်လား။ ဂျပန် Market တွေဆိုရင် CMP က ပစ္စည်းတွေကို ဘယ်လို ပို့မလဲ ဒါကိုကျွန်တော်တို့ ဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ Strategy ချပြီးတော့ ကျွန်တော်တို့ လုပ်ဖို့လိုပါမယ်။ အဲဒီအပြင်မှာ ဂျပန် Market ခုနက တစ်ယောက်လည်း ပြောသွားပြီ။ ဂျပန် Market ကတော့ ခုနက ချုပ်ပြီးသား အထည်တွေ ပို့လို့ရတယ်။

နောက် အခု ဝမ်းသာစရာ ကောင်းတာကတော့ ဆန်ပေါ့။ ဂျပန်ကို ဆန် ကို စပို့လို့ရတာဆိုတာ ဒါ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ ကျွန်တော့် စိတ်ထဲမှာလည်း အမြဲရှိပါတယ်။ ဆန်စပါး ပို့ဆောင်ရေးဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ ဒီပြင်ပစ္စည်းပို့တာထက် ဆန်ကို ပို့နိုင်ရင် လယ်သမားတွေ ချမ်းသာမယ်။ လယ်သမားချမ်းသာရင် Spending Power ခေါ်တယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ သူတို့ရဲ့ သုံးနိုင်မှုတွေတိုးလာမယ်။ လယ်သမားက မြန်မာနိုင်ငံမှာ (၇၀)ရာခိုင်နှုန်း ရှိတယ်။ ဒီ(၇၀)ရာခိုင်နှုန်းသော လုပ်သားပြည်သူတွေရဲ့ Spending Power တိုးလာရင် ကျွန်တော်တို့ Economy ဟာ အလိုလိုနေရင်း တက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဂျပန်၊ ကိုရီးယားကို ဘယ်လို လုပ်မလဲ။ အာဆီယံနိုင်ငံတွေကတော့ သူလို ကိုယ်လိုပဲ ကျွန်တော်တို့ ကုန်သွယ်ရေး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ ကုန်တွေကို ယူနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီ စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားတဲ့ဥစ္စာကို ကျွန်တော်တို့ အမိအရ အဲဒါကို ယူဖို့ဖြစ်တယ်။ နောက်တစ်ခုက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့ (IMF) နဲ့ ပြည်ပနိုင်ငံတွေက ပံ့ပိုးမှုကိုယူပြီးတော့ ထိရောက်စွာ အသုံးချသွားရန်ဆိုတဲ့အချက်ဖြစ်ပါတယ်။

နောက် တတိယအချက်ကတော့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် Trade Development Board များ စေလွှတ်ရန်၊ စီးပွားရေးသံမှူးများ ခန့်ထားရန်၊ တလောကပဲ ဒေါက်တာခင်ရွှေ တင်ပြသွားသလို စီးပွားရေးသံမှူးတွေ ကျွန်တော်တို့ဟုတ်လား နိုင်ငံတကာမှာ တိုးချဲ့ ခန့်ထားဖို့၊ နောက် Trade Development Board ကတော့ ကျွန်တော်တို့ ဟောင်ကောင်တို့၊

ကျွန်တော်တို့ အင်ဒိုနီးရှားတို့၊ ပြင်သစ်တို့မှာလည်း တွေ့ပါတယ်။ ပြင်သစ်မှာဆိုရင် ထိုင်း ဟာ ဆိုလို့ရှိရင် သူတို့ရဲ့ Trade Development Board ရုံးတစ်ခုကို ဖွင့်ထားပါတယ်။ ဖွင့်ထားပြီးတော့ကို လုပ်နေ ပါတယ်။ မနက်ဆိုရင် ပြင်သစ်နိုင်ငံကို ထိုင်း TG ဆိုက်လိုက်တာနဲ့ အဲဒီ TG လေယာဥ်ပျံပေါ်မှာ ကဇွန်းရွက်ကအစ ငပိရည် အကုန်လုံးပါလာပါတယ်။ ကုန်တွေ၊ အဲဒါတွေက တခါတည်း တန်းပြီးတော့ China Town ကို ရောက်သွားပါတယ်။ ရောက်သွားပြီး အဲဒီမှာ သူတို့ရောင်းတာပေါ့။ အဲဒါ TG လေယာဥ်ပျံ (၅)စီးဆိုက် (၅)စီးလုံးပါတယ်။ အဲဒီလို ကျွန်တော်တို့ သူတို့ရဲ့ Trade Development Board တွေကနေပြီးတော့၊ တာဝန်ခံပြီးတော့ ဆောင်ရွက်နေတာကို တွေ့ရတယ်။ နောက် ခုန စီးပွားရေးသံမှူးတွေ၊ နောက်ပြီးတော့ ဂုဏ်ထူးဆောင် စီးပွားရေး ကောင်စစ်ဝန်တွေ၊ သူတို့တွေ ခန့်ထားပြီးတော့လည်း ကျွန်တော်တို့ ဆောင်ရွက်လို့ရပါတယ်။ ဒါတွေကတော့ ကျွန်တော် အသေးစိတ် ပြောရင်တော့ အများကြီးပါ၊ သို့သော်လည်း အချိန်ကို ငဲ့တဲ့နေနဲ့ ပြည်ပနဲ့ သက်ဆိုင်တဲ့ နည်းဗျူဟာတွေမှာ ဒီအချက်ကလေးတွေကို အထူးဂရုပြုပြီးတော့ ဆောင်ရွက်သွားရင် တိုင်းပြည် ချမ်းသာလာမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ ပြည်တွင်းနဲ့ ပတ်သက်တဲ့အချက် ပြည်တွင်းနဲ့ သက်ဆိုင်တဲ့ နည်းဗျူဟာတွေကတော့ ကျွန်တော်တို့ (က) အခြေခံ အဆောက်အအုံများ Infrastructure ကို ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်သွားရန်၊ ဒီအချက် အင်မတန်အရေးကြီးပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက Investor တွေကို ကျွန်တော်တို့ ခေါ်ဖို့လိုပါတယ်။ အဲဒီမှာ Investor တွေ ကျွန်တော်တို့ အများကြီးတွေ့ဖူးပါတယ်။ ကျွန်တော် နိုင်ငံတကာမှာ တာဝန်ထမ်းဆောင်တုန်းကလည်း Investor တွေကို အများကြီးဆက်ဆံဖူးတယ်။ နောက်အခုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကျွန်တော်တို့ တွေ့နေရတယ်။ Investors တွေအများကြီး။ အဲဒီအချိန်မှာ သူတို့ရဲ့ အားလုံးကနေပြီးတော့ Common ဖြစ်တဲ့ ပြောဆိုချက်တစ်ချက်ကတော့ ဘာလဲဆိုတော့ မြန်မာနိုင်ငံကို တို့ ရင်းနှီးမြှုပ်နှံမှု လာချင်တယ်။ မြန်မာနိုင်ငံက အဆင်သင့် မဖြစ်သေးဘူး။ တချို့ဟာတွေ အထူးသဖြင့် Infrastructure အဆင့်သင့်မဖြစ်သေးဘူး။။ Infrastructure ဆိုတာက ခုန လမ်းတွေ၊ တံတားတွေ၊ နောက်တစ်ခါ အဓိက ကတော့ လျှပ်စစ်ပေါ့၊ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ကို ကျွန်တော်တို့ အလုံအလောက် ပေးဖို့လိုပါတယ်။

လျှပ်စစ် ကျွန်တော်တို့ Infrastructure ထဲမှာ လျှပ်စစ်ဟာ အဓိက အင်မတန် ကျပါတယ်။ ကျွန်တော်တို့နိုင်ငံဟာလည်း လျှပ်စစ်ဝန်ကြီးဌာန ကလည်း အစွမ်းကုန် ကြိုးစားနေတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့်လို့ ခုန စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ နည်းဗျူဟာထဲမှာတော့ အဓိက ကျွန်တော်တို့ ထည့်သွင်းရမယ့်အချက် ကတော့ Infrastructure ထဲမှာတောင်မှ လျှပ်စစ်ပါပဲ။ လျှပ်စစ်မရှိရင် ဘာမှ ကျွန်တော်တို့ ပြည့်စုံအောင် မပေးနိုင်ရင် စက်မှုတွေ မထွန်းကားနိုင်ပါဘူး။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှု ပြုမယ့်၊ ရင်းနှီးမြှုပ်နှံမှုလုပ်မယ့် လုပ်ငန်းရှင်တွေဟာလည်း ဒီကိုလာပြီး အဓိကအဲဒါပဲ မေးပါတယ်။ အဲဒါပဲ ကြည့်ပါတယ်။ ဟိုတနေ့ကတောင် ကျွန်တော်တို့ Toyota က စက်ရုံတွေ သူလုပ်ချင်တယ်ပေါ့။ အဲဒါနဲ့ ဆွေးနွေးကြည့်လိုက်တဲ့အခါကျတော့ သူက ဘာပြောလဲဆိုရင် အဲအချိန်မှာ သူတို့ရဲ့ အခုကားတွေက အထူးသဖြင့် Electronic တွေ အများကြီးဖြစ်လာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ Electronic တွေ အများကြီးဖြစ်လာတဲ့ အတွက်ကြောင့် ဒီလျှပ်စစ်က ရရုံတင်မဟုတ်ဘူး

လျှပ်စစ်က မှန်လည်းမှန်ရမယ်။ သူတို့ရဲ့ Electronic ကို ပံ့ပိုးတဲ့ပစ္စည်းတွေ အဲဒါတွေကို ကျွန်တော်တို့က ထုတ်နိုင်လို့ရှိရင် ဒါတွေဟာ လျှပ်စစ်ရဲ့နှုန်းတွေကလည်း တည်ငြိမ်ဖို့လိုတယ်။ Voltage တို့ ဘာတို့ဆို အဲဒီလောက်အထိ သူတို့က ကျွန်တော်တို့ ထင်တာ လျှပ်စစ်ရပြီးရော၊ မဟုတ်ဘူး သူတို့က Voltage, Voltage တွေ လည်း တည်ငြိမ်တာလေးတွေလည်း လိုပါတယ် ဆိုပြီးတော့ ဒီလို Toyota က ပုဂ္ဂိုလ်တစ်ယောက်နဲ့ တွေ့တဲ့အခါမှာ ကျွန်တော်တို့ ပြောသွားပါတယ်။

အဲဒါကြောင့်မို့လို့ ပထမအချက်အနေနဲ့ကတော့ Infrastructure အဓိကလိုပါတယ်။ ဒုတိယအချက် ကတော့ နိုင်ငံတော်ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု Reforming the Economy ကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ အဲဒါကတော့ စီးပွားရေးပြုပြင် ပြောင်းလဲမှုတွေ ကျွန်တော်တို့ အများကြီးလုပ်နေပါတယ်။ လုပ်နေတဲ့အခါမှာ အစိုးရဦးဆောင်ပြီးတော့ ကျွန်တော်တို့ လုပ်နေပါတယ်။ လုပ်နေတဲ့အခါမှာ အဓိကတော့ ကျွန်တော်တို့က Export Oriented Economy ပေါ့။ ခုန ကျွန်တော်တို့ ပြောသလို ကျွန်တော်တို့ နိုင်ငံက စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား အဓိကကတော့ Export Oriented ကို လုပ်ရပါမယ်။ ဆန်စပါးပေါ့။ ဆန်စပါးကို အဓိက ကျွန်တော်တို့ ရှိမယ်။ နောက်တစ်ခါ ပဲ၊ အဲဒါလည်း ကျွန်တော်တို့ ဝန်ကြီးဌာန စီမံကိန်းတို့ ဘာတို့က ပဲ ကို ဘယ်လို ဘယ်ကို ပို့မလဲ။ ပို့တဲ့အခါမှာ တို့ ပဲတွေ ဈေးကောင်းရအောင် ဘယ်လို လုပ်မလဲ။ ဒါတွေကို ကျွန်တော်တို့ နည်းဗျူဟာချပြီးတော့ လုပ်ဖို့လိုပါတယ်။ ပဲ ဟာ ကျွန်တော် သိသလောက်ဆိုရင်တော့ ကမ္ဘာမှာ ကျွန်တော်တို့ နံပါတ်(၂)လောက် ဖြစ်နေတယ်။ နံပါတ်(၁)ကတော့ ကျွန်တော်တို့ ကနေဒါလို့ ကြားဖူးတယ်။

အဲဒီ ပြီးတော့ ကျွန်တော်တို့ နံပါတ်(၂)အဆင့် ရောက်တာကနေ နံပါတ်(၁)ကို ရောက်အောင် အထိ ကျွန်တော်တို့ ပဲ ကို ဘယ်လို ကြိုးစားသွားမလဲပေါ့။ အဲဒါ ကျွန်တော်တို့ လိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားက ဘေးမှာ ပဲ အများဆုံး စားသုံးတဲ့ အိန္ဒိယနိုင်ငံနဲ့ ကပ်လျက်ရှိ ပါတယ်။ ဒါကြောင့်မို့လို့ ပထဝီအနေအထားအရ ကျွန်တော်တို့က အင်မတန်မှ ကောင်းနေပါတယ်။ နောက်တစ်ခါ ဥပမာ - ငါး ကို ဘယ်လိုပို့မလဲ။ အခုဆိုရင် ကျွန်တော်တို့ ကြားတာ ရုရှားကနေပြီးတော့ ကျွန်တော်တို့ဆီက ငါး တွေကို ကျွန်တော်တို့ ဝယ်ချင်တယ်ဆိုပြီး ကြားရတယ်။ အဲဒါလည်း ငါးမြစ်ချင်းတို့ ဘာတို့ ဆိုရင် သူတို့ ကြိုက်တယ်လို့ ကြားရပါတယ်။ ဒါကိုလည်း ရုရှားကို ဘယ်လို ပို့မလဲ စသည်ဖြင့် နောက်တစ်ခုကတော့ Reforming the Economy မှာ Tourism လည်း ပါပါတယ်။ Tourism က ကျွန်တော်တို့ မကြာခဏ ပြောသလို Smokeless Industry ပေါ့နော်။ ဒါ မီးခိုးမထွက်တဲ့ စက်ရုံပဲ။ သူက Tourism ဟာ ကျွန်တော်တို့က ဒီနှစ်မှာမှ (၁)သန်းကျော်၊ ထိုင်းမှာဆို သန်း(၂၀)လောက် လာနေတယ်။ တစ်ခါ ဟို မလေးရှားဆိုရင် (၂၀)တောင် ကျော်လာပါတယ်။ (၂၂)သန်းလောက် လာတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က Tourism ကို မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချပြီးတော့ ဆောင်ရွက်သွားဖို့ လိုပါတယ်။ အခု ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ကလည်း လုပ်နေတာကို ကျွန်တော်တို့ သတင်းထဲမှာ တွေ့ရပါတယ်။ အထူးသဖြင့် ခရီးသွား လုပ်ငန်းကို ဝန်ကြီးဌာနကနေပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ADB နဲ့ လုပ်ပါတယ်။ နောက်တစ်ခါ နော်ဝေ နဲ့ Strategy ဆွဲပြီးတော့ (500)Million ပေါ့လေ။ သန်း(၅၀၀) တန်တဲ့ Strategy ဆွဲပြီးတော့ ဆောင်ရွက်နေတယ် ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်တစ်ခုက ပြည်တွင်းဈေးကွက်ကိုလည်း ပြုစုပျိုးထောင်ရန်၊ ပြည်တွင်းဈေးကွက် ဆိုတာ အဓိက ကျွန်တော် ဆိုလိုချင်တာက ကျွန်တော်တို့ ဆီက Capacity Building ပေါ့။ ကျွန်တော်တို့ရဲ့ လူငယ်တွေ အများကြီးရှိပါတယ်။ သူတို့ကို Capacity Building လုပ်ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ အဲဒါကတော့ ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ အထူးသဖြင့် ကျွန်တော် ပြည်တွင်းက လုပ်ငန်းရှင်တွေ မေးကြည့်တယ်။ နောက်တစ်ခါ ပြည်ပကလာတဲ့ လုပ်ငန်းရှင်တွေ မေးကြည့်တယ်။ မြန်မာပြည်မှာ သူတို့ စီးပွားရေးလုပ်ငန်း လုပ်တဲ့အခါမှာ ဘာအရှားဆုံးလဲ ဆိုတော့ သူတို့က Good Manager နဲ့ Good Accountant လို့ ပြောပါတယ်။ မန်နေဂျာ ကောင်းကောင်းကို ငှားလို့ မရနိုင်ဘူး။ ရရင်လည်း နည်းတယ်ပေါ့။ အဲဒီကောင်းတဲ့ မန်နေဂျာကို ဝိုင်းလုနေကြတာပဲ။ နောက်တစ်ခါ Good Accountant, Accountant လည်း တော်တဲ့ Accountant က တော်တော်ရှားတယ်။ ရှိတဲ့ Accountant လေးတွေကို ဟိုကုမ္ပဏီက ပိုက်ဆံပိုပေး၊ ဒီကုမ္ပဏီက ပိုက်ဆံပိုပေး အဲဒီလို ဖြစ်နေကြ တယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ အဲဒါ ဘာလဲဆိုရင် ကျွန်တော်တို့ Capacity Building ပဲ။ ကျွန်တော်တို့ရဲ့လူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ နောင်တွင်ဖြစ်ပေါ်လာမယ့် Stock ဈေးကွက်၊ Stock Exchange ကို စနစ်တကျ ဆောင်ရွက်သွားရန်၊ ဒီဥစ္စာကတော့ Stock Exchange ဟာ အင်မတန် အရေးကြီးပါတယ်။ ဒါဟာ တိုင်းပြည်တစ်ပြည် Economic Indicator ပဲ။ ကျွန်တော်တို့ အခုဆိုရင် US ကို ကြည့်ရင် Dow Jones, Dow Jones ဆို ကြည့်လိုက်ရင် သိတယ်။ NYSE - New York Stock Exchange ကို ကြည့်လိုက်ရင် အဲဒီ အမေရိကန်နိုင်ငံ (US) ရဲ့ Economic ဟာ တက်သလား၊ ကျသလားဆိုတာ၊ Europe မှာဆိုလည်း London Stock Exchange, France Bourse Stock Exchange ဒါတွေကို ကြည့်လိုက်ခြင်းဖြင့် ကျွန်တော်တို့ ဥရောပရဲ့ စီးပွားရေးအတက်အကျကို သိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ Stock Exchange ကိုလည်း နောင်မှာ ဖြစ်ပေါ်လာမယ့်ဥစ္စာကို စနစ်တကျနဲ့ နည်းဗျူဟာချပြီးတော့ စီမံခန့်ခွဲပေးဖို့လိုပါတယ်။ အခုတော့ ကျွန်တော် သတင်းကောင်း ကြားတာကတော့ ဟိုဥစ္စာပေါ့ DAIWA နဲ့ ပေါင်းပြီးတော့ လုပ်တာ။ အဲဒီလို အတွေ့အကြုံရှိတဲ့ ကုမ္ပဏီကြီးတွေ၊ နိုင်ငံကြီးတွေနဲ့ ပေါင်းလုပ်တာဟာ ကျွန်တော်တို့ ကောင်းပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဒီအချက်တွေကြောင့် ကျွန်တော်တို့နိုင်ငံကို အဓိက ရိုးရိုးလေးပြောရင် ချမ်းသာအောင်လုပ်ဖို့ လိုပါတယ်။ ချမ်းသာအောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို ခုန ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းသွားသလို နည်းဗျူဟာတွေ ချပြီးတော့ ဆောင်ရွက်ပေးပါလို့ တိုက်တွန်းတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၂း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၈။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့် တင်တဲ့ ကိစ္စ တင်ပြပါ့မယ်။

ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ဥပဒေကြမ်းကော်မတီနှင့် ဆွေးနွေးရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၉။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဦးနေဝင်းထွန်း မှ ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်

ဆောင်ရွက်ရာတွင် ခိုင်မာသော နည်းဗျူဟာများ ချမှတ်ဆောင်ရွက် သွားရေးကို အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုကို နမူနာသာဓကပြပြီး လွှတ်တော်ကို တင်ပြသွားခဲ့ပါတယ်။

ဒီနေ့ ဒီနေရာမှာ ရောက်ရှိနေတဲ့ ပြည်သူ့ကိုယ်စားလှယ်အားလုံးဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရေးနဲ့အတူ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို အဖက်ဖက်က နောက်ကျကျန်ရစ်ခဲ့တဲ့ အခြေအနေကနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး တစ်နိုင်ငံလုံး တစ်မျိုးသားလုံး လူမှုဘဝ အဆင့်အတန်း မြင့်မားလာစေဖို့ တူညီသောဆန္ဒကိုယ်စီနဲ့ ပူးပေါင်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ယခုလို ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ နည်းဗျူဟာများ ခိုင်ခိုင်မာမာချမှတ်ရေး အကြံပြုဆွေးနွေးသွားတာကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံရင်း ဆွေးနွေးသွားလိုပါတယ်။ အဆိုရှင် ဒေါက်တာမြင့်ကြည် မှ ပြည်တွင်းစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်ဖို့ ကုန်ထုတ်လုပ်မှုကို နည်းဗျူဟာအနေဖြင့် ချမှတ်ဆောင်ရွက်သွားဖို့ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံပြီး ပြည်တွင်းရဲ့ အလုပ်အကိုင်များ ဖန်တီးပေးဖို့တို့ကိုလည်း နည်းဗျူဟာ တစ်ရပ်အနေနဲ့ ဆောင်ရွက်သွားဖို့ ထောက်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာလည်း စီးပွားရေးတံခါးဖွင့် ဝါဒကို ရဲရဲရင့်ရင့် ကျင့်သုံးပြီး တချို့သော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ကဏ္ဍသို့ လွှဲပြောင်းပေးခြင်း လုပ်ပေးတာကိုလည်း ထင်ရှားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ ဒီ့အပြင် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်စေနိုင်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကိုလည်း ရေးဆွဲပြဋ္ဌာန်း ပေးခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ မဟာဗျူဟာကတော့ ခိုင်ခိုင်မာမာ ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းဆောင်ရွက်နေတာ အားလုံးတွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာကို အကောင်အထည် ဖော်ဖို့ နည်းဗျူဟာကောင်းတွေ ခိုင်ခိုင်မာမာ ချမှတ်ပြီး ထိထိရောက်ရောက် လုပ်ကိုင်သွားဖို့ များစွာ အရေးကြီးပါတယ်။ ကျွန်တော်တို့ စီးပွားရေးမဟာဗျူဟာက စက်မှုဖွံ့ဖြိုးတဲ့ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးတဲ့ နိုင်ငံဖြစ်နေတော့ ကျွဲ၊ နွား ထွန်ယက် စိုက်ပျိုးတဲ့ နိုင်ငံဘဝကနေ စက်မှုလယ်ယာဖြစ်ဖို့တစ်ဆင့် စက်မှုလယ်ယာအဆင့်မှပင် ကန်သင်း တွေ များပြားစွာ လယ်ကွက်သေးသေးတွေနဲ့ စိုက်ပျိုးနေတဲ့ တစ်ဦးချင်း လယ်ယာစနစ်ကို Hectare အကွက်တွေအဖြစ် ပူးပေါင်းပြီး စက်မှုလယ်ယာစနစ်ဖြစ်လာဖို့အဆင့် Hectare အလိုက် စိုက်ပျိုး ထုတ်လုပ်နိုင်မည်ဆိုရင် အရည်အသွေးကောင်း၊ မျိုးကောင်းများ ရွေးချယ်စိုက်ပျိုးနိုင်မှု ထိုမှတစ်ဆင့် ခိုင်မာတဲ့ ဈေးကွက်ရရှိဖို့အထိ နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ စက်မှုနိုင်ငံ အဖြစ်သို့ တက်လှမ်းတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံသားများဘက်မှာ အားလုံး လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ငွေရင်း၊ နည်းပညာ၊ ကျွမ်းကျင်မှု အဖက်ဖက်က လိုအပ်ချက် ရှိနေပါတယ်။ ရင်းနှီး မြှုပ်နှံငွေလည်း ကိုယ့်နိုင်ငံသားများ လက်ဝယ်မှာ လုံလုံလောက်လောက် မရှိပါဘူး။ ချမ်းသာတဲ့ နိုင်ငံမဟုတ်ခဲ့လို့ နိုင်ငံခြားရင်းနှီးငွေကို လက်ကမ်းရ၊ မျှော်မှန်းရမှာ ဖြစ်ပါတယ်။ နည်းပညာပိုင်း ကိုလည်း ပြောရရင် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ် တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့တဲ့ အချိန်ကာလ ဆယ်စုနှစ်များစွာ ရှိခဲ့တဲ့အတွက် တိုးတက်ခေတ်မီတဲ့ အတတ်ပညာတွေ မတတ်မြောက်ခဲ့ကြပါဘူး။ ကျွန်တော်တို့ ပြည်တွင်းမှာ ပညာသင်ကြားရေးမှာ ဘွဲ့ရပညာမတတ်တွေသာ အများအပြား ပေါ်ပေါက်

လာပြီး ဘွဲ့ရတယ်ဆိုတာ အရေအတွက် အဖြစ်သာ ပြယုဂ်ရှိခဲ့ပါတယ်။ ဒီလိုပြောလို့ ကျွန်တော့် စကားလုံးက ထိခိုက်မှု၊ ပြင်းထန်မှု ရှိခဲ့မယ်ဆိုရင်လည်း ဟုတ်၊ မဟုတ် ပြန်သုံးသပ်လို့ရပါမယ်။

အတိုချုပ်ပြောရရင် ဘွဲ့ရကြပါတယ်။ သက်ဆိုင်ရာ အလုပ်အကိုင်ကို လက်တွေ့ပါဝင် လေ့လာရတဲ့ ပညာမျိုး လက်တွေ့ကွင်းဆင်းရတဲ့ ပညာရေးမျိုး မဟုတ်ခဲ့တဲ့အတွက် မတတ်ခဲ့ကြပါဘူး။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဘွဲ့ရ ပညာတတ်တွေ မွေးထုတ်ပေးနိုင်ခြင်း မရှိတာ ကြာပါပြီ။ ပြီးခဲ့တဲ့ အပေါ်မှာ အနာအဆာဖော်ပြီး အပြစ်ဖွဲ့ ဆိုလိုခြင်း မဟုတ်ပါဘူး။ အဲဒီ ခါးသီးမှုရဲ့ အကျိုးဆက်အားဖြင့် ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ ကျွမ်းကျင်တဲ့ ဝန်ထမ်း၊ ကျွမ်းကျင်တဲ့ အလုပ်သမားရဖို့ ခက်ခဲနေပါတယ်။ သုတေသနလုပ်ငန်းတွေလည်း နယ်ပယ်အလိုက် လုပ်နေခဲ့ကြ တယ်ဆိုပေမယ့် ခေတ်မီနည်းပညာများကို ယှဉ်နိုင်တဲ့အထိ ရှိပြီလား၊ ကမ္ဘာကို ယှဉ်နိုင်တဲ့အထိ ရှိပြီလားဆိုတော့လည်း မရှိသေးပါဘူး။ အဲဒါကြောင့် နည်းပညာပိုင်းလည်း လိုအပ်ချက် ရှိနေပြန် ပါတယ်။

အဲဒါကြောင့် စီးပွားရေး နည်းဗျူဟာနဲ့ ကျွန်တော်တို့ နိုင်ငံသား လုပ်အားရှင်တွေကို စနစ်တကျ လေ့ကျင့်ပေးဖို့ ဆောင်ရွက်သွားပေးရပါမယ်။ ကျွမ်းကျင်မှုရှိအောင် သင်ကြားလေ့ကျင့် ပေးရန် ဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေ ငှားပြီး သင်တန်းပေးမလား၊ ပညာသင် လွှတ်မလား၊ နည်းပညာ အနေနဲ့ ဆောင်ရွက်သွားရပါမယ်။ ဒါမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် ကိုယ့်နိုင်ငံသား တွေ အလုပ်အကိုင်ရကြမှာ ဖြစ်ပါတယ်၊ မဟုတ်ရင်တော့ ကျွန်တော်တို့ နိုင်ငံသားတွေအတွက် စီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်လာသည့် တိုင်အောင် အလုပ်လက်မဲ့ဘဝ ဆက်လက်ဖြစ်နေကြ ဦးမှာဆိုတာကို တွက်ဆလို့ ရပါတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရတဲ့အချိန် ကိုယ့်လူမျိုးတွေ အလုပ်အကိုင် ရရှိဖို့ ယခုကတည်းက လေ့ကျင့်သင်ကြားပေးဖို့ နည်းဗျူဟာတစ်ရပ် ချမှတ်သွားစေလိုပါတယ်။ အဲဒီလို လုပ်အားရှင်တွေ စနစ်တကျ သင်ကြားပေးမယ်ဆိုရင် ဆိုတဲ့ နေရာမှာ အခြေခံပညာ နည်းပါးသူ တွေကို မလိုက်နိုင်ဘူးဆိုရင် ချန်ခဲ့မယ် ဆိုရင်လည်း မဖြစ်သင့်လို့ အလုပ် လုပ်နိုင်တဲ့အရွယ်မှာ ကိုယ်လုပ်နိုင် လုပ်ကိုင်လိုတဲ့လုပ်ငန်း အတတ်ပညာနဲ့ဆိုင်တဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေ ဖတ်နိုင်အောင်လည်း အခြေခံပညာများ သင်ကြားပေးဖို့ စီမံကိန်း ချပြီး ဆောင်ရွက်သင့်ပါတယ်။

ဥပမာ - စက်ရုံ၊ အလုပ်ရုံတွေကို ဝင်နိုင်တဲ့ အသက်အရွယ် အပိုင်းအခြားရောက်လို့ အလုပ် လုပ်ချင်တယ်ဆိုရင် အလုပ်သမား လေ့ကျင့်ရေးနဲ့ အလုပ်သင်ကျောင်းမျိုး နိုင်ငံတော်က ဖွင့်လှစ်ပြီး သင်တန်းအခမဲ့ တက်ရောက်နိုင်အောင် စီစဉ်ပေးသင့်ပါတယ်။ ဒီနေ့ နိုင်ငံခြား အလုပ်အကိုင်အတွက် လေအေးပေးစက်ပြင်တဲ့ ပညာ၊ ရေခဲသေတ္တာပြင်တဲ့ပညာ၊ နိုင်ငံခြား လျှပ်စစ် မီးဝါယာလိုင်း၊ ဆက်သွယ်တဲ့ပညာ၊ သံချေသံကွေးပညာ၊ သံပန်းသံတံခါး ပြုလုပ်တဲ့ပညာ၊ ဂဟေဆော်တဲ့ ပညာ၊ လက်သမားပညာ၊ ပရိဘောဂပြုလုပ်တဲ့ စတဲ့ ပညာရပ်တွေကို ပြည်ပ အလုပ်အကိုင်အတွက် ပုဂ္ဂလိကတွေက ငွေကြေးနဲ့ သင်တန်းဖွင့်နေသလိုမျိုး ကျွန်တော်တို့ အစိုးရက အခမဲ့ ဖွင့်ပေးစေလို ပါတယ်။ ဒါမှသာ ကိုယ့်ကိုကိုယ် အသက်မွေးပညာ တတ်ချင်တဲ့သူ လူငယ်၊ လူလတ်၊ လုပ်အားရှင်တွေ အရည်အသွေး မြှင့်တင်ပေးနိုင်ပြီး ကျွမ်းကျင်မှုတွေ ရရှိစေကာ အလုပ်အကိုင် ရရှိအောင် ကူညီ ပေးရာ၊ စီစဉ်ပေးရာ ရောက်မှာ ဖြစ်ပါတယ်။ ဒါကတော့ လုပ်အားရှင်တွေအတွက် ဖြစ်ပါတယ်။

နောက်တစ်ဖန် ကျွန်တော်တို့ အသေးစားလုပ်ငန်းတွေ၊ အလတ်စား လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ တိုင်းရင်းသား လုပ်သားပြည်သူတွေကို အစိုးရက ကူညီပေးဖို့ လိုအပ်ချက်ကိုလည်း နည်းဗျူဟာ တစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အသေးစား၊ အလတ်စား လုပ်ငန်းလေးတွေ လုပ်ကိုင်နိုင်တဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ရှိကြပါတယ်။ ကျွန်တော်တို့မှာ ကိုယ်တတ်နိုင်တဲ့ အရင်းအနှီးနဲ့ ကိုယ်တတ်နိုင်သလောက် သိသလောက်ပြောရရင် အခြေအနေပေးသလောက် ကြံဆလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ နည်းပညာနဲ့ ကျွမ်းကျင်မှု အကူအညီ ရရှိမယ်ဆိုရင် အရည်အသွေး ကောင်းတဲ့ ကုန်ထုတ်လုပ်မှုနဲ့ ကုန်ထုတ်ပစ္စည်းတွေ ထွက်လာမှာ ဖြစ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်ဝင်လာမှာ ဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ တိုင်းပြည်မှာ အသီးအနှံတွေ လိမ္မော်၊ သရက်၊ ကျွဲကော၊ နာနတ် ၊ စပျစ် အကုန်လုံး စိုက်ပျိုးဖြစ်ထွန်းပြီး အကုန်လုံး အလျှံအပယ် ထွက်ရှိလျက်ရှိပါတယ်။ ဒါပေမဲ့ သဘာဝ သစ်သီးဖျော်ရည်ကို မထုတ်နိုင်ပါဘူး။ နည်းပညာ မရှိတဲ့အတွက် ဖြစ်ပါတယ်။ အသီးစစ်စစ် အရည် ဓာတုပစ္စည်းမပါတဲ့ Organic ဒါတွေကို ကမ္ဘာတစ်ဝှမ်း စားသုံးသူတွေက တောင်းဆိုနေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်ပက တင်သွင်းပြီး ရောင်းချနေကြရပါတယ်။ စက္ကူဘူးတွေနဲ့ ထည့်တာ၊ ပလပ်စတစ်ဘူးတွေနဲ့ ထည့်တာ၊ ဖန်ပုလင်းတွေနဲ့ ထည့်တာ၊ အစုံ နိုင်ငံခြားက ဝင်လာနေပါပြီ။ (၁)လီတာ မပြည့်တဲ့ (၇၅၀)မီလီမီတာ လောက်ကို ငွေကျပ် (၁၇၀၀)မှ (၂၀၀၀)အထိ ဝယ်ပြီး စားသုံးနေရပါတယ်။ ကိုယ့်နိုင်ငံမှာ နည်းပညာတွေသာ ရှိမယ်ဆိုရင်၊ ထုတ်လုပ်နိုင်မယ်ဆိုရင် သွင်းကုန်အစားထိုး ထုတ်လုပ်မှု ဖြစ်လာပါမယ်။ ကိုယ့်နိုင်ငံအတွင်းမှာ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်မယ်၊ နိုင်ငံခြားကိုလည်း တင်ပို့ရောင်းချနိုင်မယ်၊ ထုတ်လုပ်သူတွေလည်း အဆင့်အတန်းရှိတဲ့ စားသောက်ကုန် စီးပွားရေးလုပ်ငန်းအဖြစ် သိက္ခာရှိရှိ ရပ်တည်နိုင်မယ်။ အဲဒီစက်ရုံတွေကို အဲဒီစက်ရုံတွေမှာ အလုပ် လုပ်မယ့် လုပ်အားရှင်တွေလည်း အလုပ် လုပ်ရမယ်။ နိုင်ငံတော်အတွက် အဖက်ဖက်က အပေါင်းလက္ခဏာ ဖြစ်လာပါမယ်။

ယခုက ကျွန်တော်တို့မှာ အဲဒီသစ်သီးဖျော်ရည် စစ်စစ်တွေကို ထုတ်လုပ်ပြီး ဓာတုပစ္စည်း မပါဘဲ တာရှည်ထားတဲ့ နည်းပညာ မရှိလို့ မထုတ်လုပ်နိုင်ပါဘူး။ ကျွန်တော်တို့လူတွေ ဘာတွေနဲ့ ထုတ်လုပ် နေသလဲဆိုတော့ သကြားရေဖျော် ဆေးသကြားပေါင်းစပ် ဓာတုအနံ့ အဆီထည့်၊ ဓာတုအရောင် အဆီထည့်၊ ဓာတုအချည်ခဲထည့်ပြီး ဖျော်စပ်တယ်။ ဈေးကွက်မှာ မပုပ်ဆေးလို့ ခေါ်တဲ့ဟာ ရှိတယ်၊ အဲဒါကို တာရှည်ခံဖို့ ထည့်ပါတယ်။ ဒီလိုနည်းနဲ့ သစ်သီးဖျော်ရည် အဖြစ် ထုတ်လုပ်ရောင်းချတယ်။ ဈေးကွက်ကတော့ ကလေးကျောင်းတွေမှာ အများဆုံး ရောင်းချတယ်။ စပျစ်၊ လိမ္မော်၊ နာနတ် အားလုံး အရောင်နဲ့ အနံ့ကို စားသုံးနေရတာ ဖြစ်ပါတယ်။ ဓာတုပစ္စည်းတွေကို စားသုံးရတာ ဖြစ်ပါတယ်။ ဒီလို ဖြစ်နေတာတွေဟာ စားသောက်ကုန် လုပ်ငန်းရှင်တွေကို နည်းပညာပံ့ပိုးပေးမယ် ဆိုရင် တစ်နိုင်ငံလုံးရဲ့ စီးပွားရေးသာမက တစ်မျိုးသားလုံးရဲ့ ကျန်းမာရေးကိုပါ မြှင့်တင်ပေးရာ ရောက်ပါမယ်။

နောက်ပြီး ပြောချင်တာ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အပူပိုင်းဒေသက သီးနှံတွေ ကမ္ဘာမှာ ယခုဆိုရင် နာမည်ကြီးပါတယ်။ ငှက်ပျောသီးတွေ၊ သရက်သီးတွေ အနံ့အရသာနဲ့ ပြည့်စုံပါတယ်။ ဥရောပအထိလည်း တင်ပို့ရောင်းချနိုင်ပါတယ်။ ဒါပေမယ့်လည်း စိုက်ပျိုးရေးမှာ နည်းပညာ

အားနည်းချက် ခူးဆွတ်တဲ့၊ ထိန်းသိမ်းတဲ့၊ ထုပ်ပိုးတဲ့ နည်းပညာ သယ်ယူပို့ဆောင်တဲ့ စနစ်တွေ အဖက်ဖက်က အားနည်းတော့ ကျွန်တော်တို့ အသီးအနှံတွေ ကမ္ဘာမှာ နာမည်မရပါဘူး။ တင်ပို့ ရောင်းချနိုင်မှု အလွန်အားနည်းနေပါတယ်။ ပို့ကုန် ဝင်ငွေ ရနိုင်လျက်နဲ့ နည်းပညာ ချို့တဲ့မှုကြောင့် မပို့နိုင်ပါဘူး။ ကမ္ဘာ့ဈေးကွက်ကို ခွဲတမ်းလည်း မရနိုင်ဘူး။ အိမ်နီးချင်းထိုင်းနိုင်ငံက စိုက်ပျိုး၊ ရိတ်သိမ်းထုတ်ပိုး နည်းပညာ အရမ်းမြင့်လို့ ကျွန်တော်တို့နဲ့ အသီးအနှံထွက်တာချင်း အတူတူ သူတို့က ကမ္ဘာ့ဈေးကွက်ကို ရရှိကြပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူတွေကို နည်းပညာ ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုယ့်နိုင်ငံသား လုပ်ငန်းရှင်တွေကို နည်းပညာ ပံ့ပိုးရန် နည်းဗျူဟာအဖြစ် ချမှတ်ဆောင်ရွက်ဖို့ ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်တော် အမျိုးသား လွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌအနေနဲ့ သတ္တုကဏ္ဍကိုလည်း ဥပမာ ပေးချင်ပါတယ်။ ကျွန်တော်တို့ သတ္တုထုတ်လုပ်ရာမှာ အလေအလွင့်ကြောင့် ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ဖို့ နည်းပညာတွေ လိုအပ်ပါတယ်။ သတ္တုရိုင်းများအတိုင်း ရောင်းချရင် အလွန်ဈေးနှိမ်ခံရပြီး ရရှိတဲ့ ဈေးနှုန်းမှာလည်း များစွာနစ်နာတဲ့အတွက် သတ္တုရိုင်းတွေကို ဆင့်တက် ပြုပြင်ပြီး တန်ဖိုးမြင့်ပစ္စည်းအဖြစ် ရောင်းချဖို့ သတ္တုသန့်စင်တဲ့ နည်းပညာတွေ လိုပါတယ်။ ခေတ်မီဓာတ်ခွဲခန်းများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လိုအပ်ပါတယ်။ သတ္တုသန့်စင်ထုတ်လုပ်ဖို့ လုပ်ငန်းနည်းပညာတွေနဲ့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာတွေလည်း အထူး လိုအပ်ပါတယ်။ ဒါတွေကို နိုင်ငံတော်အစိုးရက ခေတ်မီနည်းပညာ ပံ့ပိုးပေးတဲ့ အစီအစဉ်နဲ့ အခွန် စနစ်တွေ၊ အချိုးအစားစနစ်တွေကို ပြန်လည်ပြုပြင် ပြောင်းလဲပေးမယ် ကူညီပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာကို ရင်ပေါင်တန်းလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်နိုင်ငံကတော့ ခေတ်ပြောင်းတော်လှန် ရေးကြီး လုပ်ပြီဆိုကတည်းက သူ့နိုင်ငံသားတွေကို ပြည်ပနိုင်ငံတွေ သွားရောက် အလုပ် လုပ်တာကို အားပေးပြီး အတတ်ပညာတွေကို သင်ယူဆည်းပူးစေပါတယ်။ ပြန်လာတဲ့အခါ သူတို့ လုပ်ခဲ့တဲ့ အလုပ်ကနေ ရလာတဲ့ အတတ်ပညာအမျိုးမျိုးကို နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံထဲမှ လုပ်ကိုင်စေကာ အားပေးကူညီတာကို လေ့လာတွေ့ရှိရပါတယ်။ ငွေထုတ် ချေးတယ်၊ လုပ်ငန်း အရင်းအနှီး မကျေမခြင်း အခွန် မကောက်ဘူး၊ အခွန် ကင်းလွတ်ခွင့်ကာလတွေ ပေးတယ်၊ လူဦးရေ အလွန်များပြားတဲ့ တရုတ်နိုင်ငံဟာ ပြည်နယ်အလိုက် ထုတ်ကုန်တွေကို သူ့လူမျိုးတွေ လုပ်နိုင်အောင် အားပေးတာကိုလည်း ကျွန်တော်တို့ အားလုံး မျက်မြင် ဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ကျွန်တော်တို့နိုင်ငံမှာလည်း အဆိုရှင် ဆွေးနွေးသွားသလို ထုတ်လုပ်မှု ကဏ္ဍမှာ ကိုယ့်နိုင်ငံသားတွေကို အားမွေးပေးစေလိုပါတယ်။ ကိုယ့်နိုင်ငံသားတွေ အလုပ်သမား အဖြစ်နဲ့ သူများနိုင်ငံမှာသွားရောက်လုပ်ကိုင်ပြီး တတ်မြောက်ကျွမ်းကျင်လာတဲ့ ထုတ်လုပ်မှုအပိုင်း ကဏ္ဍတွေကို ပြည်တွင်းမှာ လုပ်ကိုင်နိုင်ဖို့ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးမယ်၊ ငွေထုတ် ချေးပေး မယ်ဆိုရင်၊ နေရာချထားပေးမယ်ဆိုရင် ကိုယ့်နိုင်ငံသားတွေ ဂုဏ်ရှိစွာဖြင့် ကိုယ့်နိုင်ငံ အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းမှာလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ထုတ်လုပ်မှု ကဏ္ဍကို နည်းဗျူဟာတစ်ရပ်အဖြစ် ချမှတ်၍ အကောင်အထည်ဖော်သွားဖို့ ထောက်ခံလိုပါတယ်။

နောက်ထပ် နည်းဗျူဟာ တစ်ရပ်အနေနဲ့ ကျွန်တော်တို့ နိုင်ငံတစ်ဝှမ်း ခုတ်လှဲ ထုတ်လုပ်ထားတဲ့ သစ်တောနေရာ အချို့ကို စက်မှုကုန်ကြမ်းသီးနှံများ စီမံကိန်းချပြီး ပြန်လည်စိုက်ပျိုးရန် ဖြစ်ပါတယ်။ အချို့သစ်တောများကို ပြန်လည်ထူထောင်ခြင်း ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ယခုက သစ်တောပြန်လည်ထူထောင်ရေး လုပ်နေပါတယ်ဆိုပေမယ့် ဖြစ်မြောက်အောင် လုပ်နေတာကို မမြင်ရဘဲ မည်ကာမတ္တ တာဝန်ကျေ ဝိနည်းလွတ် လုပ်နေတာကိုလည်း တွေ့ရတဲ့အတွက် နိုင်ငံတော်ရဲ့ အနာဂတ်ဟာ များစွာ ရင်းလေးဖွယ်ရာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သားစဉ် မြေးဆက် အမွေကောင်းများ ပေးနိုင်ဖို့၊ အမွေကောင်းများ ချန်ထားပေးခဲ့နိုင်ဖို့ ကျွန်တော်တို့ ယခု ကတည်းက စီးပွားရေး တိုးတက်မှု မဟာဗျူဟာ နည်းဗျူဟာများ ခိုင်ခိုင်မာမာ ချမှတ်ပြီး ဆောင်ရွက် သွားဖို့ လိုအပ်ကြောင်း အလွန်အရေးကြီးကြောင်း ပြောကြားရင်း ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ၏ မြန်မာနိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရေး အဆိုအား ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒေါက်တာခင်ရွှေ မှ ဒေါက်တာမြင့်ကြည် ရဲ့ မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စီးပွားရေးတိုးတက်တဲ့ လမ်းကြောင်းပေါ် ရောက်နေပါပြီခင်ဗျား။ သမ္မတကြီးကလည်း အခုဆိုရင် အင်္ဂလန်နိုင်ငံနဲ့ ပြင်သစ် နိုင်ငံကို သွားရောက်ပြီးတော့ စီးပွားရေးရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ပါတယ်။ အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်းများစွာ ရောက်ပြီး တော့ စွဲဆောင်နေပါတယ်။ မြန်မာနိုင်ငံဟာ အရင်တုန်းကဆိုရင် ကျွန်တော်တို့ သဘာဝအရင်းအမြစ် ဖြစ်တဲ့ Natural Resources တွေကိုပဲ အားကိုးပြီးတော့ Export လုပ်ခဲ့တယ်။ သားငါးတွေ Export လုပ်တယ်။ သတ္တုတွေလုပ်တယ်။ သစ်တွေ လုပ်တယ်။ Gas တွေကို အဓိကထားပြီး ပို့ခဲ့တာရှိပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ အလုပ်သမားတွေက ပေါပါတယ်။ အလုပ်လက်မဲ့ ပြဿနာတွေလည်း များပါတယ်။ ကျွမ်းကျင်တဲ့ အလုပ်သမား Human Resources က ရှားပါးပါတယ်။

အဲဒီ ကျွန်တော်တို့ သဘာဝအရင်းအမြစ်တွေဆိုတာ ထုတ်ယူသုံးစွဲမယ်ဆိုလို့ရှိရင်တော့ တစ်ချိန်ချိန်မှာတော့ ကုန်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ Human Resources ဖြစ်တဲ့ လူသား အရင်းအမြစ်ကတော့ ထုတ်လေ ပိုပြီးတော့ ပြောင်မြောက်လေ ထုတ်လေ များလေ ဖြစ်တဲ့အတွက်ကြောင့် အဲဒီ Human Resources ကို စဉ်းစားရမှာ ဖြစ်ပေမယ့် ဒီနေ့ မြန်မာနိုင်ငံရဲ့ Human

Resources ရဖို့အတွက်ကို တော်တော်လေး အလှမ်းဝေးနေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးတိုးတက်ဖို့ကို ခိုင်မာတဲ့နည်းဗျူဟာ ချဖို့လိုပါတယ်။

ဥပမာ - စီးပွားရေး တိုးတက်ပြီးသား နိုင်ငံတွေ ကျွန်တော်တို့ ပြန်ကြည့်လိုက်ရင် ဂျပန်ဆိုရင် သဘာဝ အရင်းအမြစ် မရှိပါဘူး။ သူရဲ့ နည်းပညာနဲ့ သူရဲ့ Quality ဆိုတဲ့ ပစ္စည်းထုတ်လုပ်ပြီးတော့မှ ဒီနေ့ ကမ္ဘာပေါ်မှာဆို နံပါတ်(၃)လောက်ကို ရောက်နေပါပြီ။ စင်ကာပူ ဆိုရင်လည်း သဘာဝ အရင်းအမြစ် မရှိပါဘူး။ သူ့ရဲ့ အဓိက ဘဏ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ နောက်တစ်ခါ တခြား နိုင်ငံကပစ္စည်း ကုန်ကြမ်းသွင်းတယ်။ ကုန်ကြမ်းဆိုတာ ဆီဆို ဆီကြမ်းသွင်းတယ်၊ ဆီချော ထုတ်တယ်။ ပြီးတော့ နိုင်ငံခြားကို ပြန်ပို့တယ်။ ဘိလပ်မြေဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ ဒီနေ့ Raw ဖြစ်တဲ့ Lime Stone တောင်တွေ အများကြီးရှိပေမယ့် (၂)သန်းနဲ့ (၃)သန်းကြားပဲထုတ်နိုင်တယ်။ စင်ကာပူ ဆို (၁၀)သန်း ထုတ်တယ်။ Lime Stone လုံးဝမရှိဘူး။ Clainger ဆိုတာကို နိုင်ငံတကာကနေ ဝယ်ပြီး တော့မှ သူ့ဆိပ်ကမ်းမှာ ထုတ်တဲ့အတွက် ဘိလပ်မြေ(၁၀)သန်း သူထုတ်နိုင်တဲ့ အနေအထားမှာ ရှိတယ်။ ဒါသူ့ရဲ့ နည်းပညာ။

ထိုင်းဆိုလို့ရှိရင် ကျွန်တော်တို့ ခရီးသွားလုပ်ငန်းက ဒီနေ့ဆိုသန်း(၂၀) လောက်ဖြစ်သွားပြီ။ အဲဒီတော့ သူ့ခရီးသွား၊ သူ့ရဲ့ သဘာဝကိုဦ သူ့ရှိတဲ့ သဘာဝတွေပြတယ်။ နောက်သဘာဝ မဟုတ်တာတွေ သူလုပ်ပြီးတော့မှ လူလုပ်ပြီးတော့၊ သဘာဝမဟုတ်တာပြတယ်။ လူတစ်ယောက်ကို (၃)ရက်ကို နေမယ့်နေရာမှာ တစ်ပတ်နေအောင်၊ တစ်ပတ်နေမယ့်နေရာ (၁)လနေအောင်လို့ သူတို့က ဖန်တီးတယ်။ အဲဒီတော့ လာတဲ့ခရီးသွားတွေရဲ့ အိတ်ထဲကပိုက်ဆံကို သူ့ထဲရောက်အောင်လို့ နည်းပေါင်းစုံနဲ့ သူပိုက်ဆံ ရှာတယ်။ ဒီအပြင် သူ Industry တွေ လုပ်တယ်။ အခုဆိုရင် ကားထုတ်တဲ့လုပ်ငန်းက ကမ္ဘာမှာ ထိုင်းက အကြီးဆုံး ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်မှာ ဒီအလုပ်သမား ဈေးကြီးလို့ဆိုပြီးတော့ ထိုင်းမှာလာထုတ်တယ်။ ထုတ်တဲ့အတွက် ဘေးမှာ ကား အတွက် လိုအပ်တဲ့စပယ်ယာတွေ အကုန်လုံး ဒီတံခါးတို့ကအစ၊ ကျွန်တော်တို့ မီးလုံးတွေကအစ၊ လက်ကိုင်တွေကအစ စက်ရုံလေးတွေကတစ်ဆင့် Assemble တွေ လုပ်ရင်းနဲ့ ဒီနေ့ကမ္ဘာမှာ အကြီးဆုံးဖြစ်သွားတာ ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။

ထိုနည်းလည်းကောင်းပဲ ဗီယက်နမ်၊ ဗီယက်နမ်ဆို ကျွန်တော်တို့နဲ့အတူတူ လွန်ခဲ့တဲ့ (၁၀)နှစ်က တက်တယ်။ အခုတက်ပြီးတော့ စက်မှုဇုန်တွေ သူက ထူထောင်တယ်။ ထူထောင်ပြီးတော့ သူက One Stop Services ပုံစံနဲ့ သူသွားတယ်။ နောက် စက်မှုဇုန်တွေ ထူထောင်တယ်။ Invest လုပ်ချင်တဲ့လူက အဲဒီစက်မှုဇုန်လုပ်တဲ့လူနဲ့ စကား ပြောပြီးတာနဲ့၊ စရန်ပေးပြီးတော့ ပြန်လာတယ်။ တစ်လဆိုရင် စက်ရုံလာဆောက်လို့ရတယ်။ ကျွန်တော်တို့ဆီမှာက ဘယ်လိုလိုင်းကို ကျွန်တော်တို့ သွားမလဲ။ ပြန်စဉ်းစားရမယ်။ ဦးမြင့်ကြည် ပြောသလိုပဲ မဟာဗျူဟာ ချဖို့လိုလာပြီ။ အဲဒီတော့ ဘယ်လိုင်းကို သွားမှာလဲ။ ခရီးသွားလိုင်းကို သွားမယ်ဆိုလို့ရှိရင်လည်း ဟိုထိပ်က ကျွန်တော်တို့ မြစ်ကြီးနားကနေစပြီးတော့၊ ပူတာအို ရေခဲတောင်ကစပြီးတော့ မြန်မာပြည်ရဲ့အလယ်မှာ ကျွန်တော်တို့ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ နောက် ဟိုးအောက်ဆုံးမှာ မြိတ်ကျွန်းစု၊ ဂျပန်တွေ အင်မတန် ကြိုက်ပါတယ်။ ရေငုတ်တာကအစ။ အဲဒီကို အဓိက ဦးတည်ပြီးသွားမလား။ သွားမယ်ဆိုရင် ကျွန်တော်တို့ ခုနကပြောတဲ့ Infrasturctures တွေ တည်ဆောက်ဖို့ လိုတယ်။ အခုကိုက နိုင်ငံတော်

သမ္မတကြီးက စီးပွားရေးအရ ခေါ်လာတယ်။ မြန်မာပြည်ရောက်တယ်။ ရောက်တဲ့အချိန်မှာ ဟိုတယ်အခန်းတွေ မရှိဘူး။ နောက် Infrasturctures တွေ ညံ့နေတယ်။ နောက်စက်မှုဇုန် လုပ်ဖို့အတွက် မြေနေရာ မရှိဘူးဆိုပြီးတော့ အော်ကြတယ်။ အဲဒီအော်တာကို အစိုးရ၊ ဒီတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကနေ ဒါစီးပွားရေးသမားတွေက မြေကြီးကစားတယ်။ ဟိုတယ်တွေ ဆိုလို့ရှိရင် ဒါကစားတယ်။ ဟိုတယ်က ဟိုတုန်းကဆိုရင် ကျွန်တော်တို့က တစ်ခန်းကို (၃၀)အစားကို (၃၀၀) ဖြစ်နေတယ်။

ဒီလိုပြောနေမယ့် အစားကို အစိုးရဆိုတာ သူ့လက်ထဲမှာ မြေကြီးရှိတယ်။ သူ့လက်ထဲမှာ လုပ်ပိုင်ခွင့်ရှိတယ်။ သူလုပ်လို့ အကုန်ရတယ်။ ပုဂ္ဂလိက တစ်ဦးချင်း ဘယ်သူမှ လုပ်လို့မရဘူး။ အဲဒီတော့ အဓိကအားဖြင့် ဈေးတွေတက်တာက Demand နဲ့ Supply နဲ့ မမျှလို့ပဲ။ Demand များလာရင် Supply နည်းရင် ဈေးတက်မှာပဲ။ ကျွန်တော် ဟိုတုန်းက Supply ကများတယ်။ အခန်းတွေများတယ်။ လာတဲ့သူနည်းတယ်။ ဈေးကျတယ်။ အခုလာတဲ့သူက အရမ်းများပြီး အခန်း နည်းတယ်။ ဈေးတက်တယ်။ ဒါမွေတာပဲ။ Market ကို ဘယ်သူမှ Control လုပ်လို့ရတာ မဟုတ်ဘူး။ အဲဒါကြီးကိုမှ အစိုးရအဖွဲ့အစည်း တချို့ကနေပြီးတော့ ထောက်နေတယ်။ ဒါတွေက ပုဂ္ဂလိကကြောင့် ဖြစ်တယ်။ မဟုတ်ဘူး။ ဒါအစိုးရကကို လုပ်ကို လုပ်ရမယ်။ အခုကိုက ကျွန်တော်တို့က စက်မှုဇုန်မရှိရင် စက်မှုဇုန်တွေ ထူထောင်ပေးရမယ်။ ဟိုတယ်မရှိရင် ဟိုတယ် လုပ်နိုင်အောင်လို့ အစိုးရကနေ တွန်းအား ပေးရမယ်။ ဘာလို့လဲဆို လုပ်လို့မီသေးတယ်။ ဘာလို့လဲဆိုရင် နောက်ထပ်လာရင် နောက်ထပ် ဒီအခက်အခဲတွေ ရှိတာနဲ့အမျှ ပြန်သွားရင် ကျွန်တော်တို့ ခေါ်တာ ခက်သလောက် ပြန်သွားတာ လွယ်တဲ့အနေအထားမျိုး ရှိပါတယ်။ ဒါကြောင့် ဒါတွေ ကျွန်တော်တို့ စီစဉ်ဖို့လိုပါတယ်။

ဥပမာတစ်ခု ကျွန်တော်တင်ပြရရင် မန္တလေးက၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမြင်လည်း ကျယ်ပါတယ်။ သတ္တိလည်း ရှိပါတယ်။ တံတားဦး၊ အင်းဝ၊ အင်းဝဆို ဒီနေ့ ကျွန်တော်တို့ အင်းဝရဲ့ အထဲမှာဆို ခုနက အိမ်ကလေးတွေနဲ့ ကျူးကျော်တွေလည်း တော်တော်များများ ရောက်နေတယ်။ လမ်းလည်း မကောင်းဘူး။ အဲဒီကို Develop လုပ်ဖို့အတွက်ကို တံတားဦးမှာ ကျွန်တော်တို့ မြေတစ်နေရာ ဒါဝန်ကြီးချုပ်နဲ့ လုပ်ပြီးတော့ စက်မှုဇုန်နဲ့ စီးပွားရေးဇုန် ဆိုပြီး ဖော်ဖို့လုပ်ပါတယ်။ ဝန်ကြီးကတော့ ပထမတော့ တို့ ဒီမှာစိုက်လို့ တစ်နှစ်ကို၊ တစ်ဧကကို (၁)သိန်း တောင်မရဘူး။ တို့က တစ်နှစ်ကို (၁)သိန်းနှုန်းနဲ့ နှစ်(၅၀)အတွက်ကို သိန်း(၅၀) ပေးပြီးတော့ ဒါကြီးကို တို့ Develop လုပ်မယ်ဆိုလို့ရှိရင် အခု မန္တလေး ကြပ်နေတာတွေ၊ မန္တလေးရဲ့ ဈေးတွေကြီးနေတာတွေ၊ ဟိုတယ်ဇုန်တွေ၊ စီးပွားရေးဇုန်တွေ၊ နောက် လေယာဉ်ကွင်းပါ ဖြစ်တဲ့အတွက်ကြောင့် သိပ်ကောင်းမယ် ဆိုပြီး အိပ်မက်တွေ မက်တယ်။ တကယ်တမ်း အဲဒီနေရာလုပ်ဖို့ သွားတဲ့အချိန်မှာ တောင်သူတွေက နှစ်(၅၀၀)စာ တောင်းတယ်။ နှစ်(၅၀၀)နဲ့ နှစ်(၁၀၀၀)စာ တောင်းတယ်။ အဲဒီတော့ သိန်း(၅၀၀)နဲ့ သိန်း(၁၀၀၀) တောင်းတာနဲ့ အပွင့်လင်းဆုံးပြောရရင် အဲဒီနေရာက လုပ်မယ်ဆိုရင် လယ်သမားတွေ ဥပမာ - သိန်း(၅၀)ရရင် (၁၀)ဧကရတဲ့သူတွေ သိန်း(၅၀၀)ရမယ်ဆိုရင် သူတို့ဘဝဟာ တော်တော်လေး ပြောင်းလဲသွားမယ်။ နောက်တစ်ခါ Construction လုပ်တယ်။ Infrasturctures တွေ လုပ်တယ် ဆိုတာနဲ့ အဲဒီနေရာဒေသရဲ့ လုပ်ငန်းတွေ အများကြီးရမယ်။ နောက်ပြီးသွားလို့ ဟိုတယ်တွေ ဖြစ်လာမယ်။ စီးပွားရေးဇုန်တွေ ဖြစ်လာတာနဲ့အမျှ ဘိုးစဉ်ဘောင်ဆက် အဲဒီပတ်ဝန်းကျင်မှာ အလုပ် လုပ်လို့ရပါမယ်။ အဲလိုမျိုး မတရားကြီး တောင်းတဲ့အချိန်မှာ အစိုးရအဖွဲ့က ဘာမှမလုပ်နိုင်ဘူး။ မလုပ်နိုင်တဲ့

အတွက်ကြောင့် အခုက ဆင်းရဲမှုက ပိုပြီးများလာတယ်။ လယ်သမားတွေလည်း ဘာမှမရဘူး။ စီးပွားရေး သမားတွေလည်း ဘာမှမရဘူး။

နိုင်ငံခြားက လာတဲ့သူတွေကလည်း ဈေးကြီးတယ်ဆိုတာပဲ အဖတ်တင်တာကိုပဲ ကျွန်တော်တို့ တွေ့နေရတာဖြစ်တယ်။ ဒါကြောင့် ဒါမျိုးတွေကို ကျွန်တော်တို့ အစိုးရအဖွဲ့တွေအနေနဲ့ ပိုင်ပိုင်နိုင်နိုင်နဲ့ ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။ နောက်တစ်ခါ ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ ဘယ်စီးပွားရေးကိုသွားမလဲ။ Industry ကို သွားမလား။ ကျွန်တော်တို့နိုင်ငံရဲ့ အားသာချက်ကြီးတစ်ခု ရှိပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ နိုင်ငံတွေရှိတယ်။ အဲဒီနိုင်ငံတွေဟာ ကမ္ဘာ့နိုင်ငံရဲ့၊ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်ရှိတယ်။ အိန္ဒိယနဲ့ ကျွန်တော်တို့ တရုတ်ကပဲ ကျွန်တော်တို့ နှစ်ခုပေါင်းရင် (3)Billion လောက် ရှိတယ်။ ကမ္ဘာ့လူဦးရေက (၇)ဘီလီယံလောက်ပဲ ရှိပါတယ်။ အဲဒီတော့ တစ်ဝက်လောက်ရှိတော့ အဲဒီအပေါ်မှာ ကျွန်တော်တို့ လုပ်စားဖို့ လိုတယ်။

လုပ်စားဖို့အတွက်က ခုနကပြောသလို Tourism နဲ့ ကျွန်တော်တို့ လုပ်မလား။ လုပ်မယ်ဆိုရင် Tourism ကို ကျွန်တော်တို့ ဖောင်းပေးသွားဖို့ လိုပါတယ်။ Industry နဲ့ လုပ်မလား။ ကျွန်တော်တို့ ဗီယက်နမ်ဆိုရင် Industry, One Stop Services နဲ့ လုပ်သွားတယ်။ ကျွန်တော်တို့ဆီမှာ Industry နဲ့ လုပ်မယ်။ Investment တွေ ခေါ်တယ်ဆိုပေမယ့် MICC တစ်ခုတည်း အခု ဒီနေပြည်တော်လာ MICC မှာ (၃)(၄)ခါလောက် ဆွေးနွေး ပြီးရင် မြေကြီးရှာ၊ မြေကြီးရှာရတာလည်း တော်တော်ခက်နေတဲ့အတွက်ကြောင့် အဲဒါ Industry ကို ဖြစ်ဖြစ်မြောက်မြောက် မဖြစ်သေးဘူး။ အဲဒါကြီးကိုလည်း ကျွန်တော်တို့ရဲ့ အစိုးရကနေပြီးတော့ Industry လိုင်းသွားမယ်ဆိုလို့ ရှိရင်လည်း ဖြစ်ဖြစ်မြောက်မြောက် ဖြစ်အောင်လို့ စီမံချက်ချရတော့မယ်။ ဘာလို့လဲဆို မချရင် ဟိုလို ဒီလို ဖြစ်သွားမယ်။ ဗီယက်နမ် ဘယ်လိုတက်လာသလဲ။ ဗီယက်နမ်ကို ကျွန်တော်တို့ ပြန်ကြည့်ဖို့ လိုတယ်။ အဲဒီတော့ Services သွားရမယ်။ လုပ်ရမယ်။

နောက် ခုနက လယ်ယာမြေတွေ။ ဗီယက်နမ်ဆိုလို့ရှိရင် လယ်ယာမြေတွေကို ဟိုတုန်းက ဆိုရင် သူများနိုင်ငံက ဝယ်စားတဲ့ အဆင့်ကနေ ဒီနေ့ဆို (၁၀)သန်းလောက်ကို ပို့နိုင်တဲ့ အနေအထား မျိုးရှိတယ်။ ကျွန်တော်တို့ ဗမာပြည်က တစ်သန်းတောင် မပို့နိုင်ဘူး။ ဆိုတော့ စီမံချက် ချရတော့မယ်။ ဗီယက်နမ်ဆို တစ်နှစ်ပတ်လုံး စပါးစိုက်နိုင်အောင်လို့ နွေ၊ မိုး၊ ဆောင်း မိသားတစ်စုထဲကနေ (၄)ကွက် လောက်ခွဲတယ်။ တစ်ကွက်ကို ခုနကတုန်းက စိုက်တယ်။ တစ်ကွက်ကို ရိတ်တယ်။ တစ်ကွက်ကို ကျွန်တော်တို့က ဟိုဒင်းနဲ့သဘောမျိုး၊ ထွန်တဲ့ သဘောမျိုးတွေ လုပ်တဲ့အတွက်ကြောင့် တစ်နှစ်ပတ်လုံး ကျွန်တော်တို့ အလုပ်တွေအများကြီး ရတဲ့ သဘောမျိုးရှိတယ်ဆိုတော့ အဲဒီ စိုက်ပျိုးရေးကိုပဲ ကျွန်တော်တို့ ဦးစားပေးမလား။ ထိုင်းဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ခုနက သီးနှံတွေ တစ်ကမ္ဘာလုံး ရောက်နေတယ်။ ထိုင်းက သရက်ရော၊ ထိုင်းက သီဟိုဠ်စေ့ရော၊ ထိုင်းက ဘာပဲဖြစ်ဖြစ် အကုန်လုံးက တစ်ကမ္ဘာလုံးနီးပါးကနေပြီးတော့ ထိုင်းလို ကျွန်တော်တို့အနေနဲ့ စီမံချက်ချပြီးတော့ ခုနက ကိုနေဝင်းထွန်း ပြောသလို စိုက်ပျိုးရေး၊ သီးနှံစိုက်ပျိုးရေးကိုပဲ ကျွန်တော်တို့ ဦးစားပေးမလား။

ဒါမှမဟုတ် အစိုးရကနေပြီးတော့ ကျွန်တော်တို့ကို Participate လုပ်ဖို့ လိုတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အားသာချက်တစ်ခု ရှိပါတယ်။ ဘာလဲဆိုတော့ Corridors ကြီးတွေ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အင်မတန်ကံကောင်းတာက ခြေထောက်ကြီး တစ်ချောင်း ရှိတယ်။

ကရင်ရယ်၊ မွန်ရယ်၊ တနင်္သာရီရယ်၊ အဲဒီခြေထောက်ကြီးတစ်ချောင်းက ဟိုဘက်မှာရှိတဲ့ ဗီယက်နမ်ရယ်၊ လာအိုရယ်၊ ကမ္ဘောဒီးယားရယ်၊ ထိုင်းရယ် ပိတ်ထားတဲ့အပြင် ဟိုဘက်က ကျွန်တော်တို့ တရုတ်ကိုလည်း ပိတ်ထားတယ်။ ပြီးတော့ ကျွန်တော်တို့ ဟို ဂျပန်နဲ့ ကိုရီးယားကိုလည်း ပိတ်ထားတယ်။ သူတို့ဆီကနေပြီးတော့ အရှေ့ဘက်ကနေ အနောက်ကို သွားချင်ရင် မလက္ကာကို ဖြတ်ရတယ်။ မလက္ကာကနေပြီးတော့ စင်ကာပူကိုကပ်၊ ကပ်ပြီးတော့မှ ပြန်ထောင်တက်တာ အားလုံး ကီလို(၇၀၀) လောက် တက်ရတယ်။

အဲဒီအစားကို လွန်ခဲ့တဲ့ (၁၅)နှစ်က ဒါနန်းမှာ ကျွန်တော်တို့ East-west Corridor ပါဆိုပြီးတော့ ဒါနန်းမှာ ဆင်းတယ်။ ပြီးတော့မှ မော်လမြိုင်ကိုဖောက်ပြီးတော့ Corridor ကြီးတစ်ခုဒါ လုပ်လိုက်တယ်။ (၁၅)နှစ်လုပ်တာဆို၊ အခုဆိုရင် ကျွန်တော်တို့ လွန်ခဲ့တဲ့ (၄) (၅) (၁၀)နှစ်ထဲကိုက တပ်ခရိုင် မြဝတီ၊ မဲဆောက် အထိရောက်ပြီ။ မြဝတီကနေ ဒီဖက်ထိအောင် ဆက်သွားတော့ ကျွန်တော်တို့ အစိုးရကနေ Plan ချရတော့မှာ။ ဘာလို့လဲဆိုရင် မြန်မာနိုင်ငံကြီးရဲ့ Asia Highway တွေရှိတယ်။ Asia Railway တွေ ရှိတယ်။ နောက်တစ်ခါ ခုနက Corridor ကြီးတွေရှိတယ်။ Corridor နှစ်ခုရှိတယ်။ တစ်ခုက အရှေ့ကနေပြီးတော့ တောင်ဘက်လာတယ်။ ကမ္ဘောဒီးယားကနေပြီးတော့ ကျွန်တော်တို့ ကန်ချနာပူရီ၊ ကန်ချနာပူရီကနေ ထားဝယ်ကို ဖြတ်တယ်။ ဖြတ်တဲ့အတွက် ဒီနေ့ ထိုင်းက လုပ်တယ်။

ကျွန်တော်တို့က အဲဒီလမ်းကတော့ ထိုင်းအတွက်ကိုပဲ ထွက်ပေါက်ဆိုတဲ့ အတွက်ကြောင့် ကျွန်တော်တို့က သိပ်ပြီး အားမပေးချင်ပေမယ့် ကျွန်တော် အားပေးချင်တာက East - West Corridor ဆိုတာ။ ကျွန်တော်တို့ ဟိုဘက် ဒါနန်းမှာ ဆင်းတယ်။ ပြီးတော့ မော်လမြိုင် ရောက်တယ်။ အဲဒီလမ်းပေါ်ကို အခုတရုတ်ကလည်း ဟို ရှမ်းပြည်၊ ကျွန်တော်တို့ ဒီဘက်က နေပြီးတော့ အရှေ့ဘက်ကနေဖြတ်ဖို့၊ အခု Highway ကြီးလုပ်ဖို့၊ ဟိုတစ်လောကပဲ အဲဒီတရုတ် ကျွန်တော့်ကို လာညှိနှိုင်းတဲ့ အခါကျတော့ အဲဒီ Corridor လမ်းပေါ် သူက တက်တော့မှာ။ ပြီးတော့ အိန္ဒိယ ကလည်း အဲဒီလမ်းပေါ် တက်မှာဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဟိုဘက်မှာ ပိတ်နေတဲ့ ကျွန်တော်တို့ ဂျပန်နဲ့ ကိုရီးယား၊ ဒါနန်းမှာ ဆင်းမယ်။ ပြီးတော့မှ ဒီဘက်က ကျွန်တော်တို့ အာဆီယံနိုင်ငံတွေအကုန်လုံး ဒီဘက် အပေါက်ကနေထွက်မယ်။ တရုတ်ကလည်း ဒီလမ်းပေါ် တက်မယ်ဆိုရင်တော့ ကျွန်တော်တို့ မော်လမြိုင်နဲ့ ထားဝယ်ကြားမှာ ရေနက်ဆိပ်ကမ်းကြီး လုပ်ဖို့ လိုတယ်။ အဲဒီဆိပ်ကမ်းကြီး လုပ်ပြီးတာနဲ့အမျှ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ ထိုင်းမှာ (၃)သန်းလောက်ကို သွားအလုပ်လုပ်နေတယ်။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့က ကြိုတင်ပြီး Plan တွေ သွားရမှာ။ ဘာလို့လဲဆို တစ်ချိန်မှာ ကျွန်တော်တို့ဆီက ပေးတဲ့လစာနဲ့ အခုထိုင်းတို့၊ တခြားနိုင်ငံက ပေးတဲ့ လစာနဲ့ တူသွားမှာပဲ။

ကျွန်တော်တို့ဆီက စီးပွားရေးတက်လာတာနဲ့အမျှ တူမယ်ဆိုရင် အဲဒီ (၃)သန်းလာရင် သူတို့ဘယ်မှာ နေကြမလဲ။ ဘယ်လိုလုပ်ကြမလဲဆိုတာကို အခုထိက Plan လုပ်ဖို့လိုပါမယ်။ ကပ်ပြီးမှ လုပ်မယ်ဆိုလို့ရှိရင်တော့ ခုနကလို Demand နဲ့ Supply နဲ့ ကွာပြီးတော့ ဈေးတွေ အကုန်တက်၊ အိုးနင်းခွက်နင်း ဖြစ်မယ်ဆိုတော့၊ အဲဒီတော့ မဟာဗျူဟာချတယ်ဆိုတာ ကျွန်တော်တို့ Vision ခေါ်တယ်။ (၅)နှစ်ကြည့်တဲ့ လူထက် (၁၀)နှစ်ကြည့်တဲ့လူကပိုသာတယ်။ (၁၀)နှစ် ကြည့်တဲ့လူထက်

(၁၅)နှစ်ကြည့်တဲ့ လူကပိုသာတဲ့အတွက်ကြောင့် အစိုးရအဖွဲ့အနေနဲ့ ဒီ Vision ကို ကြည့်ပြီးတော့ နောက်ဖြစ်လာမယ့် အနေအထားတွေ တွက်ပြီးတော့မှ ဘယ်လိုလုပ်သင့်သလဲ။ Industry ကြီးတွေ ဘယ်နေရာဖြစ်သင့်သလဲ။ Services ဇရိယာတွေဖြစ်တဲ့ ကျွန်တော်တို့ ကျွန်း၊ ကျွန်တော်တို့ ဒီကော့သောင်း၊ ကျွန်တော်တို့ မြိတ်ကျွန်းစုကြီးကို ကျွန်တော်တို့ ဘယ်လို Develop လုပ်သင့်သလဲ။

အဲဒီ Services နဲ့ ပတ်သက်လို့ ပြီးတော့မှ Industry တွေ ဘယ်လိုလုပ်သင့်သလဲ။ မွေးမြူရေးတွေ ဘယ်လိုလုပ်သင့်သလဲ။ စိုက်ပျိုးရေးတွေ ဘယ်လိုလုပ်သင့်သလဲ။ နောက် ကျွန်တော်တို့ရဲ့ Human Resources ဖြစ်အောင်လို့ ကျွန်တော်တို့ သင်တန်းတွေ ဘယ်လို လုပ်သင့်သလဲ ဆိုတာတော့ ဒါအစိုးရအဖွဲ့တွေကနေ ပြီးတော့ အခုအချိန်ကစပြီးတော့ မဟာဗျူဟာ စနစ်တကျနဲ့ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့အတွက်ကို တစ်ခုစီ စဥ်းစားပြီးတော့ ဖြစ်နိုင်ခြေ အရှိဆုံးဘာလဲ။ Services ကတော့ ပိုက်ဆံ အလွယ်ဆုံးပဲ။ အရင်တုန်းကဆိုရင် ကျွန်တော်တို့ဆီ ခရီးသွား(၃)သိန်းပဲလာတယ်။ အခုဆိုရင်၊ ဒီနှစ်ဆို(၁)သန်း၊ နောက်နှစ်ဆို (၂)သန်း၊ ထိုင်းတောင်မှ သန်း(၂၀)ဖြစ်သွားရင် (၁၀)သန်းကို ဝုန်းဆိုတက်လာမယ်။ အခုလို ကျွန်တော်တို့က ဟိုတယ်မရှိ၊ Infrasturcture မရှိ၊ ဘာမရှိဆိုရင်တော့ လာမယ့်လူတွေ အကုန်တွန့်ပြီးတော့ ပြန်သွားမယ့် အနေအထား ဖြစ်တဲ့အတွက်ကြောင့် ဒါအစိုးရကနေပြီးတော့ သတ္တိရှိရှိနဲ့ပေါ့၊ ခုနကလို ကျွန်တော်တို့ တံတားဦးမှာ ဖြစ်တဲ့ ပုံစံမျိုးဖြစ်တာနဲ့ တန့်ပြီးတော့ ရပ်သွားတာမျိုး မဖြစ်အောင်လို့ ဒါလယ်သမား နစ်နာသွားရင်လည်း နစ်နာတဲ့အလျောက် လယ်သမားကို အပြတ်ပေးဖို့ လိုတယ်။ နောက် လယ်သမား ကိုလည်း တွက်ကြည့်လို့ရပါတယ်။

လယ်တစ်ဧက စပါးဘယ်လောက် ထွက်သလဲ။ ဒီနှစ်မြန်မာပြည်ရဲ့ လယ်ဟာ (၆၀)(၈၀) ဒီလောက်ပဲ ထွက်တယ်။ (၆၀)နှုန်းနဲ့ ဒီကနေ့ တင်း(၁၀၀)ကို (၃)သိန်းနှုန်းနဲ့ တွက်ရင် (၁)သိန်းခွဲ၊ (၂)သိန်းပဲ ရှိတယ်။ အဲဒီတော့ (၁၀)နှစ်စာ ဒါအရင်းမပါတောင်မှ (၁၄) (၁၅)သိန်းရှိတယ်။ အဲဒီတော့ နှစ်(၅၀)အတွက် (၇၅)သိန်း ရှိတယ်။ နှစ်(၅၀)အတွက် တစ်ခုခုကိုသတ်မှတ် ဘောင်လိုင်း ပေးပြီးတော့မှ ဒီနေ့ လုပ်သင့် လုပ်ထိုက်တဲ့ Industry တွေရော၊ စက်မှုဇုန်တွေရော၊ ဟိုတယ်တွေရော ဒီနေ့လုပ်ဖို့ လိုတယ်။ အခုဆိုရင်ကျွန်တော်တို့ (၃)နှစ်လုံးလုံးဟာ စက်မှုဇုန်တွေလည်း ရပ်ထားရတယ်။ အိမ်ရာတွေလည်း ရပ်ထားရတယ်။ ခုနတုန်းက ရှိတဲ့ ဟိုတယ်တွေလည်း ရပ်ထားရတယ်။ အဲဒီတော့ ရပ်ပြီးတော့မှ ခုနက Demand တွေက များလာမယ်။ ဒီနှစ် ဒီလောက်များရင် နောက်နှစ် ဒီထက် ပိုများမယ်။ များလာတာနဲ့အမျှ လာတဲ့လူတွေ အကုန်လုံး လန်ထွက်မယ့် အနေအထားမျိုး ဖြစ်တဲ့ အတွက်ကြောင့် ဒါကိုတော့ နိုင်ငံတော်အစိုးရအနေနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးတော့ လယ်သမားကို ဘယ်လောက်အထိ ပေးနိုင်သလဲ။ ဖြေရှင်းရတော့မယ့် အနေအထား၊ သမ္မတကြီး ကလည်း ကျွန်တော် တွေ့တိုင်း တွေ့တိုင်း ပြောတိုင်းကို တိုင်းနဲ့ဒေသ မိမိအစီအစဥ် အတိုင်းလုပ်ပါ။ မိမိရဲ့ Development မိမိတာဝန်ယူပါဆိုပေမယ့် ဒီကနေ့အထိ များများစားစားလုပ်တာ မတွေ့ဘူး။ အင်းလေးမှာ တစ်ချက်လုပ်လိုက်တယ်။

ဒါပေမဲ့ အော်ကြတာနဲ့ တွန့်ဆုတ်၊ တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့ အင်းလေး ပတ်ဝန်းကျင်မှာ လည်း လုပ်နေတာတွေ့တဲ့အတွက်ကြောင့် အဲဒါမျိုးကို ပြတ်ပြတ်သားသား လုပ်ပါ။ မှန်တယ် ထင်ရင်၊ တစ်ဖက်က နစ်နာတယ်ထင်ရင်လည်း ပြတ်ပြတ်သားသား ညှိနှိုင်းပြီးတော့ နစ်နာတာ ပေးပေးပါ။

နောက်တစ်ခါ နိုင်ငံတော်က သွားမယ့်လမ်းကြောင်း အဓိက ဘယ်နိုင်ငံမဆို မြေကြီးနဲ့ပဲ လုပ်စားတယ်။ အခွန်အခနဲ့ လုပ်စားတယ်။ အဲဒီတော့ တစ်ဖက်ကနေ နိုင်ငံသားတွေကို လုပ်ခွင့်တွေပေးပါ။ ပေးပြီးတော့ နိုင်ငံသားတွေဆီက အခွန်အခတွေ ပြန်ယူပါ။ အဲဒါတွေကိုလည်း စနစ်တကျ ပြန်ပြီးတော့ နည်းဗျူဟာပြန်ချဖို့ လိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဘယ်လမ်းကို သွားမလဲ။ အိမ်နီးချင်းနိုင်ငံတွေ ဘယ်လမ်းသွားလို့ ဘယ်လိုဖြစ်ခဲ့သလဲ။ ကျွန်တော်တို့ နိုင်ငံနဲ့ အဖြစ်နိုင်ဆုံးပေ့ါလေ။

ဥပမာ - တနင်္သာရီတစ်ခုလုံးဆို နှစ်ပေါင်းများစွာ ပြောရလို့ရှိရင် KNU ဘာညာ DKBA နဲ့ မငြိမ်းချမ်းခဲ့ဘူး။ Virgin Land ဖြစ်နေတယ်။ အဲဒီအောက်မှာဆို ခဲတို့၊ ဒါ ခဲမဖြူတို့၊ ကြေး တို့ကအစ မြောက်များစွာရှိတယ်။ တစ်ချက်မှ မကိုင်ရသေးဘူး။ အဲဒါကိုလည်း ကျွန်တော်တို့ Concentrate လုပ်ဖို့လိုတယ်။ ဒါဟာ တကယ့်စက်မှုကုန်ကြမ်းတွေဟာ ကျွန်တော်တို့နိုင်ငံမှာပဲ ရှိတယ်။ ကျွန်တော်တို့က နိုင်ငံကို သူများပြောတယ်။ Rich Country မင်းတို့နိုင်ငံ သိပ်ချမ်းသာတယ်။ Poor People ကျွန်တော် မခံနိုင်ဘူး။ ဒေါပွတယ်။ ပြန်စဉ်းစားရင်လည်း ကျွန်တော်တို့နိုင်ငံ တကယ် ချမ်းသာတယ်။ ကျွန်တော်တို့ ဂျပန်ဆိုရင် Poor Country, Rich People ပိုက်ဆံချမ်းသာပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ဒီလောက်သယံဇာတတွေ ရှိတယ်။ ရေကောင်း၊ မြေကောင်းတွေရှိတယ်။ နောက်တစ်ခါ ခုနကလို၊ တနင်္သာရီလို ရှိသမျှနိုင်ငံတွေကို ကျွန်တော်တို့ အရှေ့၊ အနောက် ဖြတ်တဲ့ နေရာမှာ မြေထောက်ကြီးက ပိတ်ထည့်ထားလျက်သားနဲ့ ကျွန်တော်တို့ လုပ်မစားတတ်လို့ရှိရင် ကျွန်တော်တို့ ညံ့ရာကျတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဒီတနင်္သာရီရယ်၊ မွန်ရယ်၊ ကရင်ရယ် အဲဒီဧရိယာနဲ့ ကျွန်တော်တို့ ဘယ်လိုလုပ် လုပ်စားမလဲ။ လုပ်စားပြီးလို့ရှိရင်လည်း ဟိုဘက်ကလာတဲ့ ခုနောက်ပိုင်း ဆို ဝင်လာတော့မယ့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ အခုလုပ်ခချင်း ညီတယ်ဆိုရင် ဝင်လာမယ့် ဥစ္စာတွေ ကျွန်တော်တို့က ဘယ်လို Plan လုပ်မလဲဆိုတာ ဒီနေ့ကစပြီးတော့ စဉ်းစားပြီးတော့မှ တစ်ခုစီကို မဟာဗျူဟာမြောက် လုပ်ဖို့သင့်ကြောင်း ကျွန်တော်ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းထားတဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးတိုးတက်ရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တို့ နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ထင်ဟပ်ပြီးတော့ အပြုသဘောဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်အပိုင်းက နိုင်ငံတကာရဲ့ အသိုက်အဝိုင်းထဲကို ထိုးဖောက်ဝင်ရောက်နေပြီလို့ အားလုံး သိရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ လက်ခံမှုကိုလည်း အထိုက်အလျောက် စတင်ရရှိပြီလို့လည်း ထင်မြင်မိပါတယ်။ UNDP ရဲ့ ၂၀၁၃-၂၀၁၅ ဌာနေမူကြမ်းစီမံချက်မှာ ၂၀၁၅ မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲဟာ ပိုမိုပြည့်စုံမှုရှိတဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း ပြောင်းလဲရေးမှာ စမ်းသပ်မှုတစ်ရပ် ဖြစ်တယ်လို့ အဲဒီမူကြမ်းထဲမှာ ဖော်ပြထားပါတယ်။ ပြီးရင် လက်ရှိအလွန်နည်းပါးသော ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီတွေကို ကျွန်တော်တို့နိုင်ငံကို တိုးချဲ့ပေးအပ်ဖို့အတွက် နိုင်ငံတကာဖွံ့ဖြိုးမှု လုပ်ဖော်ကိုင်ဘက် အဖွဲ့အစည်းများကလည်း ဟန်ပြင်နေပြီလို့ ဖော်ပြပါတယ်။

အဲဒီတော့ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို ရင်းနှီးမြှုပ်နှံမှုတွေဆောင်ရွက်ဖို့ လေ့လာနေတာ၊ စတင် ဆောင်ရွက်နေတာတွေ သတင်းစာ၊ ဂျာနယ်၊ မီဒီယာအမျိုးမျိုးမှာ ဖော်ပြထားတာတွေ ဟာလည်း နိုင်ငံအတွက် ဝမ်းမြောက်စရာတော့ ဖြစ်ပါတယ်။ သို့သော် ဒီကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအနေအထား စီးပွားရေးတိုးတက်ဖို့အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မယ် ဆိုတာကို ပြန်ကြည့်လို့ရှိရင် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် (၂)ခုရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော်ပိုင်းမှာ ဝန်ကြီးဌာန (၃၀)အနက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့ ဝန်ကြီးဌာန ကျွန်တော်တို့ (၁၇)ခုရှိပါတယ်။ အဲဒီ(၁၇)ခုအနက်မှာ ဝန်ကြီးဌာန(၉)ခု၊ ဘဏ္ဍာရေး၊ စွမ်းအင်၊ သတ္တု၊ ဆက်သွယ်ရေး၊ သစ်တော အစရှိတဲ့ ဝန်ကြီးဌာန(၉)ခုဟာ ကျွန်တော်တို့ နိုင်ငံတော်မှာ (၃၅၂၁)ဘီလီယံလောက် ဒါဘတ်ဂျက် တစ်နှစ်၊ တစ်နှစ်မှာ ဒီ ၂၀၁၃-၂၀၁၄ခုနှစ်မှာ လျာထား သတ်မှတ်ထားပါတယ်။

ဒီနိုင်ငံပိုင်စီးပွားရေး ရင်းနှီးမြှုပ်နှံတဲ့ ဝန်ကြီးဌာနထဲက(၈)ခုဟာ ဘတ်ဂျက်လိုငွေပြနေတယ်။ ဒါလေးကိုကျွန်တော်ဆွေးနွေးရတဲ့ အကြောင်းကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားရေးဆိုတာ မိသားစုတစ်ခု စီးပွားရေးလိုပါပဲ။ ကိုယ့်အိမ်မှာ ဝင်ငွေဘယ်လောက်ရှိသလဲ။ ဘာတွေသုံးစွဲမလဲ။ လာမယ့်နှစ်အတွက် ဘယ်လိုတွေပြင်ဆင်မလဲ ဒီသဘောပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ လျှပ်စစ်၊ လယ်/ဆည်၊ ဆောက်လုပ်ရေး၊စက်မှု၊ ရထား၊ ပြန်ကြားရေး၊ အလုပ်သမား၊ သမဝါယမဝန်ကြီးဌာန (၈)ဌာနဟာ ကျွန်တော်တို့ (၁၄၇၆.၅)ဘီလီယံ ဘတ်ဂျက်လိုငွေ ပြနေပါတယ်။ တစ်ခါ ကျွန်တော်တို့ စီးပွားရေးမလုပ်ဘဲနဲ့ နိုင်ငံရဲ့ ပြည်သူလူထုအတွက် ဦးစီးဌာနတွေအနေနဲ့ လုပ်မယ့် ဝန်ကြီးဌာန (၁၃)ခုရဲ့ ဗဟိုအဖွဲ့အစည်းများရယ်က နှစ်စဉ်ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ မှာ (၄၃၅၅)ဘီလီယံလောက် သုံးစွဲမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကိုယ့်နိုင်ငံရဲ့ ဝင်ငွေပမာဏကိုကြည့်ရင် ကျွန်တော်တို့ ဘတ်ဂျက် တစ်နှစ်တိုင်း၊ တစ်နှစ်တိုင်းမှာ ဘီလီယံ (၄၀၀၀) လောက် ဘတ်ဂျက်လိုငွေ ပြနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ ခုနက ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသလိုပဲ သယံဇာတတွေ ပေါများကြွယ်ဝတယ်၊ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတော် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီသယံဇာတတွေကို ခေတ်အဆက်ဆက်ကနေပြီးတော့ တရားလွန်ထုတ်လုပ်မှုတွေ၊ ဆောင်ရွက်မှုတွေ၊ နိုင်ငံရဲ့ လိုအပ်ချက်အရ ဆောင်ရွက်ခဲ့တာတွေ ရှိတဲ့အတွက်ကြောင့် အဲဒီရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေလည်း ဖြစ်ပေါ်လာတာရှိပါတယ်။

အဲဒီတော့နိုင်ငံကို စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ဒီကနေ့ ကျွန်တော်တို့ ဈေးကွက် စီးပွားရေး စနစ်နဲ့အညီ ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ ကုလသမဂ္ဂရဲ့ လက်အောက်ခံအေဂျင်စီတွေ ဒီလိုအဖွဲ့ အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု တွေကို ယခင်ထက် ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ လိုမယ်လို့လည်း အကြံပြုတင်ပြလိုပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားစီမံကိန်းမှာ ကုလသမဂ္ဂ လက်အောက်ခံ အေဂျင်စီ (၃)ဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံကို အမေရိကန်ဒေါ်လာသန်းပေါင်း (၄၃၈.၁၁) ဒါ ကျွန်တော်တို့ ကူညီထောက်ပံ့ ဆောင်ရွက်မယ်လို့ သိရပါတယ်။ ၂၀၁၃ စတင်တဲ့နှစ်မှာ (၁၃၆.၀၄) ကျွန်တော်တို့ အမေရိကန် ဒေါ်လာသန်း ကူညီဖို့ရှိပါတယ်။ တစ်ခြားလူမှုရေးအဖွဲ့အစည်း INGO ဖြစ်တဲ့ (၂၁)တစ်ဖွဲ့က အမေရိကန်ဒေါ်လာ သန်း(၉၂.၄၇၄) ကူညီဆောင်ရွက်မယ်လို့ နောက်ဆက်တွဲ ၂(ဃ) မှာ အတိအလင်း ဖော်ပြထားပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတကာမှာရှိတဲ့ ကျွန်တော်တို့ နိုင်ငံမှာ အခြေစိုက်ထားတဲ့ ကုလသမဂ္ဂ အေဂျင်စီ (၁၆)ဖွဲ့နဲ့ ဒီခေါင်းစဥ်တွေအောက်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ယခုထက် ပိုမိုပြီးတော့ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ဖို့လိုမယ် လို့လည်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံကို ပြင်ပ အကူအညီပေးမယ့်နိုင်ငံ ကျွန်တော်တို့ အဖွဲ့အစည်း(၁၀)ခု ရှိပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ အမေရိကန်ဒေါ်လာ သန်းပေါင်း (၁၅၈၆.၈၁၄) ရမယ်လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခန့်မှန်းထားပါတယ်။ ၂၀၁၃ ခုနှစ် အတွင်းမှာ (၅၄၄.၉၅)သန်း ကူညီဆောင်ရွက်မယ်လို့ သိရတယ်။ ဒီကနေ့ နိုင်ငံနဲ့အဝှမ်းမှာလည်းပဲ ၎င်းအဖွဲ့အစည်းများက သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေတာတွေကို သတင်း မီဒီယာတွေမှာ ကျွန်တော်တို့ တွေ့ရှိပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံက တစ်နိုင်ငံလုံး မျှော်လင့်နေ ကြတဲ့၊ အဖွဲ့အစည်းအားလုံး မျှော်လင့်နေကြတာ ပြင်ပရင်းနှီးမြှုပ်နှံမှု (Investment) ဖြစ်ပါတယ်။ အဲဒီတော့ ပြင်ပရင်းနှီးမြှုပ်နှံမှုဆိုတာ အင်မတန်မှ ဖိတ်ခေါ်ဖို့လည်း ကောင်းသလို သတိထားဖို့လည်း ကောင်းတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

ရင်းနှီးမြှုပ်နှံသူနဲ့ ကျွန်တော်တို့ အစိုးရကြား ပြုလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ သဘောတူ ညီချက်တွေ၊ အပေးအယူတွေက ကျွန်တော်တို့ ပွင့်လင်းမြင်သာမှု ရှိဖို့လိုပါတယ်။ စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက် (Regulation) တွေ ရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဘက်က ကြိုတင် ပြင်ဆင်မှု အားနည်းရင် သယံဇာတ ဆုံးရှုံးမှုတွေ၊ ဘေးထွက်ဆိုးကျိုးတွေကို ကျွန်တော်တို့ အစိုးရနဲ့ ပြည်သူလူထုပဲ ခံစားရမှာဖြစ်တယ်လို့ ဒါလေးကို နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုမှာ ထည့်သွင်း စဥ်းစားဆောင်ရွက်ဖို့ လိုပါတယ်။ စီးပွားရေးတိုးတက် အောင်လုပ်တဲ့နေရာမှာ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေး၊ ယဥ်ကျေးမှုတန်ဖိုး၊ သဘာဝပတ်ဝန်းကျင်ကောင်း၊ စီမံအုပ်ချုပ်မှုကောင်းတွေကိုပါ ထည့်သွင်း စဥ်းစားဆောင်ရွက်ဖို့လိုမယ်လို့ ကျွန်တော်တို့ အကြံပြု တိုက်တွန်းလိုပါတယ်။

အဲဒီတော့ စီးပွားရေးဆိုတဲ့နေရာမှာ စီးပွားရေးကျဆင်းတယ်ဆိုရင် ကျွန်တော်တို့ ဒါ ဆင်းရဲနွမ်းပါးတယ်လို့ ခေါ်ပါတယ်။ စီးပွားရေး ကျဆင်းခြင်းနဲ့အတူ တိုက်ရိုက် အချိုးကျတာကတော့ ဆင်းရဲနွမ်းပါးမှုပဲ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ တစ်မျိုးသားလုံးရဲ့ ပြည်တွင်းထုတ်ကုန် GDP ရဲ့ (၄)ရာခိုင်နှုန်းကို ပြည်သူတွေရဲ့ လူမှုရေးကဏ္ဍတွေ၊ ပြည်သူ့ရေးရာကိစ္စတွေမှာ အသုံးပြု

လျက်ရှိပါတယ်။ အင်မတန်မှ နည်းပါးတဲ့ သုံးစွဲတဲ့ ဘတ်ဂျက်ဖြစ်သော်လည်းပဲ ဘတ်ဂျက်လိုငွေပြမှု များတဲ့အခါမှာ ဒီကိစ္စတွေ လျှော့ရမယ်။ ပြည်သူတွေရဲ့ ပြည်သူ့ရေးရာကိစ္စတွေ အသုံးမြှင့်တင်လိုက်တာနဲ့ အစိုးရရဲ့ ဘတ်ဂျက်လိုငွေ ပမာဏကလည်း ကြီးမားနေပါတယ်။ ဒီ သံသရာကို ကျွန်တော်တို့ လည်နေပါတယ်။ ပညာရှင်တွေ လေ့လာထားချက်ကို ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့အတွက် စီးပွားရေးကျဆင်းရတဲ့ အကြောင်းအရင်း(၇)ရပ်ကို ကျွန်တော် ရှာဖွေဖော်ထုတ်ထားပါတယ်။

ဒီ စီးပွားရေးကျဆင်းရတဲ့ အကြောင်းအရင်း(၇)ရပ်ကို ဆန့်ကျင်ဘက် ပြန်စဥ်းစားမယ်ဆိုရင် နိုင်ငံရဲ့ စီးပွားရေးတိုးတက်ရမယ့်အကြောင်းလို့ ကျွန်တော် ခံယူပါတယ်။ အဲဒီတော့ နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးကျဆင်းရတဲ့ အကြောင်းတွေသိဖို့ဆိုရင် အခြေခံကျတဲ့ ဖွံ့ဖြိုးမှုများမရှိခြင်း၊ ခုနက ကျွန်တော်တို့ အထက်က ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးခဲ့တဲ့ Infarstructure ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နည်းပညာဆက်သွယ်ရေး၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးစနစ်၊ မြေယာပိုင်ဆိုင်မှုစတဲ့ ဥပဒေတွေ၊ အကန့်အသတ်တွေ၊ စနစ်တကျ တည်ဆောက် ဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ဒီ ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ Mobile Phone အသုံးပြုတာဆိုရင် ကျွန်တော်တို့ ထိုင်း၊ အင်ဒို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ (၆) နိုင်ငံမှာ ကျွန်တော်တို့မြန်မာနိုင်ငံက နံပါတ်(၆)အဆင့် ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်တောင်မှ ကျွန်တော်တို့ရဲ့ အထက်မှာသာရှိတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံဟာ လူ(၁၀၀)မှာ Mobile တစ်လုံးပဲ သုံးနိုင်တဲ့အနေအထားပါ။ ဒီကနေ့တော့ ဆက်သွယ်ရေး ကနေပြီးတော့ တန်ဖိုးနည်း Mobile Phone တွေကိုလည်း နိုင်ငံတစ်နံတစ်လျား စတင်ဆောင်ရွက်လာပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို ဆက်သွယ်ရေးစနစ် နောက်ကျရခြင်းဟာ ဆင်းရဲခြင်းရဲ့ ရလဒ်မဟုတ်ပါဘူး။ ဆင်းရဲတဲ့ အကြောင်းတရား ဖြစ်ပါတယ်။ ဒီလို ဆက်သွယ်ရေးစနစ်တွေ မကောင်းမွန်တဲ့အတွက်ကြောင့် ဈေးကွက်သိရှိတာတွေ၊ နည်းပညာတွေ တစ်နယ်နဲ့တစ်နယ် ဆက်သွယ်ဆောင်ရွက်တာတွေ အားနည်းတဲ့အတွက်ကြောင့် ဒါကျွန်တော်တို့နိုင်ငံရဲ့ ခုနက ဆင်းရဲတဲ့ အကြောင်းတရားထဲမှာ ဒီဟာတစ်ခု ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ Geographical Limitation ပထဝီအနေအထား အကန့်အသတ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားတွေမှာ ရာသီဥတု ဖောက်ပြန်မှု၊ ဒီ ရာသီဥတု ဘေးအန္တရာယ်တွေကို တုံ့ပြန်ကာကွယ်နိုင်တဲ့စနစ် အားနည်းခဲ့ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အိမ်နီးချင်း အင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်ကြားမှာ သယံဇာတ လိုအပ်ချက် အလွန်များနေတဲ့ နိုင်ငံကြီး(၂)ခု ရဲ့ ကြားမှာ နေတဲ့အတွက်ကြောင့် ဒီနိုင်ငံတွေရဲ့ သယံဇာတ ရှာဖွေရေး မူဝါဒတွေဟာ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေရဲ့ စီးပွားရေးအပေါ်မှာ များစွာပြောင်းလဲနိုင်တာတွေ ဖြစ်တယ်ဆိုတာကိုလည်း သိရှိပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ဒီ သဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်နိုင်တဲ့ အဆင့်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံပေါင်း (၂၀၀)ထဲမှာ အဆင့်(၂)၊ ဒုတိယအဆင့်မှာ ရှိပါတယ်။ ကျွန်တော်တို့အောက်မှာ

ဘင်္ဂလားဒေ့ရှ် တစ်နိုင်ငံပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လေ့လာချက်တွေအရ သိရှိရတာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ Human Development လို့ခေါ်တဲ့ ပြည်သူ့စွမ်းဆောင်ရည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ခုနက ကျွန်တော့်အထက်က ဒေါက်တာခင်ရွှေ ဆွေးနွေးသွားသလို တစ်ဦးစီရဲ့ စွမ်းဆောင်မှု၊ ကျွမ်းကျင်မှု ပညာအရည်အချင်းတွေ၊ ဒါ နိမ့်ကျနေတာတွေ ဒါတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဒါတွေ တည်ဆောက်ဖို့ လိုပါမယ်။ ကျွန်တော်တို့ နိုင်ငံမှာ စာကြည့်တိုက်တွေမှာ အများပြည်သူသုံးတဲ့ စာဖတ်တဲ့နှုန်း အများဆုံးနဲ့ အနည်းဆုံးနိုင်ငံ နံပါတ်(၁)ကနေ (၁၀)အတွင်းမှာဆိုရင် ဖင်လန်၊ ဒိန်းမတ်နဲ့ နယ်သာလန် စတဲ့ နိုင်ငံတွေရှိတယ်။ နောက်ပိုင်း (၁၉၁)ကနေ (၂၀၀)ထဲမှာ ကျွန်တော်တို့နိုင်ငံဟာ (၁၉၈)အဆင့်မှာ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့အောက်မှာ ရော်ပါနာ ဆိုတဲ့ နိုင်ငံ တစ်ခုနှစ်ခုပဲ ကျန်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူလူထုရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကလည်း ဒီ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့အချက်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး လိုပါတယ်။

နောက်နံပါတ်(၄)ကတော့ ကျွန်တော်တို့ Government လို့ခေါ်တဲ့ အုပ်ချုပ်မှုစနစ်၊ အုပ်ချုပ်မှုစနစ်၊ စနစ်ကျတဲ့ဥပဒေတွေ၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်မှု၊ ကျွန်တော်တို့ အာမခံနိုင်မှုတွေ၊ စီမံအုပ်ချုပ်မှု ကောင်းမွန်တဲ့စနစ်တွေရှိဖို့လိုတယ်လို့ ဆိုထားပါတယ်၊ ပညာရှင်တွေက။ အုပ်ချုပ်မှုစနစ်နဲ့ တိုင်းပြည်စီးပွားရေးတိုးတက်မှုကလည်း တိုက်ရိုက် အချိုးကျတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ ခုန သယံဇာတတွေပေါတယ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကလည်း ရောက်လာပြီ၊ ဖွံ့ဖြိုးတိုးတက်မှု ပြုပြီဆိုသော်လည်းပဲ ဒီကနေ့ ကုလသမဂ္ဂရဲ့ လူသားအညွှန်းကိန်းမှာ ကျွန်တော်တို့နိုင်ငံဟာ အဆင့်(၁၄၉)မှာရပ်တည်လျက်ရှိပါတယ်။ ကျွန်တော်တို့ လာအို၊ ကမ္ဘောဒီးယားလို အိမ်နီးချင်းနိုင်ငံတွေက ကျွန်တော်တို့ရဲ့ အထက်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ စီးပွားရေးစီမံခန့်ခွဲမှု (Economic Management) ပေါ့။ ဒီအချက်ကလည်း တိုင်းပြည်ရဲ့ ဒါ စီးပွားရေးကျဆင်းခြင်း၊ ဆင်းရဲမွဲတေမှု ဖြစ်ရတဲ့ အကြောင်းအရင်းတစ်ခု ဖြစ်ပါတယ်။ ဒီ စီမံခန့်ခွဲမှုမှာ ငွေကြေးဆိုင်ရာ မူဝါဒတွေ၊ အခွန်ကောက်တဲ့ မူဝါဒတွေ၊ ငွေလဲတဲ့စနစ်တွေ၊ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီဟာတွေကို ဖော်ဆောင်နိုင်တဲ့ Infrastructure တွေ အားနည်းပါတယ်။ စနစ်တကျ အခွန် စည်းကြပ်နိုင်မှု၊ အခွန်ရဲ့ ကျယ်ပြန့်မျှတတဲ့ ခြုံငုံတဲ့ အခွန်စနစ် ကင်းမဲ့တဲ့အခါမှာ ကျွန်တော်တို့ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ဆင်းရဲသား ပြည်သူလူထုဟာ အိုးအိမ်နေရာ လိပ်စာတောင်မရှိတဲ့ အခါကျတော့ ခုနက ခေတ်နဲ့အညီ ပေါ်ပေါက်လာတဲ့ စီးပွားရေးစနစ်ထဲကို ဝင်ရောက်ဖို့ အင်မတန် အလှမ်းဝေးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေး အသုံးစရိတ်တွေ၊ ပညာရေး အသုံးစရိတ်တွေ လေ့လာလိုက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ ပညာရေးအသုံးစရိတ်နဲ့ ပတ်သက်ရင် နိုင်ငံပေါင်း(၂၀၀)မှာ ကျွန်တော်တို့ အဆင့်(၁၉၉)မှာ ရပ်တည်နေပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေး အသုံးစရိတ်တွေဆိုရင်လည်း အင်ဒို၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ တာဂျစ်ကစ္စတန်၊ ကမ္ဘောဒီးယား၊ နီပေါ၊ ပါကစ္စတန်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်ပြီးရင် ကျွန်တော်တို့ မြန်မာဟာ နိမ့်ကျတဲ့အဆင့် ရောက်ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံနဲ့ နိုင်ငံသားတွေဟာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး ပါဝင်တဲ့၊ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ ပြည်တွင်း ပြည့်အင်အားဟာ ပြည်တွင်းမှာ ရှိတယ်ဆိုတဲ့ ကျွန်တော်တို့ ယခင်က လက်ခံထားကြတဲ့ မူဝါဒအပေါ်မှာ ရပ်တည်ပြီးတော့ ဒီနေ့ နိုင်ငံတော် စီးပွားရေး ပြန်လည်နာလန်ထူဖို့၊ တိုးတက်ဖို့ဆိုရင် ပုဂ္ဂလိကပိုင်း၊ နိုင်ငံတော်အစိုးရပိုင်း၊ စီးပွားရေး လုပ်ငန်းရှင်တွေကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ဒီ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ပူးပေါင်း ဆောင်ရွက်ဖို့ လိုမယ်လို့ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်ဒေသမှာ လူဦးရေ (၇၀)ရာခိုင်နှုန်း ရှိတယ်။ ကျေးလက်ဒေသ ပုဂ္ဂိုလ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဦးစားပေး ဆောင်ရွက်နေတဲ့အခါမှာ ကျွန်တော်တို့ မြို့ပေါ်မှာလည်းပဲ၊ မြို့နေလူတန်းစားမှာ ဒီကနေ့ အလုပ်လက်မဲ့ ပြဿနာ၊ အလုပ်အကိုင် ရှားပါးတဲ့ ပြဿနာ၊ လုပ်ခလစာ မျှတမှုမရှိတဲ့ လုပ်ငန်းတွေ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ပျံ့နှံ့လျက် ရှိပါတယ်။ ပညာသင်ကြားတဲ့ အရွယ်လွန်တာနဲ့ အလုပ်ကိုင်ဝင်တဲ့ စပ်ကူးမတ်ကူးကြားမှာ အလုပ်လက်မဲ့ ဖြစ်နေတဲ့ ထုထည်ဟာလည်း တစ်နှစ်ထက်တစ်နှစ် ကြီးထွားလာတာကိုလည်း ကျွန်တော်တို့ ဒီထဲမှာ ဂရုပြုဖို့လိုမယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ ကျွန်တော်တို့ အစိုးရပိုင်းမှာလည်းပဲ ကျွန်တော်တို့ ဝန်ထမ်းများနဲ့ ပတ်သက်လို့ မိမိတို့ရဲ့ စီးပွားရေးဆောင်ရွက်သလို၊ မိမိနိုင်ငံရဲ့ စီးပွားရေး၊ မိမိနိုင်ငံသားတို့ရဲ့ စီးပွားရေးကို တိုးတက်အောင် ပိုမိုဆောင်ရွက်ဖို့လည်း ကျွန်တော် ဒီနေရာကနေ တိုက်တွန်းလိုပါတယ်။ ဥပမာအားဖြင့် မီးမောင်းထိုးပြရင် ကျွန်တော်တို့ နိုင်ငံမှာ ဒီနေ့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနက (၂၀၂၂)ဘီလီယံ နှစ်စဉ် ကျွန်တော်တို့ ဒါ ဝင်ငွေရှိပါတယ်။ အသားတင် ပိုငွေပေါ့၊ စွမ်းအင်ဝန်ကြီးဌာနက (၁၁၆၄)၊ ကျွန်တော်တို့ အားထားနေတဲ့ သတ္တုသယံဇာတ၊ သတ္တုတွင်းဝန်ကြီးဌာနက (၁၄၄)ဘီလီယံလောက်ပဲ အသားတင်ပိုငွေ ရှိပါတယ်။ အဲဒီတော့ ဒါမျိုးဆိုရင် ကျွန်တော်တို့ ဒီထက်ပိုမိုရရှိဖို့ ခုနက ဦးနေဝင်းထွန်း ဆွေးနွေးသလို ဒါ နိုင်ငံတော်က လိုအပ်တဲ့ အစီအမံတွေ ချမှတ်ဖို့လိုမယ်။

နောက် ဟိုတယ်နဲ့ ခရီးကတော့ ကျွန်တော်တို့ (၂၄)ဘီလီယံလောက်ဝင်ပါတယ်။ အဲဒီတော့ ဒါကို ခုန မြှင့်တင်လိုက်မယ် Eco Tourism အဆင့် ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ်ဆိုရင် နောက်ထပ် သူ့ထက် တစ်ဝက်လောက် တက်ရင်တောင်မှ ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးက အဆင်ပြေရုံပဲရှိမယ်လို့ ဆွေးနွေးလိုပါတယ်။ အဓိက ကျွန်တော်တို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ (၅)ဘီလီယံပဲ ရှိပါတယ်။ အဲဒီတော့ ဒီကနေ့ ကုန်သွယ်ရေးဆိုတာ အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကုန်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပို့ကုန်တွေများပြီးတော့ သွင်းကုန်တွေနည်းနိုင်မှ ကျွန်တော်တို့ စီးပွားရေး အဆင်ပြေတယ်လို့ ကုန်သွယ်ရေးမူဝါဒအရ ဒီအတိုင်းပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက ခုနက Food Industry ပေါ့။ Production ဘာလုပ်နိုင်လဲ။ ကျွန်တော်တို့ ခုန အထက်က ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေပြောသွားသလို ကိုယ့်နိုင်ငံက ထွက်တဲ့ သစ်သီးသစ်ဖုပဲ ဖြစ်ဖြစ်၊ စက်မှုကုန်ကြမ်းဖြစ်ဖြစ် ကျွန်တော်တို့ ဒီလို ထုတ်လုပ်မှုတွေ များများလုပ်ပြီးတော့ ပြည်ပက သွင်းမယ့်ကုန်ပစ္စည်းတွေ လျှော့သွင်းရင်တော့ ကျွန်တော်တို့နိုင်ငံက ပိုမိုပြီးတော့ စီးပွားရေးနာလန်ထူလာမယ်လို့ အကြံပြု ဆွေးနွေးလိုပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုတာကတော့ ကျွန်တော်တို့နိုင်ငံကို ဆင်းရဲတဲ့နိုင်ငံ ခုန အချက်တွေနဲ့ နိမ့်ကျနေတဲ့နိုင်ငံလို့ ကမ္ဘာက မှတ်တမ်းတင်ထားတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဒီနေ့ လွှတ်တော်၊ ပါတီ၊ အစိုးရ၊ လုပ်ငန်းရှင် အားလုံးဟာ ကျွန်တော်တို့ နိုင်ငံချစ်စိတ်၊ နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ရှေးရှုပြီးတော့ စွမ်းစွမ်းတမံ ဝိုင်းဝန်းကူညီဆောင်ရွက်ဖို့လို့ အချိန်တန်ပြီလို့ တင်ပြရင်းနဲ့ ကျွန်တော့် ဆွေးနွေးချက်ကို နိဂုံးချုပ်ရင်းနဲ့ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဒေါက်တာဒေါ်ခင်စန်းရီ (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီးတော့ ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ ဖြည့်စွက်ဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးရဲ့ အချက်အလက်တွေဟာလည်း တော်တော်လေး ပြည့်ပြည့်စုံစုံ ရှိပါတယ်။ ကျွန်မအနေနဲ့ကတော့ ထပ်မံဖြည့်စွက်ဆွေးနွေးဖို့ပဲ ရှိပါတယ်ရှင်။ ဒီ နိုင်ငံတော်အနေနဲ့ စီးပွားရေးမူဝါဒတွေချမှတ်ပါတယ်။ ပြီးတော့ မဟာဗျူဟာ၊ နည်းဗျူဟာ စီမံကိန်းတွေချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။

ဒီ ၂၀၁၁ ခုနှစ်ကနေစပြီးတော့မှ စီးပွားရေးရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ ချမှတ်ဆောင်ရွက်တဲ့ ရည်မှန်းချက် အဓိက (၃)ချက်ကတော့ နံပါတ်(၁)က စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီးလို့ ပြောတဲ့အတွက် ကျွန်မတို့ဟာ စိုက်ပျိုးရေးကဏ္ဍကို မျက်ခြေမပြတ်၊ စဉ်ဆက်မပြတ် ဒီ အင်္ဂလိပ်စာလုံးနဲ့ သုံးနှုန်းမယ်ဆိုရင် Sustainable Development ရအောင် ဆက်ပြီးတော့ တက်နေအောင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြီးရင် စက်မှုနိုင်ငံ ထူထောင်ဖို့ ဖြစ်ပါတယ်။ ဒါ နံပါတ်(၁) အချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများအကြား အချိုးကျ မျှတစွာ တိုးတက်ရေး ဖြစ်တဲ့အတွက် ဒီ ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုနဲ့တစ်ခု မတူပါဘူး။ ဒါပေမယ့် အချိုးကျမျှတစွာ တိုးတက်ဖို့အတွက် မူဝါဒတွေ၊ စီမံကိန်းတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက် လျက်ရှိပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ပြည်သူလူထုတစ်ရပ်လုံး ခံစားနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေရန်ဆိုတဲ့ ဒီ ရည်မှန်းချက်မူဝါဒနဲ့ ကျွန်မတို့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူတွေရဲ့ စားဝတ်နေရေး အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ ပြည်သူ့ဘဝလုံခြုံမှုနဲ့ လူမှုစီးပွားတိုးတက်မှုတို့အတွက် ပြည်သူ့ဗဟိုပြု စီးပွားရေးမူဝါဒများ

ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကာလတို တစ်နှစ်စီမံကိန်း ပထမကာလ(၅)နှစ်ကာလ စီမံကိန်း ၂၀၁၁-၂၀၁၂၊ ၂၀၁၅-၂၀၁၆ ထိ စီမံကိန်းရေးဆွဲထားပါတယ်။ ဒါ့အပြင် ကာလရှည် နှစ်(၂၀)စီမံကိန်း အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ အထိကိုလည်း ရေးဆွဲပြီး မကြာခင် ကျွန်မတို့ လွှတ်တော်ကို တင်နိုင်အောင် စီစဉ်လျက်ရှိပါတယ်ရှင်။ ဒီလိုလုပ်နေတဲ့ ကာလ အတွင်းမှာ ကျွန်မတို့ ဒီ ကာလတိုမှာ ဘာဆောင်ရွက်နေသလဲဆိုရင် စီးပွားရေးနှင့် လူမှုရေး ပြုပြင် ပြောင်းလဲမှုအတွက် မူဘောင်(၁၀)ချက် ချမှတ်ပြီးတော့မှ ကျွန်မတို့ ဆောင်ရွက်လျက်ရှိပါတယ်။

ပထမဆုံး အချက်ကတော့ ဘဏ္ဍာရေးနဲ့ အခွန်စနစ်ပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်။ ဒုတိယ ကတော့ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဖြစ်ပါတယ်။ တတိယကတော့ ကုန်သွယ်မှုနဲ့ ရင်းနှီး မြှုပ်နှံမှုများ ဖြေလျှော့ဖို့ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အရေးအကြီးဆုံးလည်း ဖြစ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ချက်များဆိုတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဖြစ်ပါတယ်။ နောက်တစ်ချက်က စားနပ်ရိက္ခာ ဖူလုံမှုနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ဒါနဲ့ တစ်ပြိုင်နက်ပဲ ကောင်းမွန်သော အစိုးရစနစ်နဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ အစိုးရဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစ်စိုက် ဆောင်ရွက်သွားဖို့ ဒီ (၅)စီမံကိန်းမှာရော နှစ်(၂၀)စီမံကိန်းမှာရော ထည့်သွင်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်ဖို့အတွက် Administration လို့ခေါ်တဲ့ ထိရောက်ထက်မြက်တဲ့ အုပ်ချုပ်မှုစနစ် ဖြစ်ပေါ် လာရေးအတွက်လည်း ပြုပြင်ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမှာ အလျဉ်းသင့်လို့ ကျွန်မ ဒီ စီးပွားရေး စီမံကိန်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ဒီ အချက်အလက်တချို့ကို တင်ပြပါရစေ။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ထုတ် လုပ်မှု တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများရေး၊ လွတ်လပ်သော ဈေးကွက်နဲ့ ဈေးနှုန်းများတည်ငြိမ်ရေး၊ ပြည်ပကုန်သွယ်မှု အဆင်ပြေချောမွေ့ရေးတို့အတွက် မူဝါဒများ ချမှတ်ပြီး တော့မှ ပြည်ပအရင်းအနှီးစီးဝင်လာဖို့၊ နည်းပညာနဲ့ အတတ်ပညာများ ရရှိရေးတွေကို လွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြသွားတဲ့အတိုင်း အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့မှ အာဆီယံစီးပွားရေး အသိုက်အမြုံ ၂၀၁၅ ခုနှစ်မှာ တစ်ခုတည်း သောဈေးကွက်နဲ့ ထုတ်လုပ်မှုအခြေခံဒေသတွေမှာ ပါဝင်လာမှာ ဖြစ်တဲ့အတွက်၊ ကျွမ်းကျင် လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့မှုများ ဖြစ်ပေါ်လာမှာ ဖြစ်တဲ့အတွက် လုပ်သားဈေးကွက်မှာ ပြည်တွင်းလုပ်ငန်းရှင်များ ရပ်တည်ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမယ့် ဒီ လုပ်ငန်းများ လိုအပ်ချက်နဲ့ ကိုက်ညီမယ့် ကျွမ်းကျင် လုပ်သားများ ပေါ်ထွက်လာရေးအတွက် ဒီ အရည်အချင်းပြည့်မီတဲ့ လုပ်သားထုကို စုစည်းနိုင်ဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မအနေနဲ့လည်း ထောက်ခံပါတယ်။

ဒီ လုပ်သားတွေအနေနဲ့မှာ အဆင့်ဆင့်ရှိပါတယ်။ အဆင့်မြင့် အရာရှိဝန်ထမ်းတွေ၊ အလယ်အလတ်အဆင့်ဝန်ထမ်းတွေ ကျွမ်းကျင်တဲ့ဝန်ထမ်းများ စသည်ဖြင့်အဆင့်တိုင်းမှာ ကျွမ်းကျင်ဖို့ လိုသလို အလုပ်လုပ်နိုင်တဲ့ အရည်အချင်း၊ အလုပ်ခန့်နိုင်တဲ့ အရည်အချင်းရှိမှသာလျှင် ကျွန်မတို့ဟာ ဒီ အလုပ်အကိုင်အခွင့်အလမ်းတွေရှိမှာ ဖြစ်တဲ့အတွက် ဒီလို အရည်အချင်းရှိတဲ့ ဒီ ဝန်ထမ်းတွေ

မွေးထုတ်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်များ၊ သင်တန်းကျောင်းများအပြင် Vocational Training အသက်မွေး ပညာသင်ကျောင်းများ ဖွင့်လှစ်ပေးပြီးတော့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒါ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်သားများရဲ့ ကျွမ်းကျင်မှု အရည်အသွေးကို စံသတ်မှတ်ပြီးမှ အသိအမှတ်ပြုပေးမယ့် National Qualification Frame Work တစ်ခု သတ်မှတ်နိုင်ရေးအတွက်လည်း အာဆီယံဒေသတွင်းနိုင်ငံများနဲ့ လည်းကောင်း၊ နိုင်ငံတကာနဲ့ အဆင့်အတန်း တူညီစေဖို့အတွက်လည်းကောင်း ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်တယ်ရှင်။

တစ်ဖက်မှာလည်း အလုပ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ လည်းကောင်း၊ အလုပ်ရှင်နဲ့ အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းဖို့အတွက်လည်းကောင်း အလုပ်ရှင်နှင့် အလုပ်သမားကြား အငြင်းပွားမှုများ ဖြေရှင်းပေး နိုင်ရေးအတွက် ကျွန်မတို့ ၂၀၁၁ ခုနှစ်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ ၂၀၁၂ ခုနှစ်မှာ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ လူမှုဖူလုံရေး ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေများအား အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်ရှင်။ ပြီးတော့ ဆက်လက် ထုတ်ပြန်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

တဖန် ကုန်သွယ်မှုကဏ္ဍကို ကြည့်မယ်ဆိုရင်တော့ ကုန်သွယ်ရေးမူဝါဒ(၅)ရပ်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျရေးဆွဲ အကောင်အထည် ဖော်ရေး၊ ပို့ကုန်တိုးချဲ့ မြှင့်တင်ရေး ဆောင်ရွက်ရန် ကုန်သွယ်မှုလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ဒေသတွင်းနိုင်ငံများနဲ့သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှုများ တိုးချဲ့ရေး၊ ကုန်သွယ်မှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး တို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်လျက် ရှိပါတယ်။

ပို့ကုန်ကို ဦးတည်တဲ့ စက်မှုဈေးကွက်ရရှိဖို့အတွက် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ကုန်သွယ်မှု နည်းဗျူဟာများကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပြီးတော့မှ အဓိကအားဖြင့် နိုင်ငံရဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် လုပ်သားအင်အား အခြေပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်ကို ဦးတည်တဲ့ စက်မှုဈေးကွက်အတွက် ကုန်ထုတ်လုပ်မှု (Value Added) လုပ်ငန်းများ ရရှိရန်နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပို့ကုန်ဟာ အခြေခံထုတ်ကုန်အပေါ်မှာ မှီခိုနေပြီးတော့ သယံဇာတကုန်ကြမ်း၊ တွင်းထွက်ပစ္စည်းများနဲ့ စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်းများကိုသာ အများဆုံး တင်ပို့လျက်ရှိပါတယ်။ ဒီထုတ်ကုန်ဈေးကွက် ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့ ကြိုးပမ်းနေသော်လည်းပဲ ဒီလွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြသွားတဲ့အတိုင်း လူသားအရင်းအမြစ်စွမ်းရည်၊ ခေတ်မီ နည်းပညာ၊ ငွေကြေးအရင်းအနှီး လိုအပ်ချက် များစွာရှိနေသေးတဲ့အတွက် သဘာဝအရင်းအမြစ်များ အရည်အသွေးမြင့်၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အခွင့်အလမ်းလည်း နည်းပါးခဲ့တဲ့အတွက် လယ်ယာလုပ်ငန်း

ထုတ်ကုန်များနဲ့ စပ်ဆက် နေသော စက်မှုလုပ်ငန်းများကို ကာလတိုမှာ ဒါ အားပေးလုပ်ကိုင်နိုင်ခြင်း၊ SME အသေးစား၊ အလတ်စား လုပ်ငန်းများ တိုးတက်ရေးအတွက် ပံ့ပိုးပေးခြင်း၊ နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးခြင်း၊ နိုင်ငံခြားနှင့် တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုကို အားပေးခြင်းနဲ့ စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းစတဲ့ဟာတွေကို ကာလတိုမှာ ကျွန်မတို့ ဒီဆောင်ရွက်နေပြီး တော့မှ ကာလရှည်မှာတော့ ဒီ Value Added ဒီ တန်ဖိုးမြင့် ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ နည်းပညာမြင့်မားတဲ့ စက်မှုကဏ္ဍကိုသွားဖို့အတွက် ဒါဟာ စီမံကိန်းတွေလည်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပကုန်သွယ်မှုနဲ့ ပတ်သက်ပြီး ဒါ ဈေးကွက်ရရှိရေး၊ ဈေးကွက်ယှဉ်ပြိုင် နိုင်စွမ်းရှိရေးနဲ့ နိုင်ငံတကာဈေးကွက်အမြင် ရှိရေးတို့အတွက် ဧပြီလ ၂၀၁၃ ကနေစပြီးတော့ မြန်မာနိုင်ငံနဲ့ စီးပွားရေးဆက်သွယ်မှု အများဆုံး ဒီဆက်သွယ်လုပ်ကိုင်တဲ့ စီးပွားဖက် (၁၀)နိုင်ငံမှာ စီးပွားရေးသံမှူးများကို သက်ဆိုင်ရာ သံရုံးများမှာ ခန့်ထားပြီးဖြစ်ပါတယ်။ ဒီ ဆက်လက်တိုးချဲ့ ခန့်သွားဖို့လည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက်ဒီ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုစီးဝင်ဖို့အတွက်လည်း ဒါ ကျွန်မတို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှာ လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာလည်းကောင်း ဒါ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ လုပ်သားအင်အား အခြေပြုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုကို ကာလတိုမှာ အားပေးမြှင့်တင်ဖို့ နည်းဗျူဟာတွေ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကာလရှည်အတွက်တော့ ဒီ တကယ့် အဆင်မြင့်နည်းပညာ စက်မှုလုပ်ငန်းအထိ မျှော်မှန်းရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ဖို့စီစဉ်လျက်ရှိပါတယ်။ လယ်ယာထွက်ကုန်၊ ပို့ကုန် ဦးစားပေး ထုတ်လုပ်မှုများ ပြုလုပ်ဖို့အတွက်၊ နောက်တစ်ခါ ဈေးကွက် ယှဉ်ပြိုင်နိုင်ဖို့အတွက် ဈေးကွက်ရှာဖွေဖို့အတွက်လည်း နည်းဗျူဟာများ ရှာဖွေဆောင်ရွက်လျက် ရှိပါတယ်။ စက်မှုဖွံ့ဖြိုး တိုးတက်ရေးမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကို ပိုမိုအားပေးဖို့အတွက်လည်း ဆောင်ရွက် လျက် ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင်ရရှိရေး၊ အလုပ်အကိုင် ရနိုင်တဲ့ အရည်အချင်းရှိရေးတို့အတွက်လည်း ကျွန်မတို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာ နောက် အရေးအကြီးဆုံးဖြစ်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြောသွားတဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်ရရှိရေး၊ ဒီ ဆက်သွယ်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွေ ကိုလည်း ဒါ ဦးစားပေးအဆင့်အနေနဲ့ သတ်မှတ်ပြီးတော့မှ ကျွန်မတို့ ဆောင်ရွက်ပါတယ်။ အဲဒီမှာ အရေးအကြီးဆုံးကတော့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပြီးတော့ ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှု တိုးတက်လာအောင် လိုအပ်တဲ့ စီးပွားရေးပတ်ဝန်းကျင် ဒီရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နိုင်တဲ့ စီးပွားရေးပတ်ဝန်းကျင် ဖြစ်အောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း မူဝါဒနဲ့အညီ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် စီးပွားရေး တိုးတက်စေရန် ခိုင်မာသော နည်းဗျူဟာများဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၇)၊ ကန့်ကွက်(၁)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို (၁၃း၀၇)နာရီအချိန်တွင် ရပ်နားပါသည်။]